# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၅၀) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀) ရက် မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | (က) ထိုင်း-မြန်မာ နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများအား မည်သို့ကူညီပေးမည်၊ ကူညီ ဆောင်ရွက်ထားရှိသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၇ | (ခ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန၏ ကောက်ခံငွေကြေး သတ်မှတ်နှုန်းထားတို့မှာ ခေတ်နှင့်လျော်ညီမှု မရှိတော့ပါသဖြင့် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၈ | (ဂ) ဒဂုံမြို့သစ်(မြောက်ပိုင်း) ရှိ မြေကွက်များကို မည်သည့်မူအားဖြင့် ချပေးနေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၉ | (ဃ) စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၃၉ ပါ သက်ဆိုင်ရာ တာဝန်ခံဝန်ကြီးဌာနက ဆောင်ရွက်ရမည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ထုတ်ပြန် ဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၁၀ | (င) ကျွန်းကလေးတံတား နေရာတွင် နှစ်လမ်းသွား သံကူကွန်ကရစ် တံတားဖြင့် အစားထိုးတည်ဆောက်ပေးရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တွင် လျာထားသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |

| | | |
|---|---|---|
| ၁၁ | (စ) တွံတေးတူးမြောင်းကို ဖြတ်ကျော်မည့် နောက်ထပ် မြစ်ကူး တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၇ |
| ၁၂ | ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း | ၃၂ |
| ၁၃ | ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က တင်သွင်းသော အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း | ၆၅ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၁) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၇၂ |

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး**

**(၅၀)ရက်မြောက်နေ့ အစီအစဉ်**

**[ ၂၄-၈-၂၀၁၇ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိန်ဗိုလ်၊ မြဝတီ မဲဆန္ဒနယ်၏ **ထိုင်း-မြန်မာ နယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများအား မည်သို့ ကူညီပေးမည်၊ ကူညီဆောင်ရွက်ထားရှိသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၏ **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာန၏ ကောက်ခံငွေကြေး သတ်မှတ်နှုန်းထားတို့မှာ ခေတ်နှင့်လျော်ညီမှုမရှိတော့ပါသဖြင့် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးခင်မောင်မောင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြေကွက်များကို မည်သည့် 'မူ' အားဖြင့် ချပေးနေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၏ **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေ ပုဒ်မ ၃၉ ပါ သက်ဆိုင်ရာတာဝန်ခံဝန်ကြီးဌာနက ဆောင်ရွက်ရမည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **'ကျွန်းကလေးတံတား' နေရာတွင် ၂ လမ်းသွား သံကူကွန်ကရစ်တံတားဖြင့် အစားထိုးတည်ဆောက်ပေးရန် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် လျာထားသတ်မှတ်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်လွင်၊ တွံတေး မဲဆန္ဒနယ်၏ **တွံတေးတူးမြောင်းကို ဖြတ်ကျော်မည့် နောက်ထပ် မြစ်ကူးတံတား တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်က တင်သွင်းသည့် **"ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂလီလူမျိုးအစွန်းရောက် အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ် လုံခြုံရေးတို့ကို များစွာထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်း ပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်**

**ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း–

(က) ဦးစစ်နိုင်၊ မင်းပြား မဲဆန္ဒနယ်၊

(ခ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(ဂ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ဃ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၊

(င) ဦးနိုင်ထူးအောင်၊ နွားထိုးကြီး မဲဆန္ဒနယ်၊

(စ) ဗိုလ်မှူးအောင်ကျော်နှင်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဆ) ဦးလွင်ကိုလတ်၊ သန်လျင် မဲဆန္ဒနယ်၊

(ဇ) ဒုတိယဗိုလ်မှူးကြီး ဇော်ထွန်းဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဈ) ဦးရည်မွန်(ခ)မောင်တင်သစ်၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်၊

(ည) ဗိုလ်မှူးကြီး ထွန်းမြတ်ရွှေ၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဋ) ဒေါ်ပြုံးကေသီနိုင်၊ ကလော မဲဆန္ဒနယ်၊

(ဌ) ဦးသောင်းအေး၊ ပျော်ဘွယ် မဲဆန္ဒနယ်၊

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၅၀)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
## (၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း

## ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၉၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၀၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၆ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၂ ရက်၊

(၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၃) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၂ ရက်၊

(၄) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၅) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖိုးမောင် ခွင့် ၁ ရက်၊

(၇) ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ခွင့် ၁ ရက်၊

(၈) ကဝမဲဆန္ဒနယ်မှ ဦးလှသန်း ခွင့် ၁ ရက်၊

(၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊

(၁၀) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၁၁) မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ ခွင့် ၁ ရက်၊

(၁၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၁ ရက်နှင့်

(၁၃) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၆ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ(ဧ)**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### ထိုင်း-မြန်မာနယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား မည်သို့ကူညီပေးမည်၊ ကူညီဆောင်ရွက်ထားရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ထိုင်းနိုင်ငံမှာ အလုပ်လုပ်ကိုင်လျက်ရှိတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်စပ်လျဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုင်းနိုင်ငံအစိုးရက တရားမဝင်နိုင်ငံခြားသား အလုပ်သမားများနှင့် ပတ်သက်ပြီး ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်က ဥပဒေသစ်တစ်ခုပြဋ္ဌာန်းခဲ့ပါတယ်။ ဥပဒေသစ်အရ အထောက်အထားမရှိသည့် အလုပ်သမားများကိုခိုင်းစေသည့်အလုပ်ရှင်အပါအဝင် အလုပ်သမားများကို ဖမ်းဆီးရမိပါက ဒဏ်ငွေ ထိုင်းဘတ်ငွေ လေးသိန်းမှ ရှစ်သိန်းအထိ ချမှတ်နိုင်ကြောင်း၊ အလုပ်လုပ်ခွင့်မရှိဘဲ အလုပ်လုပ်ကိုင်ခြင်း သို့မဟုတ် နိုင်ငံခြားသားအလုပ်သမားများကို တားမြစ်ထားသည့်အလုပ်များကို လုပ်ကိုင်သည့်အလုပ်သမားများအား ထောင်ဒဏ်ငါးနှစ်ထက်မပိုတဲ့ ပြစ်ဒဏ် သို့မဟုတ် ဘတ်ငွေ နှစ်ထောင်မှ တစ်သိန်းအထိ ဒဏ်ငွေချမှတ်နိုင်တဲ့အပြင် ပြစ်ဒဏ်နှစ်မျိုးစလုံး ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း ကျွန်တော်တို့လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ထိုင်းနိုင်ငံမှာ မြန်မာနိုင်ငံအလုပ်သမား လေးသန်းခန့်ရှိပြီး ၁.၇ သန်းကျော်သာ တရားဝင်အလုပ်လုပ်ခွင့်ပါမစ်ရှိကြောင်း သိရှိရပါတယ်။ ဥပဒေသစ်ပြဋ္ဌာန်းပြီး ဇွန်လ ၂၂ ရက်နေ့ကစပြီးတော့ မြန်မာအလုပ်သမားများအပါအဝင် နိုင်ငံခြားသားအလုပ်သမားများကို စတင်ဖမ်းဆီးကြောင်း၊ ပြစ်ဒဏ်မှာပြင်းထန်လွန်းတာကြောင့် တရားမဝင်ရွှေ့ပြောင်းမြန်မာအလုပ်သမားများကို နေရပ်သို့ပြန်ကြရန် မြန်မာသံရုံးကလည်းတိုက်တွန်းထားကြောင်း သတင်းများမှာဖော်ပြပါရှိပါတယ်။

ဒါကြောင့်မို့လို့ ရွှေ့ပြောင်းမြန်မာအလုပ်သမားများဟာ ဖမ်းဆီးခံရမှာကို စိုးရိမ်၍လည်းကောင်း၊ အလုပ်ရှင်ကလက်မခံ၍လည်းကောင်း ပြန်လာကြသူများ ထိုင်းနိုင်ငံနယ်စပ်ဂိတ်များမှ ၂၉-၆-၂၀၁၇ ရက်နေ့မှ စတင်ပြီးတော့ ပြန်လည်ဝင်ရောက်လာကြပါတယ်။ ဝင်ရောက်လာတဲ့ဂိတ်များကတော့ ကျွန်တော်တို့ ကော့သောင်း၊ ဘုရားသုံးဆူ၊ မြဝတီ၊ တာချီလိတ်နယ်စပ်ဂိတ်များမှ ဖြစ်ပါတယ်။ ဒီလို နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသူများနဲ့ ကရင်ပြည်နယ်၊ မြဝတီနယ်စပ်ဂိတ်ဟာ ဝင်ရောက်မှု အများဆုံးဖြစ်တာကို တွေ့ရပါတယ်။ မြဝတီမြို့ဟာ ရန်ကုန်၊ နေပြည်တော်အပါအဝင် အခြားမြို့များသို့ ပါ နေ့စဉ် ၂၄ နာရီပတ်လုံး အလွယ်တကူသွားရောက်နိုင်တဲ့ နယ်စပ်ဂိတ်ဖြစ်ပါတယ်။ မြဝတီနယ်စပ်ဂိတ်ကနေပြီးတော့ ၂၉-၆-၂၀၁၇ ရက်နေ့ကနေပြီးတော့ ၄-၇-၂၀၁၇ ရက်နေ့အထိ ဝင်ရောက်လာသူဟာ ၂၃၀၀၀ ကျော်ရှိတာကိုလည်း တွေ့ရပါတယ်။ အလုပ်သမားများဝင်ရောက်လာသူဟာ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ စေတနာရှင်များမှ ကြိုဆိုကြပြီး မိမိတို့ဒေသသို့မပြန်မီ ခေတ္တနားနေရာ စီစဉ်ထားရှိပေးကာ နေရပ်သို့ပြန်နိုင်အောင် စီစဉ်ပေးကြကြောင်းလည်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၉-၆-၂၀၁၇ ရက်နေ့မှာတော့ ထိုင်းဝန်ကြီးချုပ်က ဥပဒေသစ်အရ ဖမ်းဆီးမှုကို ရက်ပေါင်း ၁၈၀(၆)လ ဆိုင်းငံ့ထားဖို့ ကြေညာခဲ့လို့ မြန်မာအလုပ်သမားများ အလုံးအရင်းနဲ့ ဝင်ရောက်မှုဟာ လျော့နည်းသွားခဲ့ပါတယ်။ ဒါပေမဲ့ ယနေ့အထိ တဖြည်းဖြည်းဝင်ရောက်နေတာကိုလည်း တွေ့ရှိရပါတယ်။ အဲဒီတော့ အလုံးအရင်းနဲ့ဝင်ရောက်လာတာမရှိပေမဲ့ ဆက်လက်ဝင်ရောက်နေအုံးမှာဖြစ်ပါတယ်။ အဲဒီတော့ မြို့ခံများဟာလည်း ရေရှည်အတွက် စိတ်ပူလျက်ရှိကြပါတယ်။ ဒါကြောင့်မို့လို့ အောက်ပါမေးခွန်းကို သက်ဆိုင်ရာဌာနအား မေးမြန်းအပ်ပါတယ်။ ထိုင်းနိုင်ငံတွင် အလုပ်လုပ်လျက်ရှိသော မြန်မာရွှေ့ပြောင်းအလုပ်သမားများ ထိုင်း-မြန်မာနယ်စပ်ဂိတ်များမှ ပြန်လည်ဝင်ရောက်လာတဲ့ မြန်မာအလုပ်သမားများအား မည်သို့ကူညီပေးမည်။ ကူညီဆောင်ရွက်ထားရှိသည့် အစီအစဉ်များအား သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တက်ရောက်သူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်း မေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်၊ မြဝတီ မြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစိန်ဗိုလ်ရဲ့ မေးခွန်းကိုဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့အထဲမှာ ပါတဲ့အတိုင်းပါပဲ။ ထိုင်းနိုင်ငံက တရားမဝင် နိုင်ငံခြားအလုပ်သမားများနှင့်ပတ်သက်ပြီးတော့မှ ဥပဒေအသစ်ကို ထုတ်ပြန်ခဲ့တဲ့အတွက် ဇွန်လ ၂၈ ရက်နေ့ကစပြီးတော့မှ ထိုင်းနိုင်ငံအတွင်းရောက်ရှိနေတဲ့၊ အထောက်အထားမရှိတဲ့ နိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအနေနဲ့ နယ်စပ်ဒေသအသီးသီးကနေမှ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်း ကို ပြန်လည်ဝင်ရောက်ခဲ့ပါတယ်။ ဝင်ရောက်ခဲ့တဲ့စခန်းတွေကတော့ တာချီလိတ်၊ ကော့သောင်း၊ ထီးခီး၊ မောတောင်၊ ဘုရားသုံးဆူ၊ မြဝတီ စတဲ့နေရာများက ပြန်လည်ဝင်ရောက်လာတာ ဖြစ်ပါတယ်။ မနေ့က ဩဂုတ်လ ၂၃ ရက်နေ့အထိ ကျွန်တော်တို့မြန်မာနိုင်ငံအတွင်းကို ပြန်လည်ဝင်ရောက်လာတဲ့ ရွှေ့ပြောင်းအလုပ်သမားများဟာ ၁၀၈၅၀၃ ယောက်ရှိပြီးဖြစ်ပါတယ်။ မြဝတီမြို့မှာ ဂိတ်ကဆင်း ပြန်ဝင်လာတာကတော့ ကျွန်တော်တို့ ဩဂုတ်လ ၂၁ ရက်နေ့ထိ ၃၆၈၉၂ ဦးဖြစ်ပါတယ်။ ပြန်လည် ဝင်ရောက်လာတဲ့ ရွှေ့ပြောင်းအလုပ်သမားများကိုလည်းပဲ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကိုယ်တိုင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသမှာရှိတဲ့အာဏာပိုင်အဖွဲ့အစည်းများ၊ တပ်မတော်က တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျွန်တော်တို့ ဌာနမှတာဝန်ရှိတဲ့ပုဂ္ဂိုလ်များက သွားရောက် ကြိုဆိုပြီးတော့မှ၊ လက်ခံပြီးတော့မှ ကျွန်တော်တို့ရဲ့ ရွှေ့ပြောင်းအလုပ်သမားများကို ဒေသအသီးသီး တို့ကို စေတနာရှင်၊ အလှူရှင်များရဲ့အကူအညီနဲ့ အိမ်တိုင်ရာရောက်ပို့ဆောင် ပေးလျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးဆွေးနွေးသလိုပဲ ရွှေ့ပြောင်းအလုပ်သမားများအနေနဲ့ ဆက်လက်ဝင်ရောင် လာဖို့ရှိသော်လည်းပဲ ယခင်ထက်စာရင်တော့ တဖြည်းဖြည်းနည်းသွားမှာဖြစ်ပါတယ်။ ဒီကိစ္စနှင့် ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ရွှေ့ပြောင်းအလုပ်သမားများကို စနစ်တကျ ဝင်ရောက်နိုင်ဖို့အတွက် လမ်းမှာဖမ်းဆီးခံရမှုမရှိစေရေး၊ ကုန်ကျစရိတ်များမရှိစေရေးအတွက်ကို ကျွန်တော်တို့ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ဘန်ကောက်မြို့မှာရှိတဲ့ မြန်မာသံရုံးဟာ သံအမတ်ကြီး

ဦးစီးပြီးတော့ အဖွဲ့တွေလည်း ကြိုတင်ပြီးတော့မှ သံအရာရှိတွေနဲ့ကြေညာပြီးတော့မှ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုဖမ်းဆီးမှုတွေမစတင်ခင်ကတည်းက ကျွန်တော်တို့ ဥပဒေအသစ် အာဏာတည်မယ့် နေရက်မတိုင်ခင်ကတည်းက ဒီလိုကိစ္စတွေဖြစ်ပေါ်လာတဲ့အတွက် အထောက်အထားမရှိတဲ့ အလုပ်သမားများအနေနဲ့ မြန်မာနိုင်ငံအတွင်းကို ပြန်လည်ဝင်ရောက်ကြဖို့နဲ့ စနစ်တကျဆောင်ရွက်ကြဖို့ အသိပေးကြေညာထားခဲ့ပါတယ်။

သို့ရာတွင် ကျွန်တော်တို့ ဖမ်းဆီးတဲ့အခါမှာလည်းပဲ သက်ဆိုင်ရာထိုင်းနိုင်ငံတာဝန်ရှိပုဂ္ဂိုလ်များ ညှိပြီးတော့မှ ကျွန်တော်တို့အလုပ်သမားများကို လမ်းခရီးမှာ ငွေကြေးတောင်းတာတွေ မလိုအပ်ပဲနဲ့ ဖမ်းဆီးတာတွေမဖြစ်အောင် ကျွန်တော်တို့ ထိုင်းနိုင်ငံမှာရှိတဲ့ သံအမတ်ကြီး၊ သံအရာရှိများနှင့် ကျွန်တော်တို့ဝန်ကြီးဌာနမှ ထိုင်းအလုပ်သမားဝန်ကြီးဌာနကိုညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ခဲ့ပါတယ်။ အလားတူပဲ ဆောင်ရွက်ချက်များကိုလည်းပဲ ကျွန်တော်တို့ သတင်းစာရှင်းလင်းပွဲပြုလုပ်ပြီးတော့မှ ကျွန်တော်တို့အလုပ်သမားများရဲ့ မိသားစုများ စိတ်ပူပန်သောကမရောက်စေဖို့အတွက်ကို ကျွန်တော်တို့ ဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များနှင့် လူမှုအဖွဲ့အစည်းများက ဆောင်ရွက်ပေးနေမှုများကိုလည်းပဲ ကျွန်တော်တို့ ရှင်းလင်းခဲ့ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ထိုင်းနိုင်ငံဝန်ကြီးနဲ့လည်းပဲ ဇူလိုင်လ ၇ ရက်နေ့မှာ နေပြည်တော်မှာ တွေ့ဆုံပြီးတော့မှ ကျွန်တော်တို့အလုပ်သမားများ ပြန်လည်ပြီးတော့မှ စနစ်တကျလက်ခံနိုင်ဖို့၊ စနစ်တကျပြန်လည် စေလွှတ်နိုင်ဖို့အတွက်ကို အသေးစိတ်ဆွေးနွေးခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြရမယ်ဆိုရင် ပြန်လည်ဝင်ရောက်လာတဲ့ အလုပ်သမားများအနေနဲ့ အပိုင်းသုံးပိုင်းရှိပါတယ်ခင်ဗျား။ တချို့ကတော့ ကိုယ့်မိသားစုနဲ့ ကိုယ့်ဒေသကိုပြန်ပြီးတော့မှ မိသားစုနဲ့ အတူလုပ်ကိုင်စားသောက်မယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေရှိသလို၊ တချို့အလုပ်သမားများဟာလည်းပဲ ထိုင်းနိုင်ငံကိုတော့ မသွားချင်တော့ဘူး။ မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်သမား ခန့်ထားရေးဆိုင်ရာကိစ္စများကိုလည်းပဲ မြန်မာနိုင်ငံမှာရှိတဲ့ လုပ်ငန်းများပါပဲ ဝင်ရောက်လုပ်ကိုင်လိုတဲ့ ပုဂ္ဂိုလ်များလည်းရှိပါတယ်။ ဒါ့အပြင် တချို့ကတော့ သက်ဆိုင်ရာအထောက်အထားများ ယူဆောင်ပြီးတော့မှ ထိုင်းနိုင်ငံမှာယခင်လုပ်ခဲ့တဲ့ လုပ်ငန်းရှင်များနဲ့ ချိတ်ဆက်ပြီးတော့မှ ပြန်လည်ဝင်ရောက်တရားဝင်အလုပ်လုပ်ကိုင်ဖို့ စီစဉ်ဆောင်ရွက်တဲ့ ရွှေ့ပြောင်းအလုပ်သမားများလည်း ရှိပါတယ်။ ကျွန်တော်တို့ ပြည်တွင်းမှာ နေထိုင်ပြီးတော့မှ ပြည်တွင်းမှာရှိတဲ့ အလုပ်အကိုင်ရှာဖွေရေးလုပ်ငန်းများနဲ့ လုပ်ကိုင်လိုတဲ့ လုပ်သားများကိုလည်းပဲ၊ ပုဂ္ဂိုလ်များကိုလည်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဒေသအသီးသီးမှာရှိတဲ့ အလုပ်သမားရုံးများ ကျွန်တော်တို့ ရန်ကုန်မှာရှိတဲ့ UMFCCI အပါအဝင်

လုပ်ငန်းဝင်များနဲ့ ချိတ်ဆက်ပြီးတော့မှ ပြည်တွင်းရေးမှာလည်းပဲ အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့လအတွင်းမှာဆိုရင် ကျွန်တော်တို့ပြည်တွင်းမှာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှာ လုပ်သားအပေါင်း စုစုပေါင်း ၃၂၀၀၀ လောက် ခန့်ထားနိုင်ခဲ့ပါတယ်။ ဒီထဲမှာလည်းပဲ ပြန်လည်ရောက်ရှိလာတဲ့ အလုပ်သမားများလည်း ပါဝင်နိုင်မှာဖြစ်ပါတယ်။

ဒါ့အပြင် တချို့လုပ်ငန်းရှင်များကလည်း ဥပမာအားဖြင့် ကျွန်တော်တို့ မော်တော်ကားဆောက်လုပ်ရေး၊ တပ်ဆင်ရေးလုပ်ငန်းများမှာ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေကို ခန့်ထားလိုပါတယ်ဆိုတော့မှ ကျွန်တော်တို့ သတင်းစာထဲမှာ ချိတ်ဆက်ပြီးတော့မှ ခေါ်ယူပြီးတော့မှ ခန့်ထားတာလည်းရှိပါတယ်။ အလားတူပဲ အခြားသောလုပ်ငန်းရှင်များအနေနဲ့လည်းပဲ ပြည်တွင်းကိုပြန်လည်ရောက်ရှိလာတဲ့အလုပ်သမားများကို ဦးစားပေးခန့်ထားလျက်ရှိကြောင်း ကျွန်တော်တို့ လေ့လာသိရှိရပါတယ်။ အများဆုံးကတော့ ကျွန်တော်တို့ ထိုင်းနိုင်ငံကို သက်ဆိုင်ရာအလုပ်ရှင်များနှင့် ညှိနှိုင်းပြီးတော့မှ ပြန်လည်ဝင်ရောက်လိုတဲ့ အလုပ်သမားများအနေနဲ့ ပြန်လာပြီးတော့မှ ရန်ကုန်ဖြစ်စေ၊ ဘားအံဖြစ်စေ၊ ကျွန်တော်တို့ကို နိုင်ငံကူးလက်မှတ်များကို ပြန်လည်ထုတ်ယူပြီးတော့မှ နေ့စဉ်ပြန်လည်ပြီးတော့မှ ထွက်ခွာလျက်ရှိပါတယ်။ အဲ့ဒီအလုပ်သမားများနှင့်ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ ထိုင်းနိုင်ငံအစိုးရအနေနဲ့ ဇူလိုင်လ ၂၄ ရက်နေ့မှ ဩဂုတ်လ ၇ ရက်နေ့အထိ မှတ်ပုံတင်ယာယီဗဟိုဌာနများဖွင့်လှစ်ပြီးတော့မှ ၉၉ ဌာနဖွင့်လှစ်ပါတယ်။ ဖွင့်လှစ်ပြီးတော့မှ ထိုင်းနိုင်ငံအတွင်းမှာရှိတဲ့ အလုပ်ရှင်များအနေနဲ့ သူ့အလုပ်ရှင်မှာ ဒီအလုပ်သမားများ တရားမဝင်လုပ်ကိုင်နေပါတယ်ဆိုတာ သွားရောက်ပြီးတော့မှ စာရင်းပေးသွင်းနေကြပါတယ်။ ဇူလိုင်လ ၇ ရက်ဆိုတော့ ပြီးသွားပါပြီ။ အခုအခါမှာ ထိုင်းအစိုးရအနေနဲ့ အဲဒီအလုပ်သမားများကို ပြန်လည်ပြီးတော့မှ မှန်ကန်မှုရှိ/မရှိ စစ်ဆေး နေပါတယ်။ စစ်ဆေးမှုပြီးတဲ့အခါမှာ လာမယ့်ကျွန်တော်တို့ စက်တင်ဘာလ ၁၅ ရက်နေ့မှစပြီးတော့မှ ထိုင်းနိုင်ငံအတွင်းမှာ အထောက်အထားမဲ့တဲ့အလုပ်သမားများ မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအိုအပါအဝင် အလုပ်သမားများအားလုံးကို ထိုင်းနိုင်ငံကနေမှ အထောက်အထားလက်မှတ်များထုတ်ပေးပြီးတော့ တရားဝင်အလုပ်သမားများအဖြစ် ကျွန်တော်တို့ ခန့်ထားမှာဖြစ်ပါတယ်။ လက်ရှိအနေအထားအရလည်းပဲ ထိုင်းနိုင်ငံအတွင်းမှာ ကျွန်တော်တို့ ပြောင်းရွှေ့အလုပ်သမားများအတွက် CI ခေါ်တဲ့ Certificate of Identity များကိုလည်းပဲ သက်တမ်းတိုးပေးလျက်ရှိပါတယ်။ ယခုအချိန်အထိ ကျွန်တော်တို့ ၂၂ ရက်နေ့၊ ဩဂုတ်လ ၈ ရက်နေ့အထိ ကျွန်တော်တို့ ထိုင်းနိုင်ငံအတွင်းမှာရှိတဲ့ စခန်းခြောက်ခုမှာ သက်သေခံလက်မှတ် ထုတ်ပေးတဲ့စာရင်းဟာ စုစုပေါင်း ၂၈၂၂၂၄ ယောက်ရှိသွားပါပြီ။

ဆက်လက်ပြီးတော့မှ စက်တင်ဘာလ ၁၅ ရက်နေ့နောက်ပိုင်းမှာဆိုလို့ရှိရင် ထိုင်းနိုင်ငံမှာရှိတဲ့ ကျွန်တော်တို့ ရေလုပ်သားတွေရှိပါတယ်။ ပြီးရင် အခုအထောက်အထားမဲ့တဲ့ ကျွန်တော်တို့ အလုပ်သမားတွေ ထိုင်းနိုင်ငံမှာ မှတ်ပုံတင်ပြီးတဲ့အလုပ်သမားတွေလည်း ပြန်ထပ်လုပ်ပေးရဖို့ ရှိပါတယ်။ အလားတူပဲ ကျွန်တော်တို့ ယခင်တုန်းကထုတ်ပေးခဲ့တဲ့ ယာယီပတ်စပို့စ်နိုင်ငံကူးလက်မှတ်တွေ သက်တမ်းကုန်တော့မယ့်အလုပ်သမားတွေလည်းရှိပါတယ်။

ဒီ့အတွက်လည်းပဲ ကျွန်တော်တို့ ထိုင်းနိုင်ငံမှာရှိတဲ့ လက်ရှိစခန်းခြောက်ခုမှာ ထပ်ပြီးတော့မှ ကျွန်တော်တို့ဆီက အလုပ်သမားဌာနက ပြီးတော့မှ ပြည်ထဲရေး SP က အဖွဲ့ဝင်များ၊ လ.ဝ.က အဖွဲ့ဝင်များ စခန်းတစ်ခုမှာခြောက်ယောက်ဆီ ထပ်မံပြီးတော့မှ ဒီစခန်းခြောက်ခုမှာ ခြောက်ယောက်ဆီ ထပ်မံစေလွှတ်ပြီးတော့မှ ကျွန်တော်တို့ အသစ်ရောက်ရှိလာမယ့် အသစ်ခန့်ထားမဲ့အလုပ်သမားများတွေအတွက် သက်သေခံလက်မှတ်များနဲ့ ကျွန်တော်တို့ဆီက ထုတ်ပေးဖို့ရှိပါတယ်။ ထုတ်ပေးတဲ့အခါမှာလည်း အဲဒီစခန်းတွေမှာ ကျွန်တော်တို့ ထိုင်းနိုင်ငံက အလုပ်သမားရေးရာဝန်ကြီးဌာနက လာပြီးတော့မှ အလုပ်လုပ်ခွင့် ပါမစ်တွေကို ပေးမှာဖြစ်ပါတယ်။ အလားတူပဲ ထိုင်း လ.ဝ.က ဌာနကလည်းပဲ အဲဒီစခန်းထဲမှာပဲ လာရောက်ပြီးတော့မှ ထိုင်းပြည်ဝင်ခွင့် ဗီဇာတွေလည်းထုတ်ပေးမှာ ဖြစ်ပါတယ်။ ယခင်တုန်းက အဲ့လိုအခွင့်အရေးမျိုး ကျွန်တော်တို့မရခဲ့ပါဘူး။ ကျွန်တော်တို့ CN ထုတ်ပေးရေးစခန်းတွေမှာ လာပြီးတော့မှ ကျွန်တော်တို့ နိုင်ငံသားအဖြစ်အသိအမှတ်ပြုပေးတဲ့ CN ထုတ်ပေးလိုက်တယ်ဆိုရင် ထိုင်းနိုင်ငံအနေနဲ့ ကျွန်တော်တို့ နိုင်ငံဝင်ဖို့လည်း ခွင့်ပြုမှာဖြစ်ပြီးတော့မှ အလုပ်သမားရေးရာဝန်ကြီးဌာနကလည်းပဲ လုပ်ခွင့်ပါမစ်သက်တမ်းတွေ ရရှိမှာဖြစ်ပါတယ်။ အဲဒီလိုဖြစ်သွားရင် အလုပ်သမားများသည် ယခင်တုန်းက တရားမဝင်လုပ်ကိုင်နေရတဲ့အနေအထားကနေမှ တရားဝင်လုပ်သားများဖြစ်သွားပြီးတော့မှ ထိုင်းနိုင်ငံရဲ့ ဥပဒေများနှင့်အညီ ကျွန်တော်တို့အခွင့်အရေးများကို ရရှိခံစားသွားရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ နေ့စဉ်နှင့်အမျှ ပတ်စပို့စ်တွေကို သက်တမ်းတိုးတာကိုလည်းပဲ နေ့စဉ် ၇၀၀ ကျော် ပြည်ထဲရေးဝန်ကြီးဌာန လ.ဝ.က အလုပ်သမားဝန်ကြီးဌာနနဲ့ ထိုင်းနိုင်ငံမှာရှိတဲ့ သံရုံးမှာတာဝန်ရှိပုဂ္ဂိုလ်များ ဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော် အဓိကထားပြီး တော့မှ တင်ပြလိုတဲ့အချက်ကတော့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့ ပြည်တွင်းကို ပြန်လည်ဝင်ရောက်လာတဲ့ လုပ်သားများကို သူတို့ရဲ့သဘောဆန္ဒနှင့်အညီ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလားတူပဲ ထိုင်းနိုင်ငံအတွင်းကို ပြန်လည်ဝင်ရောက်မယ့် အလုပ်သမား များကိုလည်းပဲ တရားဝင်အလုပ်သမားဖြစ်အောင် ဥပဒေများနှင့်အညီ ခံစားခွင့်ရှိတဲ့

အလုပ်သမားဖြစ်အောင် ဝန်ကြီးဌာနအနေနဲ့ အစီအမံများချပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ထိုင်းအစိုးရနဲ့ညှိနှိုင်းထားချက်အရ ယခင်စခန်းခြောက်ခုအပြင်ကို နောက်ထပ် စခန်းသုံးခုတိုးချဲ့ပြီးတော့မှ ကျွန်တော်တို့မှတ်ပုံလာရောက်တင်တဲ့အလုပ်သမားစာရင်းအရ ဘယ်ဒေသ မှာရှိနေတယ်။ ဘယ်ဒေသမှာ အင်အားဘယ်လောက်ရှိနေလဲဆိုတာကို ကျွန်တော်တို့ ဒါကို စိစစ် ဖော်ထုတ်ပြီးဖြစ်ပါတယ်။ အထူးအားဖြင့်တော့ ဘန်ကောက်ပတ်ဝန်းကျင်မှာ အများဆုံးရှိရပါတယ်။

နယ်ပယ်ကတော့ ဆောက်လုပ်ရေးနဲ့စိုက်ပျိုးရေးနယ်ပယ်မှာဖြစ်ပါတယ်။ အဲဒီအတွင်းမှာလည်း ကျွန်တော်တို့က စခန်းသုံးခုဖွင့်လှစ်ပြီးတော့မှ ရေလုပ်သားအပါအဝင် စိုက်ပျိုးရေးအလုပ်သမားများ အတွက်ပါ ကျွန်တော်တို့က ထိုင်းအစိုးရနှင့်ညှိပြီးတော့မှ ဖွင့်လှစ်ပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့က တခြားသောဒေသတွေမှာ ကျန်နေတဲ့အလုပ်သမားများကိုလည်းပဲ ကျွန်တော်တို့ လာရောက်ပြီးတော့မှ၊ စခန်းကို လာပြီးတော့မှ လုပ်ဖို့အချိန်မရဘူး။ အခက်အခဲရှိတဲ့ ပုဂ္ဂိုလ်များ အတွက်လည်း ရွေ့လျားထုတ်ပေးရေး စခန်းများကို ပြည်ထောင်စုအစိုးရနှင့်ညှိပြီးပါပြီ။ ကျွန်တော်တို့ အလုပ်သမားတွေရှိတဲ့နေရာ စက်ရုံတွေ ကိုလည်း သွားရောက်ပြီးတော့မှ အဲဒီမှာလည်း One-Stop-Service အနေနဲ့ ကျွန်တော်တို့ဆီက စရံ ထုတ်ပေးမယ်ဆိုရင် သူတို့တရားဝင် ဗီဇာထုတ်ပေးမယ်။ ပြီးတော့မှ ကျွန်တော်တို့ လုပ်ကိုင်ခွင့် လက်မှတ်များထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော် အဓိကအလေးအနက်ထားပြီးတော့မှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတင်ပြလိုတာကတော့ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့နိုင်ငံသားများ ပြည်ပသို့ရောက်ရှိနေသည်ဖြစ်စေ၊ တရားဝင်ဖြစ်စေ၊ တရားမဝင်ဖြစ်စေ၊ အထောက်အထားဖြစ်စေ၊ အထောက်အထားမဲ့ဖြစ်စေ ကျွန်တော်တို့ အလုပ်သမား များကို အတတ်နိုင်ဆုံးဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ဖို့အတွက်ကို ဆောင်ရွက်ပေးလျက်ရှိပါ တယ်။ ဒါ့အပြင် အလုပ်သမားများကိုလည်းပဲ ထိုင်းနိုင်ငံအစိုးရအနေနဲ့ သတ်မှတ်ချက်တွေ ဘာတွေ ရှိနေတယ်။ ဘာတွေကိုဆောင်ရွက်ရမယ်။ ဘာတွေကို ဘယ်လောက်ကုန်ကျမယ်ဆိုတာကိုလည်းပဲ ကျွန်တော်တို့ Website များ၊ မီဒီယာများကတစ်ဆင့်အသိပေးပြီးတော့ အကြောင်းကြားပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ထိုင်းနိုင်ငံအတွင်းမှာရှိတဲ့ အလုပ်သမားရေးရာဆောင်ရွက်တဲ့ အဖွဲ့အစည်းများကိုလည်းပဲ ဆက်သွယ်ပြီးတော့မှ ကျွန်တော်တို့အလုပ်သမားများကို အချိန်မီအသိပေး အကြောင်းကြားလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့နိုင်ငံ က ပြောင်းရွှေ့အလုပ်သမားများအတွက် ပြည်တွင်းကိုပြန်ရောက်သည်ဖြစ်စေ၊ အိမ်နီးချင်းနိုင်ငံများကို သွားရောက်ပြီးတော့ အလုပ်လုပ်ကိုင်သည်ဖြစ်စေ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဥပဒေများနှင့်

အညီ အတတ်နိုင်ဆုံးကူညီ စောင့်ရှောက်ပေးလျက်ရှိပါကြောင်းနှင့် အစီအစဉ်များလည်း စနစ်တကျ ရေးဆွဲပြီးတော့ ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန၏ ကောက်ခံငွေကြေးသတ်မှတ်နှုန်းထားတို့မှာ ခေတ်နှင့်လျော်ညီမှုမရှိတော့ပါသဖြင့် ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းခင်(ပုလောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင် ဖြစ်ပါတယ်။ ကျွန်တော်မေးချင်တာကတော့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရဲ့ ယခင်ကောက်ခံနေတဲ့ငွေကြေးတွေဟာ သတ်မှတ်နှုန်းထားနဲ့ ဒီခေတ်အနေအထားနဲ့မကိုက်ညီတော့လို့ ပြင်ဆင်သတ်မှတ်ပေးဖို့ အစီအစဉ်ရှိပါသလားလို့ မေးခွန်းမေးမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ငယ်ငယ်တုန်းကဆိုလို့ရှိရင် လ.ဝ.ကရုံးမှာ မှတ်ပုံတင်သွားလုပ်တဲ့အခါကျရင် စက္ကူပေါ်မှာ ဓာတ်ပုံကပ်မယ်။ လက်ဗွေနှိပ်မယ်။ ရုံးတံဆိပ်ထုမယ်။ ပြီးတော့ ရုံးမှာကျတော့ Family Tree ပုံစံဖြည့်ပြီးတော့ သိမ်းဆည်းပြီးတော့ မှတ်ပုံတင်မှာ ကျွန်တော်တို့ကို သုံးခေါက်ချိုးမှတ်ပုံတင်လက်မှတ်ထုတ်ပေးပါတယ်။ ဒါပေမဲ့ ဒီခေတ်အခြေအနေက တဖြည်းဖြည်းတိုးတက်လာတဲ့အခါကျတော့ ဒီဂျစ်တယ်နည်းပညာနှင့် အီလက်ထရောနစ်မှတ်ပုံတင် Smart Card တို့ကို ပြုလုပ်သိမ်းဆည်းတဲ့ခေတ်ကို ရောက်တော့မှာဖြစ်ပါတယ်။ ရုံးမှာသိမ်းဆည်းထားရမယ့် Family Tree အစရှိတဲ့ဟာတွေကိုလည်းပဲ DVD ခွေတွေ၊ Hard-dick တွေနဲ့ သိမ်းဆည်းတဲ့ခေတ်ကို ရောက်ခါနီးနေပါပြီ။ လိုအပ်တာတွေကို ကွန်ပျူတာနဲ့သိမ်းပြီးတော့ လိုအပ်ရင် လိုအပ်တဲ့အချိန်မှာ အချိန်အတိုဆုံးနဲ့ လိုအပ်တဲ့အချက်အလက်တွေကို ပြန်ရှာနိုင်မှာဖြစ်ပါတယ်။ ထိုနည်းတူပဲ မျက်နှာပုံရိပ်ဖမ်းတဲ့စနစ်တွေ၊ လက်ဗွေရာကိုလည်း ဒီဂျစ်တယ်နည်းစနစ်နဲ့သိမ်းထားတဲ့အချက်တွေ၊ အဲဒီနည်းတွေနဲ့ ကျွန်တော်တို့ကိုင်ဆောင်ထားတဲ့မှတ်ပုံတင်ကို Smart Card မှာ ထည့်သွင်းအသုံးပြု

ထားတဲ့ခေတ်တွေကိုလည်း ကျွန်တော်တို့က ရောက်တော့မှာပါ။ အဲဒီလိုမျိုး လုပ်ခဲ့မယ်ဆိုလို့ရှိရင် ကျွန်တော်တို့မှတ်ပုံတင်အတုပြုလုပ်ဖို့လည်း ခက်ခဲပါတယ်။ ကျွန်တော်တို့မှတ်ပုံတင်ကို စစ်ချင်ရင်လည်းပဲ Screen ဖတ်လိုက်ရင် ဒီလူဟာ ဘယ်ကလာတယ်။ ဘယ်နေရာမှာ နေသလဲ။ ဘာအလုပ်လုပ်ခဲ့လဲဆိုတဲ့ သူရဲ့ကိုယ်ရေးကိုယ်တာအချက်အလက်တွေအကုန်လုံးကို ရရှိနိုင်မှာဖြစ်ပါတယ်။ အလွန်တိုတောင်းတဲ့အချိန်၊ မြန်ဆန်တဲ့နည်းစနစ်တွေနဲ့ ခေတ်နဲ့အညီလျော်ညီအောင် မဖြစ်မနေ ကျွန်တော်တို့က သုံးကိုသုံးစွဲရမယ့်အချိန်ကို ရောက်လာပါပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ ကျွန်တော်တို့ငယ်ငယ်တုန်းက အနှစ် ၆၀ ကျော်တုန်းကဆိုလို့ရှိရင် ရွှေတစ်ကျပ်သားကို ၂၅၀၊ ၃၀၀ လောက်ဈေးရှိပါတယ်။ အဲဒီအချိန်တုန်းကဆိုရင် FRC လို့ခေါ်သော အဲဒီနိုင်ငံခြားသားတွေကို ကျွန်တော်တို့နိုင်ငံမှာ မှတ်ပုံတင်သက်တမ်း တစ်နှစ်တစ်ကြိမ် တိုးရပါတယ်။ အဲဒီ တစ်နှစ်တစ်ကြိမ်သက်တမ်းတိုးတဲ့အခါကျတော့ မှတ်ပုံတင်လဲလှယ်ခကို ၅၀ ကျပ်ယူပါတယ်။ ကျွန်တော်တို့နိုင်ငံသားတွေအတွက်ကိုလည်းပဲ မွေး/သေစာရင်းသွင်းမယ်ဆိုလို့ရှိရင် တစ်ကျပ် ပေးရပါတယ်။ အသက် ၁၀ နှစ် ပြည့်ပြီဆိုလို့ရှိရင် ခြောက်ကျပ်ပေးပြီး လဲလှယ်ရပါတယ်။ ၁၈ နှစ်ပြည့်ရင် ခြောက်ကျပ်ပေးပြီး လဲလှယ်ရပါတယ်။ ထိုနည်းတူပဲ မှတ်ပုံတင်ပျောက်သွားမယ်၊ ပျက်သွားမယ်ဆိုလို့ရှိရင်လည်းပဲ ၁၀ ကျပ်ပေးပြီးတော့ အစရှိသဖြင့် ပေးပြီးတော့ လုပ်ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့မနက်၊ မနက်ဖြန်ဆိုလို့ရှိရင်ပဲ ကျွန်တော်တို့က ဒီဂျစ်တယ်ခေတ်ကို လက်ခံရတော့မယ့်အနေအထားကို ဖြစ်နေပါပြီ။ ကျွန်တော်တို့ ကောင်းကောင်းမွန်မွန်လည်း လက်ခံကြိုဆိုရမယ့်အချိန် ဖြစ်နေပါပြီ။ အဲဒီအချိန်မှာ လွန်ခဲ့တဲ့အနှစ် ၆၀ လောက်ကအခြေအနေတွေကို မပြောင်းမလဲဘဲနဲ့ ဒီအတိုင်းပဲ ဆက်သုံးသွားမယ်ဆိုလို့ရှိရင် မသင့်တော်ဘူးလို့ ကျွန်တော်တို့က ယူဆပါတယ်။ ထိုနည်းတူပဲ သက်ဆိုင်ရာဝန်ထမ်းတွေမှာရှိတဲ့ ဝတ်စုံဖိုးအစရှိတဲ့ စရိတ်တွေကိုလည်းပဲ ပြောင်းလဲသင့်ပြီလို့ ထင်ပါတယ်။ ကျွန်တော်တို့က ပြောင်းလဲချိန်တန်လို့မှ ကျွန်တော်တို့က လိုက်ပါပြောင်းလဲမှုမလုပ်ခဲ့ဘူးဆိုလို့ရှိရင် အခြေအနေတွေက ကျွန်တော်တို့ကို အတင်းအဓမ္မပြောင်းလဲဖို့ တိုက်တွန်းမှ ကျွန်တော်တို့ပြောင်းလဲတာကို လုပ်မယ်ဆိုလို့ရှိရင် အခြေအနေအရ ကျွန်တော်တို့က အဆင်သင့်မဖြစ်တဲ့အတွက်ကြောင့် အများကြီးအခြေအနေကောင်းတွေ မရနိုင်တော့ဘူး ဖြစ်သွားမှာကို စိုးရိမ်ရပါတယ်။ သို့ဖြစ်ပါ၍ ခေတ်နှင့်လျော်ညီမှုရှိစေဖို့ ပြင်ဆင်သတ်မှတ်ပေးဖို့ အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသိန်းဆွေ(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းခင်ရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအုန်းခင်ကိုလည်းပဲ ကျေးဇူးတင်ပါတယ်လို့ ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်ပြောကြားလိုပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးဆွေးနွေးတဲ့အထဲမှာပါသလိုပဲ NEIT Digital Card များဆောင်ရွက်နိုင်ဖို့အတွက်ကို ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအချိန်အထိ ကုမ္ပဏီပေါင်း ၄၀ ကျော်ပေါ့။ အတိအကျပြောရမယ်ဆိုရင် ၄၃ ခုလောက်ကို ကျွန်တော်တို့ဝန်ကြီးဌာနမှာ စိစစ်ပြီးတော့မှ၊ လေ့လာပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူပဲ ILO တို့၊ World Bank တို့၊ O-media Network တို့နဲ့ ပူးပေါင်းပြီးတော့မှ Seminar များလုပ်ဆောင်ပြီးတော့မှလည်းပဲ ဒီ EIT Card ဆောင်ရွက်နိုင်ဖို့အတွက်ကို ကျွန်တော်တို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးသလိုပဲ ဒီဂျစ်တယ်ခေတ်ရောက်ပြီဖြစ်တဲ့အတွက် ကျွန်တော်တို့မလွဲမသွေ အမြန်ဆုံးသွားမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနအနေနဲ့လည်းပဲ ဒါကို ဂရုပြုမိပါကြောင်းနှင့် အမြန်ဆုံးသွားရောက်နိုင်ရေးအတွက်ကို အဆင့်ဆင့်တင်ပြဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်ကြီး ဆွေးနွေးတဲ့အထဲမှာပါတဲ့ ကျွန်တော်တို့ရဲ့ဥပဒေများဟာ ၁၉၄၈ ခုနှစ်ကတည်းက မှတ်ပုံတင်ခြင်း နည်းဥပဒေများမှာ ပြဋ္ဌာန်းထားတဲ့ ဈေးနှုန်းများဖြစ်တဲ့အတွက် လက်ရှိအနေအထားအရ အလွန်ကို မလျော်ညီတာပဲ ဖြစ်ပါတယ်။ လာပေးဖို့ငွေတောင်မှ အကြွေခက်ခဲတဲ့အပိုင်း ဖြစ်ပါတယ်။ အဲဒီလို ပြင်ဖို့ကိစ္စကိုလည်းပဲ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ပြင်နိုင်ဖို့ ကိစ္စကို ဥပဒေကို ပြင်ဆင်ရေးဆွဲရမှာဖြစ်ပါတယ်။ အဲဒီအတွက်လည်းပဲ နည်းဥပဒေ၊ ဥပဒေကို ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။ အဲဒီလို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်မယ်ဆိုလို့ရှိရင် ကိုယ်စားလှယ်ကြီးဆွေးနွေးသိလိုပဲ ခေတ်နှင့်လျော်ညီတဲ့နည်းစနစ်များ၊ သတ်မှတ်ချက်များ၊ ငွေကြေးကိစ္စရပ်များကို ဆောင်ရွက်

နိုင်မယ်ဆိုရင် ပိုမိုပြီးတော့မှ ပီပြင်ထိရောက်လာပြီးတော့မှ တစ်ဘက်တစ်လမ်းကလည်းပဲ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကနေမှ ကျခံသုံးစွဲတဲ့ဟာကို လျှော့ပေါ့သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့် အနေနဲ့ဖြေကြားလိုတာကတော့ လက်ရှိပြဋ္ဌာန်းထားတဲ့ နိုင်ငံခြားသားမှတ်ပုံတင်ဥပဒေ၊ နည်းဥပဒေ များဟာ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိတော့သဖြင့် အဲဒီဥပဒေများကို ရုပ်သိမ်းပြီးတော့မှ လက်ရှိအခြေအနေနှင့်ကိုက်ညီတဲ့ဥပဒေများကို အသစ်ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ ကျွန်တော်တို့ စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီဥပဒေများ တီထွင်ပြဋ္ဌာန်းပြီးမယ်ဆိုရင်တော့၊ ရေးဆွဲပြဋ္ဌာန်းပြီးမယ် ဆိုရင်တော့ ကောက်ခံနှုန်းထားများအပါအဝင် လုပ်ထုံးလုပ်နည်းများကိုလည်းပဲ စနစ်တကျဆောင်ရွက် သွားဖို့ အစီအစဉ်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းဖြေကြားပြီးတဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိမြေကွက်များကို မည်သည့်မူအားဖြင့် ချပေးနေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာခင်မောင်မောင်(ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ရှိဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)တွင် ရှိတဲ့ မြေကွက်တွေကို မည်သည့်မူဖြင့်ချပေးနေသလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကိုမေးတဲ့အခါမှာ မြေကွက် လေးကွက်ကို ဥပမာပေးပြီး တင်ပြခဲ့ပါတယ်။ ပထမဆုံးမြေကွက်ကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၁၆) ရပ်ကွက်၊ မောင်းမကန်လမ်းဘေးမှာရှိတဲ့မြေ ၄ ဧကကို ရုပ်ရှင်မင်းသား ဦးနေအောင် ကို ချပေးတဲ့ ဥစ္စာပါ။ အဲဒီမြေ ၄ ဧကကတော့ လယ်သမားပိုင်မြေဖြစ်ပြီးတော့ အဲဒီလယ်သမားက အဲဒီမှာ သပြေခြံ

စိုက်နေပါတယ်။ အဲ့ဒါက နဂိုတုန်းက ဓနိတောမြေပါ။ လန ၃၉ ချထားပေးထားတယ်လို့ သိရပါတယ်။ အကြောင်းပြချက်က ဘယ်လိုကြောင့်ချပေးသလဲလို့ မေးကြည့်တဲ့အခါ အဲဒီထဲမှာရှိတဲ့ မြောင်းသား သာရှိတဲ့ ချောင်းလေးကို လေစီးရေလာကောင်းမွန်အောင်အတွက် ချပေးတယ်လို့ ဖြေကြားပါတယ်။ အဲ့ဒါကတော့ ပထမမြေကွက်ပါ။

ဒုတိယမြေကွက်ကတော့ ၄၈ ရပ်ကွက်မှာ ရဲမှူးချုပ်တင်စိုး ဦးတင်စိုးကို (အငြိမ်းစား)ကို မြေ ၁.၂ ဧက နေနေပါတယ်။ အဲ့ဒါကလည်း လယ်သမားကအဲဒီထဲမှာ သပြေခြံစိုက်ပြီးတော့ မြေတွေပါတယ်။ လယ်စိုက်ပါတယ်။ သူစိုက်ပျိုးနေတဲ့မြေကို ၂၀၁၆ ခုနှစ် ဇွန်လနောက်ပိုင်းမှာ မြေဂရန်ချပေးလိုက်ပါတယ်။ အဲဒီမြေဂရန်ချပေးတဲ့အတွက် သူတို့ကပွားပြီးတော့ခြံခတ်တဲ့အခါမှာ လယ်သမားနဲ့ပဋိပက္ခဖြစ်တဲ့အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရဲတပ်ဖွဲ့တွေကလည်း ဝင်ရောက်ပြီးတော့ ထိန်းသိမ်းရတာမျိုးကို တွေ့ခဲ့ရပါတယ်။

တတိယမြေကွက်ကတော့ မြန်မာပြည်မှာအင်မတန် နာမည်ကြီးတဲ့ ထီဆိုင်ပိုင်ရှင်ကြီး ဒေါ်တင်တင်မြင့်ကို ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၈ ရပ်ကွက် U 10 ဆိုတဲ့နေရာမှာ မြေ ၂ ဧက ချထားပေးပါတယ်။ ချပေးတဲ့အကြောင်းပြချက်ကတော့ ဘာလဲဆိုတော့ လှည်းကူးမြို့နယ်မှာ ဆရာတော်ကြီး တစ်ပါးနဲ့ မြေအငြင်းပွားမှုဖြစ်တယ်။ အဲဒီမြေအငြင်းပွားမှုမှာ ဒေါ်တင်တင်မြင့်က မြေကိုပေးအပ်လိုက်ရတဲ့အတွက် အစားပေးတယ်ဆိုပြီး ကျွန်တော်တို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)က မြေ ၂ ဧကကို အစားထိုးပေးပါတယ်။

စတုတ္ထမြေကွက်အကြောင်းကတော့ လယ်သမားဦးဝင်းလှိုင်ဆိုတဲ့ လယ်သမားကြီးပိုင်တဲ့မြေကွက်လပ် ၄ ဧကကိုလည်း လယ်သမားကြီးက ပြန်ပြီးလျှောက်ထားတဲ့အချိန်မှာ ပြီးခဲ့တဲ့ ၃၀-၃-၂၀၁၇ ရက်နေ့မှာ လူမှုကူညီမှုအသင်း သယ်န်းကျွန်းရန်ကုန်ဆိုတဲ့ အသင်းကို မြေ ၁ ဧက ချပေးလိုက်ပါတယ်။ အဲဒီတော့ အဲဒီမြေချပေးတဲ့အတွက် လယ်သမားကလည်း ကျွန်တော်တို့ကို တိုင်တန်းပါတယ်။ အဲဒီတော့ အခုမြေကွက်လေးကွက်ကို ချပေးတဲ့အချက်တွေကို ကြည့်တဲ့အခါမှာ ဘယ်လိုမူနဲ့ချပေးမှန်းမသိ နားမလည်ဖြစ်ရပါတယ်။ ဒီလိုအလားတူမေးခွန်းကို ကျွန်တော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဌမမြောက်နေ့မှာ မေးခဲ့ပါတယ်။ အဲဒီမေးတဲ့အခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘာဖြေခဲ့သလဲဆိုတော့ အဲဒီလိုမြေချပေးတဲ့အခါမှာ မူငါးရပ်နဲ့ချပေးပါတယ်။ (၁)မူကတော့ အဲဒီမြေမှာကာလကြာရှည်နေထိုင်ခဲ့တဲ့ သူဖြစ်ရမယ်။ (၂)ကတော့ ဒီမြေကွက်မှာ လဝက ပုံစံ-၆၆/၆ ထွက်ထားတဲ့ လူဖြစ်ရပါမယ်။ (၃)က အဲဒီရပ်ကွက်ရဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးက

ကာလကြာရှည်နေထိုင်ကြောင်း ထောက်ခံချက်ပေးထားတဲ့ လူဖြစ်ရမယ်။ (၄)ကတော့ အိမ်နီးနားချင်း ငါးဦးကနေ ထောက်ခံတဲ့လူဖြစ်ရမယ်။ (၆)က ကာလကြာရှည်နေထိုင်ခဲ့တဲ့အတွက် ရေခွန်၊ မီးခွန်၊ လျှပ်စစ်ဓာတ်အားခွန်တွေကို ပေးဆောင်ထားတဲ့လူကိုသာလျှင် ချပေးတယ်လို့ ပြောခဲ့ပါတယ်။ ဒါပေမဲ့ အခုမြေချပေးတဲ့ လေးဦးစလုံးဟာ မယ်မယ်ရရ အကြောင်းပြချက်မရှိဘူး။ ဒဂုံမြို့သစ်(မြောက်ပိုင်း) မှာလည်း နေထိုင်တာမဟုတ်ဘူး။ ဘာလုပ်မယ်ဆိုတဲ့ အကြောင်းပြချက်လည်းမရှိပေမယ့် သူတို့ရပါ တယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော်သိချင်တာက ဒဂုံမြို့သစ်(မြောက်ပိုင်း)မှာရှိတဲ့ မြေကွက်တွေကို ဘယ်လိုမူနဲ့ချပေးနေသလဲလို့ သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လင်းဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တာဦးခင်မောင်မောင်မှ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ မြေကွက်များကို မည်သည့်မူအားဖြင့် ချထားပေးသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးတင်ထွန်းအောင်(ခ) ရုပ်ရှင် သရုပ်ဆောင် ဦးနေအောင်အား ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၁၆)ရပ်ကွက်၊ မောင်းမကန်လမ်းမ ကြီးဘေး မြေ ၄ ဧက ချထားပေးခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၄-၂-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ်(၅/၂၀၁၆) ဆုံးဖြတ်ချက်အပိုဒ်(၁၁၁)အရ ဦးတင်ထွန်းအောင်(ခ)ဦးနေအောင်သို့ အောက်ပါအချက်များအတိုင်း ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။ (က) ဝယ်ယူခွင့်ပြုခဲ့တဲ့ မြေနေရာအတွင်းရှိ ချောင်းဘေး ဝဲ/ယာကို စက်ဝင်လမ်း ပေ ၂၀ သတ်မှတ်၍ ဦးတင်ထွန်းအောင်(ခ)ဦးနေအောင်မှ ချောင်းကိုရေစီး ရေလာကောင်းမွန်ရေးပြုပြင်မွမ်းမံ

စေရန်၊ (ခ) ကျန်မြေကွက်ဧရိယာကို မြေကွက်နံပါတ်မှတ်သားရေးထိုး၍ ၁ စတုရန်းပေလျှင် ၂၅၀၀ ကျပ်နှုန်းပေးသွင်းစေရန်၊ (ဂ) အထက်အပိုဒ်(က)နှင့်(ခ)ကို ဆောင်ရွက်ပြီးပါက မြေချပါမစ်ထုတ်ပေး ရန်၊ မြေချပါမစ်ထုတ်ပေးပြီးပါက ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီသို့ ဆက်လက် လွှဲပြောင်းဆောင်ရွက်သွားရန်ဆိုပြီးဖြစ်ပါတယ်။ အထက်ပါဆုံးဖြတ်ချက်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/ဘီ)၊ မြေကွက်အမှတ် (က၊ခ၊ဂ)၊ ဧရိယာ ဝ.၇၁၃ ဧက၊ ဧရိယာ ၁.၃၃၃ ဧကနှင့် ဧရိယာ ဝ.ဝ၈၅ ဧက စုစုပေါင်း ၂.၁၃၁ ဧကတို့ကို ဦးတင်ထွန်းအောင်(ခ)ဦးနေအောင်သို့ မြေချပါမစ်ထုတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ ရဲမှူးချုပ်ဦးတင်စိုး(ငြိမ်း)အား အမှတ်(၄၈) ရပ်ကွက်မြေ ၂.၅ ဧက ချထားပေးခြင်းနှင့်စပ်လျဉ်း၍ ရဲမှူးချုပ်ဦးတင်စိုး(ငြိမ်း)မှ အဆိုပါမြေနေရာ အား မူလလယ်သမားများထံမှ ဝယ်ယူထားခြင်းဖြစ်၍ ၎င်းမြေနေရာကို မိသားစုနေအိမ်၊ ရုံးနှင့် ပရဟိတလုပ်ငန်းအတွက် မြေနေရာသုံးစွဲခွင့်ပြုပါရန် လျှောက်ထားခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့လျှောက်ထားမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လက်ခံရရှိထားသော ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)၊ မြေကွက်လပ်မြေနေရာဧရိယာ ၁.၇၅ ဧကဖြစ်ပါကြောင်း၊ မူလလယ်သမား ဦးဉာဏ်မြင့်မှ ရဲမှူးချုပ် တင်စိုး(ငြိမ်း)သို့ လွှဲပြောင်းရောင်းချလိုက်သော မြေပေါ်တွင် တစ်စုံတစ်ရာလုပ်ငန်းဆောင်ရွက် ထားခြင်းမရှိဘဲ မြေကွက်လွတ်အဖြစ်တည်ရှိပြီး (လ/န၃၉) ခွင့်ပြုပြီးမြေ ၁.၇၅ ဧကသည် လစ်လပ် မြေနေရာဖြစ်၍ ဈေးနှုန်းသက်မှတ်ပြီးရောင်းချပေးပါရန် ၁၅-၁၂-၂၀၁၅ ရက်နေ့တွင် ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အကြောင်းကြား ခဲ့ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့မြေစာရင်းတို့ တွင် မှတ်သားပါဝင်မှုမရှိခြင်း၊ မြို့ကွက်ချမြေပုံနှင့် မြေငှားခစည်းကြပ်မှုစာရင်းတို့တွင် မှတ်သားပါဝင်မှု မရှိခြင်း၊ မြေပြင်တွင် မြေတိုင်းရပ်ကွက်အမှတ်(၄၈ U10)၊ မြေကွက်အမှတ်(Open Space H)အဖြစ် မှတ်သားပါဝင်ခြင်းတို့ကို စိစစ်တွေ့ရှိရပါတယ်။ အဆိုပါမြေကွက်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့မှ စီမံခန့်ခွဲခွင့်ရှိသောမြေဖြစ်သည့်အတွက် သတ်မှတ်ဝန်ဆောင်ခ တစ်စတုရန်းပေလျှင် ၉၀၀ နှုန်းဖြင့် ၅၂၂၇၂ စတုရန်းပေ၊ ၁.၂၀ ဧကအား ရဲမှူးချုပ်တင်စိုး(ငြိမ်း)အမည်ဖြင့် မြေငှားစာချုပ် ဂရန်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။

ဒေါ်တင်တင်မြင့်အား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ် ၄၈ ရပ်ကွက်၊ U10 မြေကွက် အမှတ်(၄၆၄/အေ) ၂ ဧကချထားပေးခြင်းနှင့်စပ်လျဉ်း၍ အဆိုပါမြေနေရာသည် ရန်ကုန်မြို့တော်

စည်ပင်သာယာရေးကော်မတီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဗိုလ်မှူးဗထူးအိမ်ရာ စီမံကိန်း Phase II တွင်ပါဝင်သောမြေနေရာဖြစ်ပြီး အဆိုပါနေရာတွင် ဇေယျသိဒ္ဓိစာသင်တိုက်ဟု Block Map တွင် ပါဝင်သဖြင့် ၎င်းကျောင်းမြေနေရာ ပြန်လည်ရရှိရေးအတွက် ဆရာတော်ဘဒ္ဒန္တဝေရောစနမှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါတယ်။ ဆရာတော်မှလည်း အခွန်လွတ်သာသနာ့မြေအဖြစ် ရရှိသောမြေကွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပြန်လည်စွန့်လွှတ်သဖြင့် သာသနာ့ဂရန်ပယ်ဖျက်ရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ပြည်ထဲရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၇-၈-၂၀၁၅ ရက်စွဲပါစာဖြင့် ၆-၈-၂၀၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ အစည်းအဝေးအမှတ်စဉ်(၈/၂၀၁၅)မှ အခွန်လွတ် သာသာနာ့မြေပယ်ဖျက်ကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ စွန့်လွှတ်မှုအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ မြေအစားထိုးပေးရေးအကြောင်းကြားခဲ့ရာ မူလနေရာနှင့်အနီးရှိ မြေကွက်ကိုအစားထိုးပေးရန် ဆောင်ရွက်ခဲ့ရာမှာ ဆရာတော်မှ ပစ္စည်းလေးပါးဒါယိကာမ ဒေါ်တင်တင်မြင့်မှ လှည်းကူးမြို့နယ်၊ သာယာရေးရပ်ကွက်မှာ မြေဧရိယာ ၁၃.၂ ဧကအား သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ်အပါအဝင် ဝိပဿနာရိပ်သာကို ဆောက်လုပ်၍ ရေစက်သွန်းချလှူဒါန်းထားခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့ပါ၍ ဇေယျသိဒ္ဓိစာသင်တိုက်မြေနေရာအတွက် အစားထိုးပြန်လည်ပေးအပ်မည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၈ U 10)ရှိ မြေနေရာကို နှစ် ၆၀ ဂရန်ကို ပစ္စည်းလေးပါးဒါယိကာမ ဒေါ်တင်တင်မြင့် အမည်ဖြင့် ခွင့်ပြုချထားပေးနိုင်ပါရန် ၁၀-၅-၂၀၁၆ ရက်စွဲပါစာဖြင့် ဆရာတော်ဘဒ္ဒန္တဝေရောစနမှ မေတ္တာရပ်ခံခဲ့ပါသဖြင့် ဒေါ်တင်တင်မြင့်အမည်ဖြင့် မြေကွက်အမှတ်(၄၆၄/အေ)ဟုမှတ်သားပြီး နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) ထုတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။

လူမှုကူညီရေးအသင်း(သယ်န်းကျွန်း) ရန်ကုန်အသင်းပိုင်မြေအဖြစ် ယခု ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၈)ရပ်ကွက်၊ ကွင်းအမှတ်(၄၆၆)၊ ဦးပိုင်အမှတ်(၉/၃)၊ (၁၀/၁)၊ (၁/၁၂)တို့တွင် မြေတစ်ဧကခန့် ချထားပေးခြင်းနှင့်စပ်လျဉ်း၍ သယ်န်းကျွန်းမြို့နယ်၊ လူမှုကူညီရေးအသင်းမှ မြေနေရာလျှောက်ထားမှုအပေါ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးသည့် သယ်န်းကျွန်းမြို့နယ်၊ ၂၉/သုဝဏ္ဏ(တန်ဖိုးနည်း)၊ ပိတောက်လမ်းနှင့် ကောက်လျင်လမ်းထောင့်နေရာအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များမှ

အစည်းအဝေးမှ ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ယင်းနေရာကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လူပုဂ္ဂိုလ်များအမည်ဖြင့် မြေချပါမစ်များချထားပေးကြောင်းသိရသဖြင့် အစားထိုးနေရာအဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၈)ရှိ မြေနေရာအစားထိုးပေးရန် တင်ပြမှုအပေါ် ၂၃-၁-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကော်မတီဝင်များအစည်းအဝေး (၃/၂၀၁၇)အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသော မြေဧရိယာ ၀.၈၆ ဧကဖြင့် မြေဂရန်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တင်ပြပါ မြေငှားစာချုပ်ပါ(ဂရန်) ခွင့်ပြု ဆောင်ရွက်ခြင်းများသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်းတည်ရှိပြီး မြို့ကွက်ချမြေပုံ(Block Map)တွင် ပါဝင်သည့်မြေများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသော မြေများဖြစ်သည့်အတွက် ၂၀၁၃ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၏ဥပဒေ အခန်း(၅) ပုဒ်မ ၁၅ ပုဒ်မခွဲ(ဂ)အရ ဥပဒေ၊ နည်းဥပဒေ၊ မြေစီမံ ခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဒေါက်တာခင်မောင်မောင်[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]။** ။ လေးစားအပ်ပါ သော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးခွင့်ပြုပါ။ အခုလို လာရောက်ဖြေကြားပေးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်မေးတာက ကျွန်တော်တို့နိုင်ငံမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြို့တော်စည်ပင်သာယာရေး ကော်မတီတို့မှာ ဥပဒေအရ လုပ်ပိုင်ခွင့်ရှိတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ ကျွန်တော် သိချင်တာ က ဒီလိုမြေတွေချပေးတဲ့အခါမှာ မူဝါဒရှိရမယ်။ အခု လယ်ယာမြေတွေကို ကျွန်တော်တို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)က အစတုန်းက လယ်ကွက်ကြီးတွေပါ။ အဲဒီလယ်တွေကို သိမ်းတယ်။ မြို့သစ် တည်ထောင်တယ်။ ကွက်လပ်တွေကျန်ခဲ့တယ်။ အဲဒီတော့ လယ်သမားတွေက ပြန်လျှောက်ပါ။ လယ်ယာမြေနှင့် အခြားမြေများ ပြန်လည်စိစစ်ရေးကော်မတီဖွဲ့ပြီးတော့ ပြန်လျှောက်ပါလို့ပြောတဲ့အခါ မှာ သူတို့က အားရဝမ်းသာလျှောက်ကြပါတယ်။ အဲဒီတော့ အဲဒီလိုလျှောက်နေတဲ့အခါမှာ ဒီမြေကွက် တွေကို ဒီဗဟိုက၊ အစိုးရကချထားတဲ့မူနဲ့ဆန့်ကျင်ပြီးတော့ လယ်သမားမြေကို ထပ်ပြီးဂရန်ချပေးနေ တဲ့ကိစ္စဖြစ်ပါတယ်။ ဥပမာပြောရမယ်ဆိုရင် နောက်ဆုံး လူမှုကူညီမှုအသင်းအဖွဲ့(သဃ်န်းကျွန်း )က

၃၀-၃-၂၀၁၇ ရက်နေ့မှာ ချပေးတာပါ။ ကျွန်တော်တို့ မြေ/စစ်ကော်မတီက ဆင်းစစ်တဲ့အချိန်မှာပဲ ဒီမြေဂရန်ထွက်လာပါတယ်။ အဲဒီတော့ အပေါ်ကပြောချင်တာပြော အောက်ကလူတွေက လုပ်ချင်တာ လုပ်ဆိုတဲ့သဘောမျိုးဖြစ်နေတဲ့အတွက် ဘယ်လိုမူနဲ့လုပ်သလဲလို့ ကျွန်တော် သိချင်တာပါ။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ အဲဒီဘယ်လိုမူနဲ့လုပ်တယ်ဆိုတာပဲ တိုတိုနဲ့လိုရင်းလေး ဖြေပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ အဖွဲ့ကိုယ်စား လာရောက်ဖြေကြားခြင်းဖြစ်တဲ့အတွက်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီထပ်ဆင့်မေးခွန်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်မေးမြန်းပြီးတော့ ဖြေကြားသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်အနေနဲ့ မူကို မေးတယ်ဆိုရင် ကျွန်တော်တို့ အစကတည်းက အဲဒီမှာက မေးရမယ့်မေးခွန်း။ အခုနက တစ်မှုချင်း၊ တစ်မှုချင်း။ ကိစ္စတစ်ခုချင်းကိုမေးသွားတယ်။ အဲဒီကိစ္စတစ်ခုချင်းကို မေးတယ်။ အဲဒီကိစ္စတစ်ခုချင်းဖြေတာပဲ ပေါ်သွားတယ်။ အဲဒီတော့ ကိုယ်စားလှယ်တွေအနေနဲ့ကလည်း သိရမှာက အခုနကလိုမေးမယ်ဆိုရင် အခုလို မူသဘောပဲ မေးရမယ်။ လူပုဂ္ဂိုလ်တစ်ဦး၊ တစ်ယောက်၊ ကိစ္စတစ်ခုအတွက် လွှတ်တော်မှာ ကျွန်တော်တို့ အဲဒီလို တစ်ဦး၊ တစ်ယောက်ကိစ္စတစ်ခုအတွက် မေးတယ်ဆိုရင် ကိုယ်စားလှယ်နဲ့မတူတော့ဘူး။ အဲဒီအမှု ကိစ္စအတွက် ရှေ့နေလိုက်တာနဲ့ သွားတူနေတယ်။ မူမေးတာနဲ့မတူဘူး။ အရမ်းကွာတယ်။ ဒါ ကျွန်တော်တို့ သိဖို့လိုပါတယ်။ အခုနကတည်းက အဲဒီလိုမေးလိုက်လို့ရှိရင် ဝန်ကြီးဌာနက အဲဒီအဖြေ ပါလာမယ်။ အခုနက Case by တစ်ခုချင်းတစ်ခုချင်းကို မေးလိုက်တဲ့အခါကျတော့ အဲဒီအတွက်ပဲ အဖြေပါလာတယ်။ မေးကတည်းကိုက အဲဒီလိုမေးရမှာမဟုတ်ဘူး။ ဒါတစ်ချက်။

နောက်တစ်ခုက အခုနကပြောသွားတဲ့အထဲမှာ ကျွန်တော် ကြားလိုက်ပါတယ်။ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတုန်းက အလားတူ ဒီလိုမေးခွန်းတွေကို မေးခဲ့တယ်လို့ ကိုယ်စားလှယ်ကြီးက ပြောသွားတယ်။ ကျွန်တော်တို့ မေးခွန်းနှစ်ခု အရမ်းကွာတယ်။ ဒီမေးခွန်းမှာ စာလေးက နှစ်ကြောင်းပဲ ရှိတယ်။ ဒီမေးခွန်းမှာစာက အားလုံးပေါင်းရှစ်ကြောင်းရှိတယ်။ ကျွန်တော် ဒါ အခု ချက်ချင်းရှာခိုင်း တာ။ ရေးတာကအများကြီးပဲ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဒဂုံမြို့သစ်

(မြောက်ပိုင်း)ရှိမြေကွက်များ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ အဲဒီကနေရေးသွားရတာ ရပ်ကွက်ရေစက်ကွင်းများ၊ ကလေးကစားကွင်းများ၊ ပန်းခြံများ၊ အများပိုင်မြေများ၊ မီးတားကွက်များ၊ ဂရန်ချထားပေးရန်ရှိ/မရှိ။ ရှိခဲ့ပါလျှင် အဘယ်ကြောင့်ကြောင်း။ မရှိလျှင် ဘယ်လိုလဲ။ ဒီလိုမေးထားတယ်။ ထိုင်ပါ။ အဲဒီတော့ ကျွန်တော် ပြောချင်တာက အခုနက ဆွေးနွေးတဲ့အထဲမှာပါသွားတယ်။ ဒုတိယအကြိမ်တုန်းက ဒီလိုမူကို ကျွန်တော်မေးခဲ့တယ်။ အလားတူမေးခဲ့တယ်လို့ ကိုယ်စားလှယ်ကိုယ်တိုင်ပြောပါတယ်။ မှတ်တမ်းလည်းရှိတယ်။ ကျွန်တော်ပြောပြပါမယ်။ ကျွန်တော် အမြဲပြောတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်များဟာ နည်းဥပဒေကို ကြေညက်အောင်ဖတ်ပါ။ နည်းဥပဒေအတိုင်းလုပ်ပါလို့ပြောတယ်။ နည်းဥပဒေ ၁၄၀ မေးခွန်းနဲ့ပတ်သက်တဲ့ကန့်သတ်ချက် (စ)မှာ လွှတ်တော်တွင်ဖြေဆိုပြီးသောမေးခွန်း၊ သဘောထားချင်းတူညီသောမေးခွန်း၊ လွှတ်တော်မှာ ဖြေဆိုဖို့ ငြင်းဆိုခဲ့ပြီးသောမေးခွန်းမဖြစ်ရဘူး။ အဲဒီတော့ ကိုယ်စားလှယ်တွေအပိုင်းကလည်း အလားတူမေးခွန်းမမေးရဘူး။ သဘောထားတူတဲ့မေးခွန်း မမေးရဘူး။ ဖြေပြီးတဲ့မေးခွန်းလည်းမမေးရဘူး။ ငြင်းပြီးတဲ့မေးခွန်းလည်းမမေးရဘူး။ ဒါပေမဲ့ အခု ဒီမှာ မေးခွန်းကွဲလို့ပါသွားတာ။ မေးခွန်းကွဲလို့ပါသွားတဲ့အခါကျတော့ကျွန်တော် အခု ဒါ ရုံးပိုင်းဆိုင်ရာကိုချက်ချင်းမေးတယ်။ ဒါ ဘယ်လိုဖြစ်သလဲ။ ဒီမှာလာပြတယ်။ အမိပ္ပာယ်လည်းကွာတယ်။ သို့သော် တူတယ်ဆိုရင် လွှတ်တော်ကလည်း ပေးမှာမဟုတ်ဘူး။ ဒါလွှတ်တော်ရုံးပိုင်းဆိုင်ရာအပိုင်း၊ ကိုယ်စားလှယ်တွေအနေနဲ့ကလည်း သဘောထားတူတဲ့မေးခွန်း၊ အလားတူတဲ့မေးခွန်း၊ လွှတ်တော်မှာ ဖြေပြီးတဲ့မေးခွန်း၊ လွှတ်တော်မှာ ဖြေဖို့ ငြင်းပြီးတဲ့မေးခွန်းမမေးရဘူး။ အဲဒါ နည်းဥပဒေ ၁၄၀ နည်းဥပဒေခွဲ(စ) အဲဒါကိုလည်း လေးစားလိုက်နာဖို့ လိုပါတယ်။ ဒါကိုယ်စားလှယ်ကိုလည်း ကျွန်တော်တို့ အသိပေးအပ်ပါတယ်။

**စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၃၉ ပါ သက်ဆိုင်ရာတာဝန်ခံဝန်ကြီးဌာနက ဆောင်ရွက်ရမည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ဆောင်ရွက် ထားခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေပုဒ်မ ၃၉ ပါ သက်ဆိုင်ရာတာဝန်ခံဝန်ကြီးဌာနက ဆောင်ရွက်ရမယ့်နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်

ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ထုတ်ပြန်ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဒီမေးခွန်းဖြစ်ပေါ်လာရတဲ့အကြောင်းအရင်းကတော့ ကျွန်တော်တို့နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အတွက်ကို အိမ်ခြံမြေရောင်းဝယ်ရေးလုပ်ငန်းဟာ အင်မတန်မှအရေးပါပါတယ်။ အိမ်ခြံမြေရောင်းဝယ် ရေးလုပ်ငန်းနဲ့ဆက်စပ်ပြီးတော့ ဆောက်လုပ်ရေးလုပ်ငန်းဖွံ့ဖြိုးရေးဆိုတာလည်း အင်မတန်မှ အရေး ပါတဲ့ကဏ္ဍမှာရှိပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာမှာ အလုပ်သမားတွေ၊ ရာပေါင်းမြောက်များစွာ၊ ထောင်ပေါင်းမြောက်များစွာ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေး နိုင်မှာဖြစ်ပါတယ်။ ရောင်းလိုအားကွန်ယက်ကို ကြီးထွားလာစေပြီးတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အတွက်ကို အင်မတန်မှ အထောက်အပံ့ဖြစ်စေမှာဖြစ်ပါတယ်။ ဒါကြောင့် အိမ်ခြံမြေရောင်းဝယ်ရေး လုပ်ငန်းနှင့်ပတ်သက်ပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက်က အခု ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့တဲ့ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကို သက်ဝင်စေလိုပါတယ်။ ဒီဥပဒေရဲ့အခန်း(၇) နှင့် အခန်း(၈)မှာဆိုလို့ရှိရင် အိမ်ခန်းတွေကို ရောင်းဝယ်ခွင့်၊ ငှားရမ်းခွင့်၊ ပေါင်နှံခွင့်ကို ကျယ်ကျယ် ပြန့်ပြန့်နဲ့ပေးထားပါတယ်။ နိုင်ငံခြားသားများပင်လျှင် ရောင်းဝယ်ခွင့်၊ ပိုင်ဆိုင်ခွင့်၊ အပေါင်ခံခွင့်တွေ ကိုလည်း ထည့်သွင်းထားပါတယ်။ ဒါကြောင့် ဒီဥပဒေသာ အသက်ဝင်ခဲ့မယ်ဆိုခဲ့လို့ရှိရင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဟာ အိမ်ခြံမြေဈေးကွက်အတွင်းကို လိမ့်ဝင်လာနိုင်ပါတယ်။ ဒါဟာ ကျွန်တော်တို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို အင်မတန်မှ အခွင့်သာစေပါတယ်။ နောက်တစ်ချက်က အိမ်ခန်းကိုပိုင်ဆိုင်တဲ့ပိုင်ရှင်တွေအနေနဲ့ ဘဏ်တွေမှာ ဒါကိုပေါင်နှံခွင့်ရှိလာမှာ ဖြစ်တဲ့အတွက် အရင်းအနှီးတွေဟာ အိပ်မနေတော့ဘဲနဲ့ လည်ပတ်နေမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဥပဒေနှင့်ပတ်သက် ပြီးတော့ သက်ဝင်စေဖို့အတွက်ကို နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ စသည်ဖြင့် ဒါတွေ အားလုံး အမြန်ဆုံးထွက်ပေါ်စေဖို့ စိတ်ဆန္ဒနဲ့မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသောဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဘိုဘိုဦးမှ မေးမြန်းထားတဲ့ စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာဥပဒေကို ၂၉-၁-၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ကဥပဒေအမှတ်-၂၄ ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပြီး

ဖြစ်သော်လည်း ၎င်းဥပဒေ ပုဒ်မ ၃၉ ပါ သက်ဆိုင်ရာတာဝန်ခံဝန်ကြီးဌာနက ဆောင်ရွက်ရမည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်တွင် ထုတ်ပြန်မည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ ၂၉-၁-၂၀၁၆ ရက်နေ့မှာ ဥပဒေအမှတ်-၂၄ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးတော့ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေ(မူကြမ်း)ရေးဆွဲရေးအဖွဲ့ကို ၅-၂-၂၀၁၆ ရက်နေ့မှာ ဖွဲ့စည်းပြီးတော့ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများရဲ့အကြံပြုချက်များကို တောင်းခံပြီးတော့ နည်းဥပဒေ (မူကြမ်း)ကို ပြုစုရေးဆွဲခဲ့ပါတယ်။ နည်းဥပဒေ(မူကြမ်း)အပေါ်မှာ ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Transport and Tourism မှ ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များဖြင့် ပြန်လည်ဆွေးနွေးသည့် ဆွေးနွေးပွဲကို ၈-၃-၂၀၁၆ ရက်နေ့မှာလည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများရဲ့ ထပ်မံညှိနှိုင်းသည့်အစည်းအဝေးကို ၈-၄-၂၀၁၆ ရက်နေ့နှင့် ၂၈-၁၂-၂၀၁၆ ရက်နေ့များတွင် လည်းကောင်း၊ စင်္ကာပူနိုင်ငံ စုပေါင်းပိုင်အဆောက်အအုံ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ကိုးကားလေ့လာနိုင်ရေးအတွက် Singapore Land Authority မှ ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲကို ၂၆-၄-၂၀၁၇ ရက်နေ့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါအစည်းအဝေးပွဲများအပြင် စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေနှင့်အတူ လိုအပ်တဲ့ ညွှန်ကြားချက်၊ ပုံစံနှင့် မှတ်ပုံတင်စနစ်တို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဌာနတွင်း အစည်းအဝေးပွဲများကိုလည်း အပတ်စဉ် ကျင်းပပြုလုပ်ရေးဆွဲခဲ့ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ရေးဆွဲထားတဲ့ နည်းဥပဒေ(မူကြမ်း)ကို ဥပဒေကြောင်းအရ အကြံပြုပြန်ကြားပေးနိုင်ရန် ၁၆-၅-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပထမအကြိမ် ပေးပို့ခဲ့ပါတယ်။ ယင်းနည်းဥပဒေ(မူကြမ်း)အပေါ် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများကို ဖိတ်ခေါ်၍ ညှိနှိုင်းဆွေးနွေးခြင်းကို ၂၇-၆-၂၀၁၇ ရက်နေ့နှင့် ၁၁-၇-၂၀၁၇ ရက်နေ့များမှာ ပြည်သူ့လွှတ်တော် ရေးရာဆောင်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အထက်ပါ ညှိနှိုင်းဆွေးနွေးချက်များအရ ပြင်ဆင်ရေးဆွဲထားတဲ့နည်းဥပဒေ(မူကြမ်း)ကို ဥပဒေကြောင်းအရ အကြံပြုပြန်ကြားနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ၁၄-၇-၂၀၁၇ ရက်နေ့တွင် ဒုတိယအကြိမ် ထပ်မံပေးပို့ခဲ့တဲ့နေရာမှာ ၃-၈-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ အကြံပြုချက်(၇)ချက်နဲ့ သဘောထားပြန်ကြားလာပါတယ်။ အဆိုပါအကြံပြုချက်များအတိုင်း ပြင်ဆင်ရေးဆွဲထားတဲ့ နည်းဥပဒေ(မူကြမ်း)ကို ၇-၈-၂၀၁၇ ရက်နေ့မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တတိယအကြိမ် ပြန်လည်ပေးပို့ခဲ့ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေ (မူကြမ်း)အပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ၁၈-၈-၂၀၁၇ ရက်နေ့မှာ အကြံပြုချက်နှစ်ချက်နဲ့ သဘောထားမှတ်ချက် ပြန်ကြားလာပါတယ်။ အဲဒီသဘောထားမှတ်ချက်များအတိုင်း ပြင်ဆင်ရေးဆွဲပြီးတော့ ၂၃-၈-၂၀၁၇ ရက်နေ့၊ မနေ့ကတုန်းကပဲ။ ကျွန်တော်တို့ နိုင်ငံတော်သမ္မတရုံးကို ဆက်လက်တင်ပြထားပြီး ဖြစ်ပါတယ်ခင်ဗျား။ ခွင့်ပြုချက်များရရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ နည်းဥပဒေ အမြန်ဆုံး အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**ကျွန်းကလေးတံတားနေရာတွင် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြင့် အစားထိုးတည်ဆောက်ပေးရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လျာထားသတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်း(လက်ပံတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ကျွန်တော်တို့ လက်ပံတန်းမြို့နယ်မှာရှိတဲ့ ဒုတိယကမ္ဘာစစ်အတွင်းက တည်ဆောက်ခဲ့ပြီးတော့ စစ်ဘေးစစ်ဒဏ် အကြိမ်ကြိမ်ခံခဲ့ရတဲ့ ကျွန်တော်တို့ ကျွန်းကလေးတံတားနေရာမှာ နှစ်လမ်းသွား သံကူကွန်ကရစ် တံတားဖြင့် အစားထိုးတည်ဆောက်ပေးမယ့်အစီအစဉ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ လျာထားခြင်း ရှိ/မရှိကို မေးမြန်းမယ့်မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းကို Power Point ဖြင့် တင်ပြစေချင်ပါတယ်။ ဒီတံတားကတော့ ကျွန်တော်တို့ ကျွန်းကလေးတံတားလို့ ခေါ်ပါတယ်။ တံတားအမှတ်ကတော့ (၃/၈၉)ဖြစ်ပါတယ်။ ဒီတံတားဟာ ကျွန်တော်တို့ ကျွန်းကလေး- လက်ပံတန်း ဆောက်လုပ်ရေးပိုင်လမ်းပေါ်မှာရှိပါတယ်။ ကျွန်းကလေးရွာအနီးက ကျွန်းကလေးချောင်းပေါ်မှာ

တည်ဆောက်ထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်းကလေးတံတားလို့ နာမည်တွင်ပါတယ်။ တံတားနဲ့ ပတ်သက်တဲ့အချက်အလက်တွေကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းပေါ်မှာတည်ရှိတာရယ်၊ အရှည် ၁၃၀ ခန့်ရယ်၊ အကျယ် ၁၂ ပေရှိတဲ့ သံဘောလီအမျိုးအစားတံတားဖြစ်ပါတယ်။ တစ်လမ်းမောင်းတံတားလည်းဖြစ်ပါတယ်။ တံတားရဲ့သက်တမ်းကို ကျွန်တော်ပြန်လည်ရှာဖွေပြီးတော့မှ လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့ စာရေးဆရာ မန်းတင်ရဲ့ မြို့ပိုင်မောင်ပြုံးချိုရဲ့ဘဝ အထွေထွေစာအုပ်မှာ ဒီကျွန်းကလေးတံတားခေါင်းစဉ်နဲ့ ဆောင်းပါးလေးတစ်ပုဒ် ကျွန်တော်ဖတ်ကြည့် မိပါတယ်။ တံတားရဲ့ရာဇဝင်ကို အနီးစပ်ဆုံး အဲဒီမှာကျွန်တော်တွေ့ရပါတယ်။ ဘယ်နှစ်ခုနှစ်ကတည် ဆောက်ထားတယ်ဆိုတာ တိတိကျကျမသိရပေမဲ့လို့ မြို့ပိုင် မောင်ပြုံးချိုရဲ့ မြို့အုပ်ပေါက်စ နယ်ပိုင်ဘဝ ဒီ သာစည်နဲ့လက်ပံတန်းမှာတာဝန်ကျစဉ်က ရေးသားမှတ်ထားတဲ့ မှတ်တမ်းဖြစ်ပါတယ်။ အဲဒီမှာဆိုလို့ရှိရင် ၁၉၄၂ ခုနှစ်မှာ ဂျပန်နဲ့ ဘီအိုင်အေတပ်တွေပေါင်းပြီးတော့မှ အင်္ဂလိပ်ကိုတော်လှန် တဲ့အချိန်မှာ အင်္ဂလိပ်စစ်တပ်က လက်ပံတန်း- ပြည်လမ်းမကြီးပေါ်က ယခုကျွန်းကလေးတံတားကို မိုင်းခွဲပြီးတော့မှ ချိုးဖျက် ဖျက်ဆီးခဲ့လို့ တံတားကြီးပျက်စီးခဲ့ရပါတယ်။ ဒါကတစ်ကြိမ်ပါ။ နောက် တစ်ကြိမ်ကျတော့ ဒီပျက်စီးသွားတဲ့တံတားကိုပဲ ဂျပန်စစ်တပ်နဲ့မြို့လူထုက ပြန်လည်ပြင်ဆင်ပြီးတော့မှ အသုံးပြုခဲ့ပါတယ်။ အဲဒါနဲ့ ၁၉၄၅ ခုနှစ်အကြာမှာတော့ ဂျပန်ကို အင်္ဂလိပ်နဲ့ပေါင်းပြီးတော့မှ တော်လှန်တဲ့အခါမှာ အင်္ဂလိပ်စစ်တပ်က လက်ပံတန်းမှာရှိတဲ့ ဂျပန်တပ်တွေကို လေယာဉ်အစီး ၅၀ လောက်နဲ့ လာဗုံးကြဲခဲ့တဲ့အခါမှာ ကျွန်တော်တို့ကျွန်းကလေးတံတားကြီးဟာလည်း ထပ်မံပျက်စီးခဲ့ရ ပြန်ပါတယ်။ အင်္ဂလိပ်က ပြန်လည်ပြင်ဆင်ပြီး အသုံးပြုပါတယ်။ လွတ်လပ်ရေးက ၁၉၄၈ ခုနှစ်မှာ ရတယ်။ ၁၉၄၉ ခုနှစ်မှာတော့ ပြည်တွင်းသောင်းကြမ်းမှုဖြစ်ပွားတဲ့အခါမှာ ပြည်ဘက်ကဆင်းလာတဲ့ ရဲဘော်ဖြူနဲ့ ကွန်မြူနစ်တပ်ပေါင်းတွေကနေပြီးတော့မှ သာစည်မြို့ကိုသိမ်းပါတယ်။ သိမ်းတဲ့တပ်ကို ကျွန်တော်တို့ အစိုးရတပ်ပေါင်းစုကနေပြီးတော့မှ ပြန်လည်တိုက်ခိုက်ခဲ့တဲ့အခါမှာ အဲဒီ သူပုန်တွေက အဲဒီတံတားကြီးကို ထပ်ပြီးတော့မှ ချိုးဖျက်ခဲ့ပါတယ်။ အဲဒီလိုချိုးဖျက်ပြီးတော့မှ တပ်မတော်ကနေပြီး တော့မှ ဒီတံတားကို ပြန်လည်ပြင်ဆင်ပြီးတော့မှ အသုံးပြုပြီး တံတားဖွင့်မယ့်နှစ်ရက်အလိုမှာ စောစော ကတိုက်သွားတဲ့ သူပုန်တပ်ဖွဲ့ကနေပြီးတော့မှ ဒီတံတားကြီးကို လေးဘက်လေးတန်ကနေပြီးတော့ လာရောက်ဝိုင်းဝန်း တိုက်ခိုက်တဲ့အတွက်ကြောင့် ဒီတံတားကြီးဟာ ပြန်လည်ပြီးတော့မှ ကျိုးပျက် သွားတဲ့အတွက်ကြောင့် နောက်ဆုံး လေးကြိမ်မြောက်ပျက်စီးခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ အဲဒီတံတား ကို ပြန်လည်ပြင်ဆင်ပြီး အသုံးပြုတာတော့ ယနေ့အထိပါပဲ။ အဲဒီတော့ ၂၀၀၉-၂၀၁၀ ခုနှစ်မှာတော့

တံတားကြီးဟာ တဖြည်းဖြည်းနဲ့ အလယ်ကကွေးလာလို့ ယခုပုံမှာမြင်ရတဲ့အတိုင်းပဲ အောက်ကနေပြီးတော့မှ သစ်သားထောက်တွေနဲ့ အသုံးပြုခဲ့ပါတယ်။ အခုတော့ ဒီတံတားဟာ ၁၀ တန်မျှပင် မခံနိုင်တော့ပါဘူး။ မခံနိုင်တဲ့တံတားကို ကျွန်တော်တို့ ဘယ်လိုသွားနေရသလဲဆိုတော့ အခုပုံမှာမြင်ရတဲ့ အဝါရောင်က ရန်ကုန်-ပြည်လမ်းပါ။ အဲဒီ ရန်ကုန်- ပြည်လမ်းကနေပြီးတော့မှ ဟိုဘက် ကြေးနီကနေပြီးတော့မှ တံတားအသစ် ဘက်ကနေပြီးတော့ ကျွန်တော်တို့ မြို့ထဲကို အဲဒီလိုသွားရပါတယ်။ အဲဒီတော့ အရှေ့ဘက်လမ်း တာဆုံကနေပြီးတော့မှ အခု ကျွန်းကလေးတံတားဆိုတဲ့ စက်ဝိုင်း လည်နေတဲ့တံတားလေးကို ဖြတ်မယ်ဆိုရင် ပေက ၁၁၀၀၊ ၁၂၀၀ လောက်ပဲရှိပါတယ်။ ဟိုဘက်ကနေပြီးတော့မှ ကျွန်တော်တို့ ဒီကြေးနီဘက်က နေပြီးတော့မှ ကွေ့သွားတဲ့လမ်းဆိုရင် တစ်မိုင်နဲ့သုံးဖာလုံရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လမ်းခရီးတိုတိုနဲ့ မြို့တွင်းထဲကို ကျွန်တော်တို့သွားရတဲ့၊ လမ်းပေါ်မှာရှိတဲ့ ဒီကျွန်းကလေးတံတားကို ကျွန်တော်တို့ သံကူကွန်ကရစ်နဲ့ ခေတ်မီတဲ့တံတားအဖြစ် တည်ဆောက်ပေးမယ်ဆိုရင် ကျွန်တော်တို့ သွားရေးလာရေး အင်မတန်အဆင်ပြေပါတယ်။ ဒါကြောင့်မို့လို့ ယခု ဒီမေးခွန်းကို ကျွန်တော်မေးမြန်း ရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးတဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းမှ မေးမြန်းထားတဲ့ ဒုတိယကမ္ဘာစစ်အတွင်းက တည်ဆောက်ခဲ့ပြီး စစ်ဘေးဒဏ်ခံခဲ့ရတဲ့ ကျွန်းကလေးတံတားနေရာတွင် နှစ်လမ်းသွား သံကူကွန်ကရစ်တံတားဖြင့် အစားထိုးတည်ဆောက်ပေးရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားသတ်မှတ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်း-ကျွန်းကလေးလမ်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်း ဖြစ်ပါတယ်။ မိုင်တိုင်(၈၈/၃)နဲ့(၈၈/၄)ကြားမှာရှိတဲ့ တံတားအမှတ်(၃/၈၉) ကျွန်းကလေးတံတားဟာ ၁၃၀ ပေ အရှည်ရှိပြီးတော့ ခန်းဖွင့်မှာ ၄၅ ပေ၊ ၂ ခန်း၊ ၂၀ ပေ ၂ ခန်း၊ ၁၂ ပေ ၆ လက်မ အကျယ် Triple Single ဘေလီတံတား အမျိုးအစားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ၁၃ တန်ဖြစ်ပါတယ်။ တစ်နေ့တာ ဖြတ်သန်းသွားလာတဲ့ ပျမ်းမျှယာဉ်စီးရေက စက်ဘီး၊ ဆိုင်ကယ်တွေအပါအဝင် စုစုပေါင်းယာဉ်အစီးရေ ၂၀၀၀ ကျော် နေ့စဉ်ဖြတ်သန်းသွားလာ

လျက်ရှိပါတယ်။ ကျွန်းကလေးတံတားဟာ ဒုတိယကမ္ဘာစစ် ၁၉၄၂ ခုနှစ်မှာ ပထမအကြိမ်ဖျက်ဆီးခြင်းခံရပါတယ်။ ၁၉၄၅ ခုနှစ်မှာ မဟာမိတ်တွေ ပြန်လည်ဝင်ရောက်တဲ့အချိန်မှာလည်း ဒုတိယအကြိမ် ဖျက်ဆီးခြင်းခံခဲ့ရပါတယ်။ ၁၉၄၉ ခုနှစ် ဧပြီလ ပြည်တွင်းသောင်းကျန်းမှုကာလမှာလည်း တတိယအကြိမ် ဖျက်ဆီးခြင်းခံခဲ့ရပြီးတော့ ၁၉၄၉ ခုနှစ်မှာ ကျွန်တော်တို့ပြန်လည်တည်ဆောက်ပြီးတော့ တံတားဖွင့်ပြီး ၂ ရက်အကြာမှာလည်း ထပ်မံပြီးတော့ပဲ သောင်းကျန်းသူတွေ ဖျက်ဆီးတဲ့အတွက် စတုတ္ထအကြိမ် ပျက်စီးခဲ့ပါတယ်။ ဒါကိုပြန်လည်ပြင်ဆင်ပြီး လေးကြိမ်းတိုင်တိုင်ပြန်လည်ပြင်ဆင်ခဲ့တဲ့ ကျွန်းကလေးတံတားဟာ သက်တမ်းက နှစ်ပေါင်း ၁၀၀ ကျော်ပြီ ဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ အဆိုပါတံတားကို နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအဖြစ် ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးရန်ပုံငွေမှာ ကျွန်တော်တို့ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိရင် ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**တွံတေးတူးမြောင်းကို ဖြတ်ကျော်မည့် နောက်ထပ်မြစ်ကူးတံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တွံတေးမြို့က ရန်ကုန် (တောင်ပိုင်း)ခရိုင်ထဲမှာ ပါဝင်ပါတယ်။ ကျွန်တော်တို့ကျေးရွာ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အားလုံး ၇၃ အုပ်စု ရှိပါတယ်။ မြို့ပေါ်ရပ်ကွက် ၈ ခု ရှိပါတယ်။ လူဦးရေက ၂၂၀၀၀၀ ကျော်ရှိပါတယ်။ တွံတေးနဲ့ ရန်ကုန်အရင်တုန်းက ဆက်သွယ်တာကတော့ ဒလကနေပြီးတော့ ဒလတစ်ဘက်ကမ်း ပန်းဆိုးတန်းကနေပြီးတော့ ကူးပြီးတော့ ကားလမ်းနှင့်လာတဲ့ လမ်းတစ်လမ်းရှိပါတယ်။ နောက်တစ်ခုကတော့ တွံတေးတူးမြောင်း ၂၁ မိုင် လွန်ခဲ့တဲ့နှစ် ၁၀၀ လောက်ကတည်းက ဖောက်လုပ်ခဲ့တဲ့ တွံတေးတူးမြောင်းကနေပြီးတော့ ဆက်သွယ်တဲ့လမ်းရှိပါတယ်။ အဲဒီနှစ်လမ်းနဲ့ တွံတေးနဲ့ရန်ကုန်နဲ့ ဆက်သွယ်လို့ရကြပါတယ်။ နောက်ပိုင်းမှာတော့ တပ်မတော်အစိုးရလက်ထက်မှာ ဒီဘက်ကြည့်မြင်တိုင်တစ်ဘက်ကမ်းက လယ်မြေတွေကို လှိုင်သာယာမြို့အဖြစ်ပြောင်းလဲလိုက်ပြီးတော့ လှိုင်သာယာတံတားတွေ၊ ဘုရင့်နောင်တံတားတွေ တည်ဆောက်ခဲ့တယ်။ လှိုင်သာယာတံတား ဒီဘက်နေပြီးတော့ တွံတေးတံတားဆိုပြီးတော့ အဲဒီတံတားကိုလည်း လွန်ခဲ့တဲ့နှစ်အနည်းငယ်က

တည်ဆောက်ပေးခဲ့တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့မြို့နယ်က တွံတေးနဲ့ရန်ကုန်ဆိုရင် အရင်တုန်းကလို ရန်ကုန်မြစ်ကိုကူးပြီးတော့ ကူးတို့နဲ့ကူးပြီးတော့ သွားရတာမျိုးမရှိတော့ဘဲနဲ့ အဆင်ပြေပြေ သွားလာနိုင်ခဲ့ပါတယ်။ အရင်တုန်းကတော့ ၁၉၇၃ ခုနှစ်လောက်ကဆိုရင်သွားရတဲ့ တံတားကို တိုးအေးသင်္ဘောမြုပ်စဉ် လူ ၃၀၀ လောက် သေခဲ့တဲ့ဖြစ်ရပ်တွေပါ ရှိခဲ့ပါတယ်။ အခုတော့ နောက်ပိုင်းမှာ ဒါမျိုးတွေက မကြုံရတော့ပါဘူး။ အဲဒီလို တွံတေးတံတားကြီးတည်ဆောက်ပေးလိုက်တဲ့ အတွက်ကြောင့် အဆင်ပြေသွားပေမဲ့ ကျွန်တော်တို့မှာ ပေးကားပေး၏ မရဆိုတဲ့ အခြေအနေမျိုးလေး ဖြစ်နေပါတယ်။ ဒါကို ကျွန်တော်ရှင်းပြဖို့အတွက် Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ အဲဒါက တွံတေးတစ်ဘက်ကမ်းကရှိတဲ့ရွာတွေရော၊ အဲဒီရွာတွေက အဲဒီဘက်မှာ အများစုရှိပါတယ်။ အားလုံး အဲဒီရွာတွေက လူတွေကနေပြီးတော့ ခနော်နီခနော်နဲ့တံတားလေးကနေ ကူးနေရတာပါ။ ကူးတို့က နေပြီးတော့။ ဒါက တွံတေးဘက်ကမ်းကနေပြီးတော့ ဟိုဘက်ကမ်းကိုသွားဖို့အတွက် ကူးနေရတဲ့ပုံပါ။ အဲဒီမှာ စက်တပ်သမ္ဗာန်လေးတွေနဲ့ ကူးနေရတာပါ။ ဒါကတော့ တစ်ချိန်တုန်းကတော့ လူသူစည်ကားခဲ့တဲ့ တွံတေးဘောတံတားကြီးပေါ့။ အခုကတော့ ကြေးနဲ့ဖုတ်ဖုတ် ဖြစ်နေပါပြီ။ ပြတိုက်ဖြစ်ရတော့မှာပါ။ ဒါက စက်သမ္ဗာန်နဲ့ လူမနိုင်မနင်းနဲ့ တင်ပြီးကူးနေရတာပါ။ ဒီအခြေအနေကို ကြည့်ရင် မိုးရာသီ၊ ရာသီဥတုဆိုးရွားတဲ့အချိန်၊ ညဘက်တွေမှာ အန္တရာယ်အင်မတန်များပါတယ်။ သမ္ဗာန်တွေလည်း မကြာမကြာမှောက်ပါတယ်။ နစ်ပါတယ်။ သို့သော် များသောအားဖြင့် ရေကူးတတ်ကြတဲ့လူဆိုတော့ အသေအပျောက်ကတော့ မရှိပါဘူး။ သို့သော် ပစ္စည်းဆုံးရှုံးမှုတွေက မကြာခဏ ဖြစ်ပါတယ်။ ဒါကလည်း ဟိုဘက် တွံတေးတူးမြောင်းရဲ့တစ်ဘက်ကမ်းက ကူးတို့ဆိပ်တစ်ခုပါ။ အဲဒီမှာလည်းတံတားတွေ ခဏခဏကျိုးကျပါတယ်။ အဲဒါတွေက လူက မနိုင်ဝန်တာဖြစ်တဲ့အခါကျတော့ အဲဒီလိုဒုက္ခတွေ ကြုံတွေ့ရပါတယ်။ ဒါကတော့ တွံတေးက ဘုရားငုတ်တိုလမ်းဆုံကနေပြီးတော့ ဒလကိုသွားတဲ့ မိုင်တိုင်တွေကို ပြတာပါ။ ဒါကလည်း အခုနကပြောတဲ့ ဒလ-လှိုင်သာယာကိုပြတဲ့ မိုင်တိုင်တွေပါ။ ဒါကတော့ အပေါ်ကပုံကတော့ ကျွန်တော်တို့တွံတေးမြို့က မြန်မာနိုင်ငံမှာ တတိယဉာဏ်တော် အမြင့်ဆုံးဖြစ်တဲ့ ရွှေဆံတော်စေတီတော်မြတ်ဖြစ်ပါတယ်။ အောက်ကတော့ ဆောက်လုပ်ပေးခဲ့တဲ့ တွံတေးတံတားကြီး ဖြစ်ပါတယ်။

အဲဒီတော့ အခုနက ပြခဲ့တဲ့အတိုင်းပါပဲ။ တံတားကတော့ အသစ်ရပါပြီ။ သို့သော်လည်း ကျွန်တော်တို့မြို့တစ်ဘက်ကမ်းကလူတွေက တွံတေးမြို့ကိုကူးတဲ့အခါ၊ တွံတေးက ဟိုဘက်ကိုကူးတဲ့ အခါ အင်မတန်အခက်အခဲဖြစ်ပါတယ်။ ရန်ကုန်ကလာတဲ့ကားတွေဆိုလို့ရှိရင် ကန်ပဲ့ဆိုတာ တွံတေးနဲ့

ခြောက်မိုင်ခွဲလောက်ဝေးပါတယ်။ အဲဒီကနေပဲ ကွေ့သွားရင် တွံတေးမြို့ထဲကို မရောက်ဘူးဖြစ်နေပါတယ်။ အဲဒီတော့ တွံတေးမြို့ကလူတွေက တွံတေးမြို့ကိုလာချင်တဲ့ Tourist တွေ၊ အခြားသောကိစ္စနှင့်လာချင်တဲ့သူတွေက အဲဒီနားကနေဖြတ်ပြီးသွားတဲ့အခါကျတော့ တွံတေးမြို့က တံတားကသိပ်ပြီးတော့ အကျိုးသက်ရောက်မှုမရှိဘူးဖြစ်နေပါတယ်။ ဒါကြောင့်မို့လို့ နောက်ထပ် တွံတေးမြို့အတွက် မြစ်ကူးတံတား၊ တွံတေးတူးမြောင်းကို ကူးတဲ့တံတားတစ်စင်း တည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိဆိုတာကို လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ တွံတေးတူးမြောင်းကို ဖြတ်ကျော်မည့် နောက်ထပ်မြစ်ကူးတံတားတစ်စင်းတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တွံတေးတူးမြောင်းကို ဖြတ်ကျော်၍ နောက်ထပ်တူးမြစ်ကူးတံတားတည်ဆောက်ရမည့်နေရာဟာ တွံတေးမြို့လယ်မှာရှိတဲ့ နာရီစင်အနီး တွံတေးဆိပ်ကမ်းနဲ့ တစ်ဘက်ကမ်းရှိ မြဂိုးရွာကို ဆက်သွယ်လိုတဲ့နေရာဖြစ်ပါတယ်။ ထိုနေရာရှိ တွံတေးတူးမြောင်းအကျယ်က ပေ ၇၀၀ ခန့်ရှိပြီးတော့ အဆိုပါတံတားတည်ဆောက်မည်ဆိုပါက မြို့တွင်းဘက်သို့ မင်းရဲကျော်စွာလမ်းနှင့် မြို့ပြင်ဘက် မအူပင်-တွံတေးလမ်းကို ဆက်သွယ်ပေးရမှာ ဖြစ်ပါတယ်။ မင်းရဲကျော်စွာလမ်းမှာ ၅၀ ပေအကျယ် ပေ ၁၁၀၀ ရှည်လျားတဲ့ ကွန်ကရစ်လမ်းဖြစ်ပြီးတော့ တွံတေးမြို့နယ်စည်ပင်သာယာရေးကော်မတီရဲ့စီမံခန့်ခွဲမှုအောက်မှာ ရှိပါတယ်။ တစ်ဖက်ကမ်းမှာရှိတဲ့ မြဂိုးရွာအနီး တစ်ဖာလုံအနီးမှ ဖြတ်သန်းသွားတဲ့ မအူပင်-တွံတေးလမ်းမှာ ၁၈ ပေအကျယ် ကတ္တရာလမ်းဖြစ်ပြီးတော့ လမ်းဦးစီးဌာနရဲ့စီမံခန့်ခွဲမှုအောက်မှာ တည်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တွံတေးတူးမြောင်းကိုဖြတ်ကျော်၍ နောက်ထပ်မြစ်ကူး တံတားတစ်စင်းတည်ဆောက်ပေးရန် အခြေအနေကတော့ လတ်တလောမှာတော့ အစီအစဉ် မရှိသေးပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းလေး မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော် တို့တွံတေးမြို့က မြန်မာပြည်မှာ တစ်ခုတည်းသော တူးမြောင်းရှိတဲ့၊ သမိုင်းဝင်နှစ် ၁၀၀ ကျော်ရှိတဲ့ တူးမြောင်းရှိတဲ့မြို့လည်း ဖြစ်ပါတယ်။ နောက်တစ်ခါ အခုနက ရွှေဆံတော်ဘုရားကလည်း မြို့ရဲ့ အင်မတန်အထင်ကရသမိုင်းဝင်ဘုရား ဖြစ်ပါတယ်။ နောက်တစ်ခါ မြတ်စွာဘုရားသံဃာ့အဖွဲ့အစည်း ကို မထူထောင်ခင်မှာတင် ပထမဦးဆုံးတွေ့ခဲ့တဲ့ သဖုဿ၊ ဘလ္လိက ညီနောင်တွေ ဆံတော်ရှစ်ဆူကို တောင်းခဲ့တဲ့ သူတို့ရဲ့ဇာတိရွာရှိတဲ့ နေရာလည်းဖြစ်ပါတယ်။ နောက်တစ်ခါ တွံတေးက အိုးလုပ်ငန်းဆို လည်း သမိုင်းက အင်မတန်ကြီးကျယ်ပါတယ်။ နောက်တစ်ခါ ငါးကန်တွေဆိုရင်လည်း ဧကပေါင်း ၃၅၀၀၀ လောက်ရှိတယ်ဆိုတော့ မြန်မာနိုင်ငံမှာ ငါးကန်ဧကအများဆုံးရှိတဲ့ မြို့ဖြစ်ပါတယ်။ နောက်တစ်ခါ တွံတေးမြို့ဟာဆိုလို့ရှိရင် အရင်တုန်းက၊ ဟိုရှေးဟောင်းတုန်းက ဒလ လို့ခေါ်ပါတယ်။ ဒီဒလဟာဆိုရင် မွန်ဘုရင်တွေ နန်းစိုက်တဲ့ မြို့လည်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့မှာ ရှေးဟောင်းနန်းမြို့ရိုးတွေ၊ ပြာအိုးတွေ အဲဒီလိုဟာတွေ အများကြီးရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဟာ က ကမ္ဘာလှည့်ခရီးသွားတွေအတွက်ကို Tourist Attraction တစ်ခုကိုလည်း ဖန်တီးနိုင်ပါတယ်။ ဒါကြောင့်မို့လို့ လောလောဆယ်မှာ အစီအစဉ်မရှိသေးဘူးဆိုလို့ရှိရင်လည်း နောင်မှာ တွံတေးမြစ်ကူး နောက်ထပ်တံတားတစ်စင်းကို တည်ဆောက်ပေးဖို့ အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိရင် ဘယ်နှစ် ကာလလောက်မှာ ရှိမလဲဆိုတာကို ကျွန်တော်ဆက်စပ်မေးခွန်းအနေနဲ့ မေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တွံတေးမြို့နယ်တစ်ဘက်ကမ်း မြဂိုးရွာ ဆက်သွယ်တဲ့တံတားက ကျွန်တော်တို့ ဝန်ကြီးဌာနက တိုင်းတာထားပြီးဖြစ်ပါတယ်။ ဒါကျွန်တော်တို့ရဲ့ Master Plan မှာတော့ ရှိပါတယ်။ သို့သော်လည်းပဲ First Priority ပထမဦးစားပေးစာရင်းထဲမှာ မပါသေးပါဘူးခင်ဗျား။ ကျွန်တော်တို့

အခုလက်ရှိ ဒီနှစ်ထဲမှာ ဆောက်လက်စတံတားက ၇၆ စင်း တံတားကြီးဆောက်လက်စ၊ တချို့က ဒီနှစ်ထဲမှာပြီးပါမယ်ခင်ဗျား။ တချို့ကတော့ ရှေ့နှစ်ဘတ်ဂျက်ကို ကူးရမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ထပ် လွှတ်တော်မှာ ကတိပေးထားတဲ့တံတားပေါင်း ၁၆၉ စင်းရှိပါသေးတယ်ခင်ဗျား။ ၁၆၉ စင်းကို လွှတ်တော်ကတိကဝတ်အနေနဲ့ Priority မှာထည့်လိုက်တဲ့အချိန်မှာ လာမယ့် ဘတ်ဂျက်သုံးနှစ်တာကာလမှာ ၁၆၉ စင်းကို ဦးစားပေးတည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီကိုယ်စားလှယ်တော်ကြီးရဲ့တွံတေးတံတား ဒုတိယနံပါတ်(၂)ကတော့ Master Plan မှာရှိတဲ့အတွက် တစ်ချိန်မှာတော့ တည်ဆောက်မှာဖြစ်ပါတယ်။ ကတိကဝတ်ဖြစ်မှာစိုးတဲ့အတွက် ဒီအထဲမှာ မပါခြင်းဖြစ်ပါတယ်။ သို့သော်လည်းပဲ ၂၀၂၁ ခုနှစ် နောက်ပိုင်းကတော့ သေချာပေါက် ကျွန်တော်တို့ တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနအနေနဲ့ တံတားကလည်း ကိုယ်စားလှယ်က Power Point ထိုးပြီး ပြပြီးပြီ။ တံတားအခြေအနေလည်းမြင်ပြီးပြီ။ တစ်ချိန်မှာတော့ မနက်ဖြန် သို့မဟုတ် ဘယ်သောအခါတော့ မလုပ်ပါနဲ့။ ဦးစားပေးပြီးတော့လည်း စဉ်းစားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေနဲ့ ဘတ်ဂျက်ရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားပါမယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကဲ အဲဒီတော့လည်း ဘတ်ဂျက်တင်လိုက်ရင် ကိုယ်စားလှယ်တွေဖြတ်တာတောက်တာလည်း ကြည့်လုပ်ကြဦး။ မေးခွန်းများ ဖြေကြားပြီးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးပြန်လည်ထွက်ခွာနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း ခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

**ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းသည့် ရခိုင်ပြည်နယ်၊ မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုး အစွန်းရောက်အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးတို့ကို များစွာထိပါး နှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေး အစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော် ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းတဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် ဖြစ်ပေါ်လျက်ရှိသော ဘင်္ဂါလီလူမျိုး အစွန်းရောက်အဖွဲ့အစည်းများ၏ ရာဇဝတ်မှုများ ကျူးလွန်နေကြခြင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးတို့ကို များစွာထိပါးနှောင့်ယှက်လာသည်ဖြစ်၍ ဒေသတွင်းပိုမိုကောင်းမွန်သည့် အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးရန်အမည်စာရင်း တင်သွင်းသူ ကိုယ်စားလှယ် ၂၄ ဦးအနက် ၁၂ ဦးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၉)ရက်မြောက်နေ့ ၂၃-၈-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ဆွေးနွေးရန် ကျန်ရှိတဲ့ ကိုယ်စားလှယ် ၁၂ ဦး ဆက်လက်ဆွေးနွေးခြင်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစစ်နိုင်(မင်းပြားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးမင်္ဂလာပါ။ ကျွန်တော်က အဆိုရှင်ဒေါ်ခင်စောဝေရဲ့ ရခိုင်မြောက်ပိုင်းနှင့်စပ်လျဉ်းတဲ့အဆိုကို ဆွေးနွေးမည့် မင်းပြားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစစ်နိုင် ဖြစ်ပါတယ်။ အဆိုမှာပါတဲ့ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်ဒေသမှာ ရခိုင်ပြည်မှာ ဓညဝတီ၊ ရမ္မဝတီ၊ မေခဝတီ၊ ဒွါတာဝတီ လေးရပ်ပေါင်းဖွဲ့ပါဝင်တဲ့အထဲမှာ မြေဆီမြေနှစ်ကောင်းမိုးရေးချိန်လက်မ ၂၀၀ ဝန်းကျင်ရွာသွန်းပြီး

ဆန်၊ စပါး၊ သီးနှံ၊ သစ်၊ ဝါးတော၊ ရေချိုု ရေငန်၊ ပင်လယ်ရေထွက်ကုန်၊ ရေနံသဘာဝဓာတ်ငွေ့နှင့် တိုက်တေနီယမ်စတဲ့ သယံဇာတများပေါများရာ ဒေသဝတီဒေသမှာပါဝင်ပါတယ်။ CIBM Corridor China, India Banstdesh Myanmar တို့ရဲ့ ဆုံချက်မှာကျရောက်ပြီး အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက် ဘင်္ဂလားပင်လယ်အော်ကမ်းရိုးတမ်းမှာ တည်ရှိတဲ့အတွက် Geopolitics အရရော၊ Political geography အရပါ အရေးပါတဲ့ဒေသတစ်ခုပါ။ ကမ္ဘာ့မြေပုံမှာ အရှေ့အလယ်ပိုင်းမှသည် အာဖဂ္ဂန်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းတောင်ပိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုကျွန်း၊ မာလာမြို့အထိ Islamic Belt  တစ်ခု တည်ရှိပါတယ်။ အစွန်းရောက် အကြမ်းဖက်သမားများရဲ့ လှုပ်ရှားမှုတွေဟာလည်း ဒီ Belt အတွင်းချိတ်ဆက်ပြီး ကမ္ဘာအနှံ့ပျံ့နှံ့ဆက်စပ်လျက် ရှိနေကြပါတယ်။ ရခိုင်ဒေသတွင်းအခြေအနေကိုပြန်ကြည့်ရင် လူဦးရေသန်း ၁၆ဝ ကျော်ရှိပြီး လူဦးရေပေါက်ကွဲမှုဖြစ်နေတဲ့ နိုင်ငံနှင့်ရေမြေနယ်နိမိတ်ထိစပ်ကာ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် ဒေသတွေမှာ နိုင်ငံသားမဟုတ်တဲ့  ကျူးကျော်ခိုးဝင်ဘင်္ဂါလီ ၉ဝ ရာခိုင်နှုန်းကျော် နေထိုင်လျက်ရှိတယ်လို့ အဆိုမှာပါပါတယ်။ ခေတ်အဆက်ဆက် တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်မှု ၁၉၅ဝ ခုနှစ်ဝန်းကျင်ကပင် မိမိတို့အဖွဲ့အစည်း မဲနိုင်အာဏာရရေးကိုသာကြည့်ပြီး တစ်ဖက်နိုင်ငံမှ  နိုင်ငံသားမဟုတ်သူများကို ခေါ်သွင်းလက်ခံပြီး အိမ်၊ မြေယာများ မှတ်ပုံတင်ကဒ်များ ထုတ်ပေးခြင်း၊ ၂ဝ၁ဝ ဝန်းကျင်မှာ White Card များထုတ်ပေးခြင်းဖြင့် ၎င်းတို့အား အခြေကျ နေထိုင်ခွင့်များ တရားဝင်သကဲ့သို့ ရရှိခဲ့စေပြီး နောက်ပိုင်းမှာလည်း ဥပဒေနှင့်မညီတဲ့ လယ်ယာမြေပိုင်ဆိုင်ခွင့်ပုံစံ(၇)များ ပုဇွန်ကန်လေလံ ကန်ထရိုက်လုပ်ပိုင်ခွင့် စားကျက်မြေ လယ်ယာမြေများအပေါ် အိမ်ဦး အာရမီဘာသာရေးကျောင်းများဆောက်လုပ်ခွင့်တို့ကို  အောက်ခြေအကျင့်ပျက်ဝန်ထမ်းများနဲ့ပေါင်း  လာဘ်ပေးလာဘ်ယူလုပ်ကာ ရရှိခဲ့ကြပါတယ်။ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်စတင်ချိန် အင်္ဂလိပ်စစ်တပ်မှ ကုလားစစ်သားများနှင့် တရားမဝင်ကျူးကျော်နေထိုင်သူ ဘင်္ဂါလီများပူးပေါင်းကာ ရခိုင်ကျေးရွာများကိုမီးရှို့ခြင်း၊ ရခိုင်တိုင်းရင်းသား ၂ဝဝဝဝ ခန့်ကိုသတ်ဖြတ်ခြင်းမှစကာ ၁၉၄၆ ခုနှစ် ဂျမဒူအဖွဲ့ဖွဲ့၊ အိုလမာအလီဂျင်းနားနှင့်သွားတွေ့ပြီး မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်ကို ပါကစ္စတန်ပိုင်နက်ထဲတွင် ထည့်သွင်းလွတ်လပ်ရေးယူရန်တောင်းဆိုခြင်း၊ ၁၉၄၈ ခုနှစ် မူဂျာဟစ်ပါတီထူထောင်ကုလားတန်နှင့်နတ်မြစ်ကြားကို National Home အဖြစ်တောင်းခြင်း၊ ၁၉၅၁ ခုနှစ် အလယ်တန်းကျော်ညီလာခံမှ ၁၄ ချက်နှင့် ပြည်နယ်မြို့တော်စစ်တွေကို မူဆလင် ၅ဝ ရာခိုင်နှုန်း၊ ရခိုင် ၅ဝ ရာခိုင်နှုန်း စီမံအုပ်ချုပ်ခွင့် တောင်းဆိုခြင်းများ ပြုလုပ်လာကြပါတယ်။ ၁၉၈၈ ခုနှစ်၊ မေလ ၁၃ ရက်မှာ

ဒီမိုကရေစီအရေးတော်ပုံလှုပ်ရှားမှုကို အခွင့်ကောင်းယူပြီး ဘင်္ဂါလီ ၅၀၀၀၀ ခန့်ဟာ မောင်တောမြို့ကို ဝင်စီးပြီး ရခိုင်တိုင်းရင်းသားများအား ချေမှုန်းရန်ကြိုးပမ်းကြံစည်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်၊ မေလ ၁ ရက်နေ့မှာ မောင်တောမြို့ပေါ်မှာ RSO အကြမ်းဖက်အဖွဲ့မှ ဗုံးကိုးလုံးတစ်ပြိုင်နက် ဖောက်ခွဲပြီး အကြမ်းဖက်မှုပြုလုပ်ခဲ့ပါတယ်။ နောက်ပိုင်း ၂၀၁၂-၂၀၁၆ နဲ့လက်ရှိအချိန်အထိ အစွန်းရောက် အကြမ်းဖက်များရဲ့ လုပ်ဆောင်မှုဖြစ်စဉ်များကို နိုင်ငံပိုင်သတင်းမီဒီယာများမှ တရားဝင်ထုတ်ပြန်ပေးလို့ အားလုံးသိရှိကြတဲ့အတိုင်း နိုင်ငံတကာအစွန်းရောက်အဖွဲ့များနှင့် ချိတ်ဆက်ကာသင်တန်းများပေးခြင်း၊ လက်နက်တပ်ဆင်ပေးခြင်း၊ ငွေကြေးရိက္ခာထောက်ပံ့မှုများ ရှိနေပါတယ်။ ဒီအစွန်းရောက် အကြမ်းဖက်အဖွဲ့များရဲ့ ဝါဒဖြန့်မှု၊ ခြိမ်းခြောက်မှု၊ သတ်ဖြတ်မှုများကြောင့် ဒေသခံတိုင်းရင်းသားများ လယ်၊ မြေ၊ အိုးအိမ်စွန့်ခွာတိမ်းရှောင်ရခြင်း၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ တာဝန်မထမ်းဆောင်ဝံ့တော့ခြင်း၊ ဒါကြောင့်လုံခြုံရေးကင်းမဲ့ကာ အောက်ခြေအုပ်ချုပ်ရေးမဏ္ဍိုင်မှာ အစိုးရလက်အောက်တွင်မရှိတော့ပါ။ တရားဥပဒေမစိုးမိုး၊ တရားစီရင်ရေးလည်း ယိုယွင်းကာ ဘာသာရေးအစွန်းရောက်များရဲ့ အုပ်ချုပ်မှုနှင့်ချာရီးယားဥပဒေနှင့် တရားစီရင်မှုတို့ပြုလုပ်ကာ နိုင်ငံတော်ရဲ့အချုပ်အခြာပိုင်နက်နယ်မြေနှင့် အာဏာဆုံးရှုံးသွားတော့မည့်အရေးသည် ရခိုင်တိုင်းရင်းသား၊ ရခိုင်မြောက်ပိုင်းဒေသတစ်ခုတည်းရဲ့အရေးမဟုတ်ဘဲ နိုင်ငံတော်နှင့်နိုင်ငံသားများအားလုံးရဲ့ ပြည်ထောင်စုအရေးပင်ဖြစ်ပါတယ်။ ဒါကြောင့် အစွန်းရောက်အကြမ်းဖက်သမားများရဲ့ ချိတ်ဆက်လှုပ်ရှားမှု၊ ငွေကြေး လက်နက်ရိက္ခာရှာဖွေထောက်ပံ့မှုတွေကိုဖော်ထုတ်ပြီး အစိုးရရဲ့တည်ဆဲအကြမ်းဖက်ဥပဒေများအရ အရေးယူအပြစ်ပေးခြင်း၊ ရှင်းလင်းချေမှုန်းခြင်း၊ နိုင်ငံရပ်ခြားမှ အကြမ်းဖက်များသို့ ထောက်ပံ့တဲ့ အဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များကိုလည်း နိုင်ငံတကာနှင့် ချိတ်ဆက်ဖော်ထုတ်အရေးယူကာ ကမ္ဘာ့နိုင်ငံများမှ သိရှိအောင်ဆောင်ရွက်ရပါမယ်။ ဒီကိစ္စဟာ ယာယီလက်ပူတိုက် ဖြေရှင်းမှုမျိုးနဲ့ မလုံလောက်ဘဲ ရေရှည်စဉ်ဆက်မပြတ် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဖော်ဆောင်ရပါမယ်။ ရှေ့ဆက်ပြီးလည်း လွှတ်တော်တွင်း အဆိုတင်သွင်းခြင်း၊ မေးမြန်းခြင်းများဆက်လုပ်ပြီး လွှတ်တော်ပြင်ပမှာလည်း ဒေသခံပြည်သူများ၊ Stake holder များ၊ အသံနှင့်ဆန္ဒများကို နားထောင်ပေါင်းစပ်ညှိနှိုင်းပေးခြင်းများပြုလုပ်ပြီး ပြည်ထောင်စုတိုင်းရင်းသားသွေးချင်းများ၊ အစိုးရ၊ တပ်မတော်အားလုံးစုပေါင်း ညီညွတ်စွာနဲ့ အမျိုးသားလုံခြုံရေးမူဝါဒတစ်ရပ်ချမှတ်ကာ အရေးကြီးလို့ သွေးနီးသွေးစည်းကြပါစို့လို့ တိုက်တွန်းရင်း အဆိုရှင်ရဲ့အဆိုကို အတည်ပြုရန် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ကယားပြည်နယ်၊ ရှားတောဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းဖြစ်ပါတယ်ရှင်။ ကျွန်ကအနေနဲ့ ရှေးဦးစွာ အဆိုရှင်ရဲ့ ရခိုင်ပြည်နယ်နဲ့ ဌာနေတိုင်းရင်းသားတွေအတွက် ပူပန်မှုနှင့် စေတနာကို လေးစားပါကြောင်း ပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်ကတို့နိုင်ငံအနှံ့အပြားမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသား၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးဟာ နိုင်ငံရဲ့ ဘယ်နေရာမှာပဲနေနေ သူတို့ရဲ့နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ မလုံခြုံရခြင်းများဟာ နိုင်ငံတော်ကြီးရဲ့ နာကျင်ခြင်း၊ ဝမ်းနည်းခြင်း၊ မလုံခြုံရခြင်းများပဲဖြစ်ပါတယ်ရှင်။ ထို့အတူပဲ နိုင်ငံသားများရဲ့ လူမှုဘဝ လုံခြုံအေးချမ်းရေးအတွက် အစိုးရတစ်ရပ်မှာတာဝန်ရှိသလို ဒီတာဝန်တွေကို လက်ရှိအစိုးရက ဆောင်ရွက်နေပါရဲ့လား။ ဒီမေးခွန်းအတွက် အဖြေတွေကိုတော့ Power Point အသုံးပြုခွင့်ပေးပါရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံရဲ့ ဖြစ်တည်မှုပကတိအရှိတရားတွေကို သုံးသပ်ကြည့်တဲ့အခါ အတိတ်သမိုင်းကြောင်းဆိုတာ ချန်ခဲ့လို့မရပါဘူးရှင်။ ထို့အတူပဲ ယနေ့ကျွန်မတို့ရခိုင်ပြည်နယ်ရဲ့ အနေအထားကို ဆန်းစစ်ကြည့်တဲ့အခါ လူဦးရေအချိုး၊ လူမှုရေးညွှန်းကိန်းများက အင်မတန်စိုးရိမ်ဖွယ် ကောင်းတဲ့အနေအထားပါပဲရှင်။ ဒီအခြေအနေအထိ ဖြစ်လာခဲ့တာဘာကြောင့်လဲ။ ရှေ့က ကိုယ်စားလှယ်များကလည်း အကျယ်တဝင့်ဆွေးနွေးသွားခဲ့ပြီးဖြစ်ပါတယ်။ သေချာတာကတော့ ကျွန်မတို့ တစ်ရက်တစ်မနက်တည်းနဲ့ ဖြစ်တည်လာတာမဟုတ်ပါဘူး။ ရှေးနှစ်ကာလများဆီက သန္ဓေတည်ခဲ့တဲ့ ဒီဆိုးမွေတွေကို ယနေ့ကျွန်မတို့ ဌာနေရခိုင်တိုင်းရင်းသားတွေဟာ ခါးဆီးခံနေရတာ အင်မတန်မှ ရင်နာစရာ ကောင်းလှပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ အစိုးရတစ်ရပ်ဆိုတာ မိဘနဲ့တူသလို၊ ပြည်သူဟာ သားသမီးပမာပါပဲ။ မိဘတိုင်းဟာ သားသမီးတွေရဲ့ ပူပင်သောကတွေကို ဘယ်လိုဖြေလျှော့ပေးရမလဲလို့ အမြဲတမ်း တွေးပူပြီး ဆောင်ရွက်ပေးလေ့ရှိသလို ယနေ့ ကျွန်မတို့အစိုးရသစ်ကလည်း တာဝန်လွှဲပြောင်းယူပြီး ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့ကစလို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင်တဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီနဲ့ လုပ်ငန်းကော်မတီအသီးသီးကို ဖွဲ့စည်းခဲ့သလို တစ်ပြိုင်နက်တည်းမှာပဲ NRPC ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒါဟာ ဘာကိုညွှန်းဆိုနေသလဲဆိုရင် အစိုးရသစ်ရဲ့မူဝါဒဖြစ်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးက လေးနက်သလို ရခိုင်ပြည်နယ်အရေးဟာလည်း ထပ်တူအင်မတန်အရေးကြီးတဲ့

ကိစ္စဖြစ်တယ်ဆိုတာသေချာစေပါတယ်။ ထို့အတူပဲ ရှေ့ကကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးထောက်ပြခဲ့တဲ့ အခြေအနေအရပ်ရပ်ကို အဘက်ဘက်က ထောင့်စေ့အောင် ပြည်ထောင်စုအစိုးရရဲ့ ဦးဆောင်မှုဖြင့် အစိုးရ၊ တပ်မတော်၊ တာဝန်သိ၊ တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာကို Power Point မှာမြင်နိုင်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ဟာ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးထမ်းရွက်ဖို့ ပြည်သူများက ရွေးချယ်ခဲ့တဲ့ ပြည်သူ့ကိုယ်စားလှယ်များပါ။ ပြည်သူနဲ့နိုင်ငံ့အကျိုးကို ထိခိုက်စေမယ့် မည်သည့်အဖွဲ့အစည်း၊ ပုဂ္ဂိုလ်၊ မည်သည့်လုပ်ဆောင်မှုမျိုးကိုမှ လက်မခံနိုင်ပါဘူးရှင်။ အစိုးရက ရခိုင်ပြည်နယ်အရေးကို သိမ်မွေ့နက်ရှိုင်းသည့်အတွက် သတိအသိနဲ့ဖြေရှင်းနေတဲ့အချိန်မှာ ပြည်တွင်းပြဿနာကို ပြည်ပအားကိုးမှုနှင့်ဖြေရှင်းလိုတယ်လို့ ယူဆနေသူများကို ပြတ်ပြတ်သားသားပြောကြားလိုတာက ကျွန်မတို့က စုံလုံးကန်းပြီး ဆင်ခြင်ဉာဏ်မဲ့နေသူများမဟုတ်တဲ့အတွက် ဥပမာ - မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စယန်ဟီလီရဲ့ သတင်းထုတ်ပြန်ချက်ထဲမှ ရခိုင်ပြည်နယ်နဲ့ ပတ်သက်တဲ့ အချက်အလက်များအပေါ် လက်မခံနိုင်ပါသဖြင့် ပြင်းထန်စွာကန့်ကွက်ကြောင်းအဆိုကို မိမိတို့လွှတ်တော်ကြီးမှ အဆိုတင်သွင်းကာ ကိုယ်စားလှယ်များမှ ဝိုင်းဝန်းဆွေးနွေးပြီး ဝန်ကြီးဌာနမှလည်း အဆိုရှင်ရဲ့ ကန့်ကွက်မှုအဆိုကို ထောက်ခံကြိုဆိုခဲ့ခြင်းက သက်သေပြခဲ့ပါပြီ။ ကျွန်မတို့က လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို မည်သည့်ပုဂ္ဂိုလ်အဖွဲ့အစည်းက မည်ကဲ့သို့သော သဘောထားအမြင်များရှိနေစေကာ ပြည်သူနှင့်နိုင်ငံရဲ့အကျိုးကိုရှေးရှုပြီး ဆောင်ရွက်လျက်ရှိတဲ့ အစိုးရရဲ့စွမ်းဆောင်ချက်တွေကို အသိအမှတ်ပြုကြိုဆိုရပါမယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့အစိုးရသစ်ဟာ အင်မတန်မှ တရားဥပဒေစိုးမိုးရေးကို ဦးထိပ်ထားသလို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၂၁၉ အရ မိမိအားပေးအပ်ထားတဲ့တာဝန်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိနေတာကို ဝန်ကြီးဌာန Internet၊ Website တွေ သတင်းစာနှင့် ဂျာနယ်များမှ လုပ်ဆောင်ချက်များစုံစမ်းတွေ့ရှိချက်များကို ပြည်သူများအလွယ်တကူသိရှိနိုင်ရေး ပွင့်လင်းမြင်သာစွာထုတ်ပြန်လျက်ရှိပါတယ်။ အင်မတန်မှ ကောင်းမွန်တဲ့လုပ်ဆောင်ချက်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့က လုံခြုံရေးလို့ဆိုလိုက်ရင် ပြည်သူတစ်ဦးစီရဲ့ စိတ်ပိုင်းဆိုင်ရာ လုံခြုံရေးကို မေ့ထားလို့မရပါဘူး။ ဒီလိုအခြေအနေတွေကို ရင်ဆိုင်ခဲ့ရတဲ့သူတွေရဲ့ စိတ်ပိုင်းဆိုင်ရာ မလုံခြုံမှုကို ဘယ်လိုကုစားပေးမှာလဲ။ ဒီအချက်ဟာ အင်မတန်အရေးကြီးပါတယ်ရှင်။ လူမှုရေးနှင့်

စီးပွားရေးလုံခြုံမှုမရှိခြင်းဟာလည်း လူမှုဘဝလုံခြုံရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ ဒီအခါမှာ အတိတ်ကိုပြန်မကြည့်ချင်ပေမဲ့ ယနေ့ကျွန်မတို့ ရခိုင်ပြည်နယ်ကြီး ဖွံ့ဖြိုးမှုနောက်ကျနေတာ၊ လူမှုစီးပွားဘဝနိမ့်ကျနေတာ ဘာကြောင့်လဲ။ ဒီလိုဖြစ်နေတာ ခုမှပဲလား။ သုံးသပ်ကြည့်ပါ။ ကျွန်မတို့ နှစ်ပေါင်းများစွာ ဖြစ်တည်လာခဲ့တဲ့အရာတွေကို ဖြေရှင်းဖို့ရာ အချိန်လိုအပ်ပါတယ်။ မိမိတို့ ရခိုင်ပြည်နယ်ကြီး လွတ်လပ်လုံခြုံပြီး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ရာအတွက် ယနေ့အစိုးရကတော့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေတာကို Power Point မှာ မြင်နိုင်ပါတယ်ရှင်။ ကျွန်မတို့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ခြင်းဟာ စိတ်ပိုင်းဆိုင်ရာလုံခြုံအေးချမ်းမှုအတွက် အထောက်အပံ့ဖြစ်စေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ အမိမြန်မာနိုင်ငံတော်လုံခြုံအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သမ္မတကစလို့ ပြည်သူတစ်ဦးဆီမှာတာဝန်ရှိတယ်လို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အတိအလင်းပြဋ္ဌာန်းထားသကဲ့ပဲ လူတစ်စု၊ အစုအဖွဲ့တစ်ခုရဲ့တာဝန်သာမကပဲ လူမှုဘဝလုံခြုံမှုတွေပေးနိုင်မယ့် ရေတို၊ ရေရှည်အစီအမံများကို တာဝန်သိ၊ တာဝန်ရှိပြည်သူများက အားလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရပါမယ်။ ကျွန်မတို့မနေ့က ဒေါ်နီနီမေမြင့်ဆွေးနွေးခဲ့သလိုပဲ ဘတ်ဂျက်ပိုင်းဆိုင်ရာတွေမှာရော လုပ်ဆောင်မှုပိုင်းဆိုင်ရာတွေမှာရော၊ ယခုလက်ရှိလုပ်ဆောင်နေတယ်ဆိုတာကို မျက်မြင် ဒိဋ္ဌမြင်နိုင်မှာဖြစ်ပါတယ်ရှင်။ ဒီလိုလုပ်ဆောင်ချက်တွေ လုပ်ဆောင်နေတဲ့အခါမှာ ကျွန်မတို့ ရခိုင်ပြည်နယ်နှင့် နိုင်ငံတော်ရဲ့တည်ငြိမ်အေးချမ်းရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လိုလားတဲ့ ပြည်သူ၊ နိုင်ငံရေးပါတီ၊ မီဒီယာများ၊ NGO၊ INGO များမှ သတင်းမှန်၊ အချက်အလက်မှန်များကို တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးသိအောင် ဝိုင်းဝန်းဆောင်ကျဉ်းပေးဖို့အတွက် တောင်းဆိုလိုပါတယ်။ မိမိတို့အနေနဲ့ မည်သည့်အစွန်းရောက်အကြမ်းဖက်မှု မူဝါဒလုပ်ဆောင်ချက်များကိုမှ လက်မခံပဲ ညီညွတ်စွာဝိုင်းဝန်းဆန့်ကျင်ကြပါစို့လို့တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစောထွန်းမြအောင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းမြအောင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော့်အနေနဲ့ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီအဆိုကိုဆွေးနွေးရာမှာ ရှုထောင့် ငါးသွယ်နဲ့ ငါးမြင်နဲ့ ဒါဆွေးနွေးသွားမှာပါ။ ဘာဖြစ်လို့ ကျွန်တော်အဲ့လို ဆွေးနွေးသလဲဆိုတော့ ၁၉၇၃ ခုနှစ်ကနေ ၁၉၉၇ ခုနှစ်အထိက အဲဒီမှာတာဝန်ထမ်းဆောင်လို့ အသေးစိတ်အခြေအနေကို ကျွန်တော် သိခဲ့ပါတယ်။ ပထမရှုထောင့်အနေနဲ့ကတော့ နိုင်ငံရေးရှုထောင့်ကနေ ဆွေးနွေးမှာ ဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်တို့က တကယ့်တိုင်းမှူးကတော့ ဗိုလ်ချုပ်ကြီးဝင်းမြင့်ပါ။ အဲဒီအချိန်မှာ မစ်နယ်လီချန် ဒါကသူက UNHR ရဲ့ တာဝန်ခံဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီခုနက မြန်မာပြည် ရခိုင်ပြည်နယ်ထဲကိုပြေးလာတဲ့ ဘင်္ဂါလီတွေကို ဘယ်လိုညှိပြီး ပြန်ပို့ရမလဲ။ အဲဒီတော့ မစ်နယ်လီချန်နဲ့ညှိတယ်။ တစ်ဝက်လောက်ပြန်ပို့နိုင်တယ်။ အကုန်လုံးတော့ပြန်မပို့နိုင်ဘူး။ ဒါကို ခုနက ဟိုဘက်မှာလည်းရှိတယ်။ မောင်တောဟိုဘက်ကမ်းမှာလည်းရှိတယ်။ ဒီဘက်ကမ်းမှာလည်း ခုနကလို ပေါ့ ရှိတယ်။ ရှိတယ်ဆိုတာက အဲဒါလေးကို နိုင်ငံရေးနည်းနဲ့အရ သူက သွယ်ဝိုက်သောနည်းများဖြင့် လုပ်ဆောင်ချက်တွေဟာ ဘာကျွန်တော်တို့အဖြေထွက်လာလည်းဆိုတော့ (၁)က UNHR နဲ့ပတ်သက်ပြီး တော့ ပို့တဲ့ကုန်ပစ္စည်းတွေကို လက်ခံပေးလိုက်တယ်။ ကျွန်တော်တို့လည်း လုပ်ပေးရတယ်။ ပြီးလို့ရှိရင် ဒါလျော့ လျော့လျော့သွားပြီးတော့ ဒါအဆင်ပြေသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နိုင်ငံရေး ရှုထောင့်ကနေကြည့်လို့ရှိရင် ဒါခုနက လုပ်ဆောင်သင့်တယ်။ ဘာဖြစ်လို့ လုပ်ဆောင်သင့် သလဲဆိုတော့ နိုင်ငံရေးရှုထောင့်က ကျွန်တော်တို့နိုင်ငံက အခုဒီမိုကရေစီနိုင်ငံကို ချီတက်နေတယ်။ ဖက်ဒရယ်စနစ်ကို ချီတက်နေတယ်။ အိမ်နီးနားချင်းက ဒီမိုကရေစီ အဲဒီဝန်ကြီးချုပ်နှစ်ယောက်ပေါင်း၊ လူကြီး နှစ်ယောက်ပေါင်းပြီးတော့ကဲညှိကြ။ ဒါကတော့ ဝန်ကြီးချုပ်လည်း လက်ခံသင့်တယ်။ ဟိုဘက်နိုင်ငံက ဒီလိုညှိနှိုင်းပြီး အဲဒါမရဘူးဆိုရင် တတိယနိုင်ငံရှာ၊ ဘယ်လိုနိုင်ငံရှာမလဲ။ တောင်အာဖရိကနိုင်ငံ၊ တောင်အမေရိကနိုင်ငံ အဲ့ဒီမှာလည်း အများကြီးရှိတယ်။ အဲ့ဒါတွေကိုလည်း ခုနကလို ညှိနှိုင်းပြီးတော့ နိုင်ငံသံအမတ်တွေက ညှိနှိုင်းပြီးတော့ ဒါလေးတွေကိုလုပ်ပေးရင် နိုင်ငံရေး အရဆိုရင် အဆင်ပြေသွားနိုင်ပါတယ်။

ဒုတိယအချက်အနေနဲ့က စစ်ရေးနည်းပါ။ မြန်မာနိုင်ငံအနေနဲ့ ဒီစစ်ရေးနည်းကို ရခိုင်အတွင်းမှာ လုပ်နေတာ ကျွန်တော်ကိုယ်တိုင် ၁၉၇၃ ခုနှစ်ကနေပြီးတော့ ၁၉၉၇ ခုနှစ်အထိ ကျွန်တော် လုပ်ခဲ့ရပါ တယ်။ အဲဒီတော့ ဘာဖြစ်လဲ (၁) တပ်ရင်းမှူးက တပ်ရင်းမှူးတွေခေါ် ပြည်သူစစ်တွေဖွဲ့ခိုင်း။

ပြည်သူစစ်တွေကိုဖွဲ့ခိုင်းပြီးရော့ မင်းတို့ရိက္ခာ ၁၀ ရက်စာထုတ်ယူလာခဲ့။ အဖျက်သမားတွေ မမိလို့ ရှိရင် မင်းတို့တွေအိမ်မပြန်ရဘူး။ အဲဒီတော့ ဘင်္ဂါလီတွေကလည်း သူကအိမ်မပြန်ရရင်မိန်မတွေကို စိုးရိမ်တယ်။ တပ်တွေကလည်း အဲဒီမှာရှိတယ်ဆိုတော့ အဲဒီမှာ ပြည်သူ့စစ်စနစ်နဲ့လုပ်ပြီးတော့ ဖော်ထုတ်တဲ့အခါမှာ ၁၄၅ ယောက်အကျော် ၁၅၀ ရောက်ထိတောင် ကျွန်တော်တို့ လက်နက်နဲ့လူနဲ့က အသေဖမ်းမိလိုက်တယ်။ ဒါကျွန်တော်တို့ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ စစ်ရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်အစိုးရဆီမှာ ဘာမှအပြစ်မရှိပါဘူး။ ဒါလုပ်နေကျ အတိုင်းကိုသူလုပ်နေပါတယ်။ တတိယအချက်အနေနဲ့ကတော့ စီးပွားရေးကဏ္ဍ၊ စီးပွားရေးရှုထောင့်က ကြည့်မယ်ဆိုရင် လက်ရှိ နိုင်ငံတော်အစိုးရအနေနဲ့ မောင်တောဒေသ၊ ရသေ့တောင်ဒေသ၊ ဘူးသီးတောင်ဒေသကို လယ်ယာတွေ လယ်ထွန်စက်တွေလုပ်ပေးတယ်။ နောက်တစ်ခါ စီးပွားရေးဇုန်တည်ထောင်ဖို့ လုပ်ပေးတယ်။ မီးတွေ လုပ်ပေးတယ်။ နောက်တစ်ခါ လက်ရှိအနေနဲ့က ဒါတွေဟာလုပ်ဆောင်ပေးနေတဲ့အတွက်ကြောင့် စီးပွားရေးအရ မရှိတော့ပါဘူး။

စတုတ္ထအချက်တင်ပြချင်တာက လူမှုရေးရှုထောင့်ကနေပြီးတော့ (၁) စာမတတ်တဲ့ ဘင်္ဂါလီတွေကို စာသင်ပေးဖို့လည်းလိုပါတယ်။ နောက်တစ်ခုက ဗလီဆရာတွေကို စာသင်ပေးဖို့အတွက်ကို မြန်မာစာသင်ပေးဖို့လိုပါတယ်။ နောက်တစ်ခုက ယဉ်ကျေးမှုအရ မြန်မာတွေနဲ့တန်းတူ၊ ညီတူလုပ်ဆောင်နိုင်အောင် ယဉ်ကျေးမှုလိုပါတယ်။ နောက် Balance of Population ဒါဘယ်လိုလုပ်မလဲ။ အခု ကျွန်တော်တို့ တစ်လင်တစ်မယားစနစ်ကျင့်သုံးတယ်။ မြန်မာနိုင်ငံကျန်တဲ့ပြည်နယ်မှာမပါ။ ရခိုင်ပြည်နယ်ကို တစ်လင်တစ်မယားစနစ်ကနေ ဘယ်လိုတိုးပေးမလဲ။ ဒါမှ Balance of Population ကို ကျွန်တော်တို့ချိန်နိုင်မယ်။ နို့မို့ဆို နောက်ထပ်အနှစ် ၂၀ ကြာရင် ရခိုင်တစ်ပြည်နယ်တစ်ခုလုံး ဘင်္ဂါလီပြည်နယ်ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြချင်တာက မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂဆိုင်ရာပဋိညာဉ်စာချုပ်ကို (၁) ဝန်ထမ်းတိုင်း၊ တပ်မတော်သားတိုင်းလိုက်နာရမယ်။ နောက်တစ်ခါ ဂျီနီဗာကွန်ဗင်းရှင်းအက်ကို နားလည်ရမယ်။ သဘောပေါက်ရမယ်။ အဲဒီလိုမှ နားလည်သဘောမပေါက်ဘူးဆိုလို့ရှိရင် ကမ္ဘာမှာအမြင်စောင်းခံရပြီးတော့ ပြဿနာပေါ်လာနိုင်ပြီး ယူရိုဆလပ်လို ကိုဆိုဗိုပြဿနာလို ဖန်တီးလာနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ဒေါ်ခင်စောဝေရဲ့အဆိုအား ကျွန်တော့်အနေနဲ့ မှတ်တမ်းတင်စောင့်ကြည့်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒေါ်ခင်စောဝေရဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ အဆိုမှာ အပိုင်းနှစ်ပိုင်းခွဲခြားပါရှိတာ တွေ့ရပါတယ်။ တစ်ပိုင်းကတော့ အစွန်းရောက်ဘင်္ဂါလီအဖွဲ့အစည်းတွေရဲ့ လုပ်ရပ်တွေကြောင့် ဒေသတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိပါးနှောင့်ယှက်မှုတွေဖြစ်နေတယ်။ ဒေသခံတိုင်းရင်းသားတွေရဲ့ အသက်အိုးအိမ်လုံခြုံရေးတို့ကိုလည်း ထိပါးနှောင့်ယှက်လာနေတယ်ဆိုပြီး ဖော်ပြထားတာတွေ့ရတယ်။ နောက်တစ်ပိုင်းကတော့ အဲဒီလိုအခြေအနေဆိုးတွေဖြစ်လာနေတာကြောင့် ဒီဒေသရဲ့အုပ်ချုပ်ရေး၊ လုံခြုံရေး၊ အစီအမံများကို ပိုမိုကောင်းမွန်အောင် အစီအမံများ ချမှတ်ပြီး အမြန်ဆုံးအကောင်အထည်ဖော်ပေးဖို့အတွက် နိုင်ငံတော်အစိုးရကို တိုက်တွန်းတဲ့အပိုင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီဒေသမှာ ဘင်္ဂါလီအစွန်းရောက်အကြမ်းဖက်သမားအဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်ချက်တွေနဲ့ သူတို့ကို ထောက်ခံတဲ့အဖွဲ့အစည်းတွေနှင့်ပတ်သက်လို့ နိုင်ငံတော်ရဲ့ သတင်းထုတ်ပြန်ချက်နဲ့ သတင်းမီဒီယာတွေရဲ့ ဖော်ပြချက်တွေမှာ နေ့စဉ်ဖတ်ရှုနေကြရပါတယ်။ အဆိုရှင်ရဲ့ ပြန်ရှင်းလင်းချက်နဲ့ အဆိုကိုထောက်ခံဆွေးနွေးကြတဲ့ သူကိုယ်စားလှယ်တွေရဲ့ ဖော်ပြချက်တွေမှာလည်း ပါရှိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ပြောတဲ့ အုပ်ချုပ်ရေးအစီအမံကိုတော့ အစိုးရက ဆောင်ရွက်ရမှာဖြစ်ပြီး၊ လုံခြုံရေးအစီအမံတွေကတော့ တပ်မတော်နှင့် ပြည်သူ့ရဲတပ်ဖွဲ့အပါအဝင် နိုင်ငံတော်လက်နက်ကိုင်အဖွဲ့အစည်းများ ဆောင်ရွက်ရမည့်လုပ်ငန်းလို့ သာမန်အားဖြင့် ပြောလို့ရနိုင်ပါတယ်။ ဒီလုပ်ငန်းနှစ်ခုလုံး အောင်မြင်ဖို့ဆိုရင်တော့ အစိုးရနှင့်တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ရင်အောင်မြင်မယ်လို့ မြင်ပါတယ်။ လက်ရှိအစိုးရနဲ့တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်ရင် အောင်မြင်မယ်လို့ မြင်ပါတယ်။ လက်ရှိကာလမှာ အစိုးရဖြေရှင်းနေပုံလောက်နဲ့တော့ အကောင်အထည်ပေါ်မလာနိုင်ပါ။ ကျွန်တော့်အမြင်ကိုပြောရရင် ဆေးမီးတိုအဆင့်လို့သာပြောချင်ပါတယ်။ ဒီလိုပြောခြင်းဟာ ဘယ်အစိုးရဆိုပြီးတော့ခွဲခြားပြောဆိုနေခြင်း မဟုတ်ပါဘူး။ ပြဿနာတွေက နက်ရှိုင်းလွန်းတဲ့အတွက်ကြောင့် ဒီလိုပြောနေရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလုပ်ငန်းတွေကို အောင်မြင်စွာဆောင်ရွက်နိုင်မယ်ဆိုရင် အောက်မှာ ဖော်ပြတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ဖို့လိုမယ်လို့အကြံပြုလိုပါတယ်။ အဲဒါတွေကတော့ (၁)နိုင်ငံတော် အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကို အန္တရာယ်ဖြစ်ပေါ်စေတဲ့ ဘင်္ဂါလီအစွန်းရောက် အကြမ်းဖက်သမားတွေနဲ့ ၎င်းတို့ကို အားပေးကူညီနေကြတဲ့ သူတွေကိုအမြစ်ပြတ် ရှင်းလင်းရေးနှင့် အဲဒီဒေသမှာ ရခိုင်အမျိုးအနွယ်တွေဖြစ်ကြတဲ့ တိုင်းရင်းသားကျေးရွာများကို အခိုင် အမာထူထောင်ပြီး အဲဒီကျေးရွာတွေရဲ့လုံခြုံရေးကို စီမံဆောင်ရွက်ထားရှိရေး (၃)နိုင်ငံရဲ့ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံသားစိစစ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ရေး၊ (၄)နိုင်ငံသားဖြစ်ခွင့်ရသူများကို နေရာချ ထားရေး၊ (၅) နိုင်ငံသားစိစစ်ချက်အရ နိုင်ငံသားဖြစ်လာကြတဲ့ ဘင်္ဂါလီတွေကို မောင်တောခရိုင် အတွင်းမှာ ပိတ်လှောင်နေရာချထားခြင်းပြုရေး/မပြုရေး၊ (၆) နိုင်ငံသားများနှင့် နိုင်ငံမဲ့များကိုဥပဒေ နဲ့အညီ အရေးယူဆောင်ရွက်ရေး၊ (၇) ဒေသတွင်း ဘင်္ဂါလီလူဦးရေတိုးပွားမှုနှုန်းထိန်းချုပ်ရေး၊ (၈) နယ်စပ်ဒေသများနှင့် ကမ်းရိုးတန်းဒေသများလုံခြုံမှုရှိအောင် ဆောင်ရွက်ရေးတို့ကို ဆောင်ရွက်ထား ရှိဖို့လိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဘာကြောင့်ဒီအချက်တွေကို ကျွန်တော်အကြံပြုတင်ပြနေရသလဲဆိုတာကို အနည်းငယ်ရှင်းပြလိုပါတယ်။ အိမ်နီးချင်းထိုင်းနိုင်ငံတောင်ပိုင်း၊ ပတ္တာနီ၊ ရာလ၊ နာရာသီဝပ်ဆိုတဲ့ မူဆလင် မလေးပြည်နယ်သုံးခုရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ တင်ပြရရင် ဒီပြည်နယ်သားတွေဟာ ထိုင်းနဲ့လူမျိုးလည်းမတူ၊ ဘာသာလည်းမတူ ဒါပေမဲ့ သူတို့တွေက ထိုင်းနိုင်ငံသားတွေဖြစ်ကြပါတယ်။ သူတို့ ဘာသာရေး၊ လူမျိုးရေးအရ သေကြေသတ်ဖြတ်မှုတွေ ဒီဒေသမှာမကြာခဏ ကြားနေရပြီး အဲဒီမလေးမူဆလင်တွေဟာ ထိုင်းနိုင်ငံအတွင်းကို မတရားဝင်ရောက်လာကြတဲ့သူတွေ မဟုတ်ပါဘူး။ မူလကပင် ထိုင်းဘုရင်ကို ပဏ္ဏာဆက်သပြီး သူတို့ဒေသမှာ လွတ်လပ်စွာနေထိုင်လာခဲ့ကြတဲ့ လူတွေ ဖြစ်ပါတယ်။ မလေးကိုအုပ်ချုပ်တဲ့ အင်္ဂလိပ်နဲ့ထိုင်းတို့ ၁၉၀၉ ခုနှစ်မှာ သဘောတူစာချုပ်အရ ထိုင်းနိုင်ငံရဲ့ အုပ်ချုပ်မှုအောက်မှာ ဒီလူတွေကျန်ခဲ့ကြတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းမြို့နယ်တွေမှာရောက်ရှိနေကြတဲ့ ဘင်္ဂါလီမူဆလင်တွေကတော့ ထိုင်းနဲ့မတူပါဘူး။ တရားမဝင်တဲ့နည်းလမ်းတွေနဲ့ ကျွန်တော်တို့ နိုင်ငံ အတွင်းကို ဝင်ရောက်လာကြတယ်။ သူတို့ကို နိုင်ငံသားပေးဖို့ရယ်၊ သူတို့ရောက်ရှိနေကြတဲ့ နေရာဒေသတွေဟာ သူတို့ရဲ့ ဒေသဖြစ်တယ်လို့နည်းမျိုးစုံနဲ့ တောင်းဆိုနေကြပါတယ်။ အဆိုးရွားဆုံး ကတော့ နိုင်ငံတော်တွေကိုရော၊ ဒေသခံတိုင်းရင်းသားတွေကိုပါ အကြမ်းဖက်တဲ့နည်းတွေနဲ့ ဆန့်ကျင်

တိုက်ခိုက်လာခဲ့ကြပါတယ်။ ဒါကြောင့်လည်း ရသေ့တောင်မြို့နယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က ဒီအဆိုကို တင်သွင်းလာခြင်းဖြစ်ပါတယ်။ လွှတ်တော်ကအတည်ပြုပေးဖို့ လိုအပ်တဲ့အဆိုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဘင်္ဂါလီမူဆလင်လူမျိုးတွေရဲ့ လူဦးရေထိန်းချုပ်ဖို့ လိုအပ်တယ်ဆိုတဲ့အချက်ကို ကျွန်တော် တင်ပြလိုတာနှင့်ပတ်သက်ပြီးတော့ အနည်းငယ် တင်ပြလိုပါတယ်။ ဒီဘင်္ဂလားဒေ့ရှ် နိုင်ငံဟာ ကျွန်တော်တို့ဆီမှာရှိတဲ့ ရှမ်းပြည်နယ်ရဲ့ အကျယ်အဝန်းလောက်ပဲ ရှိပါတယ်။ အခုအခါမှာ ဒီနိုင်ငံရဲ့လူဦးရေဟာ ၁၆၅ သန်းလောက် ရှိနေပါတယ်။ ဒီနိုင်ငံရဲ့ လူဦးရေတိုးပွားနှုန်းဟာ ၁ မိနစ်မှာ သုံးယောက်၊ တစ်နာရီမှာ ၃၀၀ တိုးပွားနေပါတယ်။ အဲဒီလောက်ကြောက်ဖို့ကောင်းတဲ့ အခြေအနေရှိတဲ့အတွက်ကြောင့် ဒီလိုပြောရတာ ဖြစ်ပါတယ်။ ဘာကြောင့် လွှတ်တော်က အတည်ပြုပေးဖို့ ကျွန်တော်ပြောရသလဲဆိုလို့ရှိရင် ဒီကိစ္စဟာလုပ်ငန်းအစီအမံတွေကို စနစ်တကျစီမံချက်တွေချပြီးတော့ လုပ်ဆောင်ရမည့်လုပ်ငန်းတွေဖြစ်တဲ့အတွက်ကြောင့် ပြောခြင်းဖြစ်ပါကြောင်း၊ အဆိုကိုအလေးအနက်ထောက်ခံအပ်ပါကြောင်း ပြောဆိုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နွားထိုးကြီးမြို့နယ်မှ ဦးနိုင်ထူးအောင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးနိုင်ထူးအောင်(နွားထိုးကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ နွားထိုးကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်ဖြစ်ပြီး ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ဆယ်စုနှစ်နှစ်ခုကတည်းကစပြီးတော့ နိုင်ငံတကာမှာ အစွန်းရောက်အဖွဲ့အစည်းတွေရဲ့ အကြမ်းဖက်မှုတွေကြောင့် အပြစ်မဲ့ပြည်သူတွေ သေဆုံးဒဏ်ရာရတဲ့ဖြစ်ရပ်တွေ မကြာခဏဆိုသလို ဖြစ်ပွားလာခဲ့ပါတယ်။ ဒီသတင်းတွေကိုကြားရတိုင်း ကျွန်တော့်အနေနဲ့ အစွန်းရောက်အကြမ်းဖက်ခြင်းဟာ အင်မတန်ထိတ်လန့်ဖို့၊ စက်ဆုပ်ဖို့ကောင်းလှပါတယ်။ ဒါပေမဲ့ ငါတို့နိုင်ငံမှာတော့ မဖြစ်လောက်ပါဘူးလို့ပဲ တွေးခဲ့ပါတယ်။ အခုအချိန်မှာတော့ ဘယ်နိုင်ငံကမှမရှိချင်တဲ့၊ ဘယ်နိုင်ငံမှာမှလည်းမရှိသင့်တဲ့ အစွန်းရောက်အကြမ်းဖက်များရဲ့ အကြမ်းဖက်သတ်ဖြတ်မှုတွေ ကျွန်တော်တို့နိုင်ငံထဲမှာ ပေါ်ပေါက်လို့လာနေပါပြီ။ တစ်နိုင်ငံလုံးအတွက် အင်မတန်အရေးကြီးတဲ့၊ အင်မတန်ပူပန်ဖို့ကောင်းတဲ့ ဒီဖြစ်ရပ်တွေရဲ့ သတင်းအချက်အလက်တွေနဲ့ အစိုးရအဖွဲ့ရဲ့ကြိုးပမ်း

ဖြေရှင်းဆောင်ရွက်နေမှုတွေကို ကျွန်တော့်ရှေ့က လွှတ်တော်ကိုယ်စားလှယ်များလည်း ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်အတွင်းမှာ အတူတကွနေထိုင်ကြတဲ့ တိုင်းရင်းသားတွေဆိုတာ အိမ်တစ်လုံးအတွင်းမှာ အတူနေကြတဲ့ မိသားစုဝင်တွေပဲဖြစ်ပါတယ်။ ဒီအိမ်ကြီးရဲ့ အနောက်ဘက်ကအခန်းမီးလောင်တာပဲဖြစ်ဖြစ်၊ အရှေ့ဘက်ကအခန်းမီးလောင်တာပဲဖြစ်ဖြစ်၊ မြောက်ဘက်ကအခန်းမီးလောင်တာပဲဖြစ်ဖြစ် တကယ်တမ်းတော့ ကျွန်တော့်တို့အားလုံးရဲ့အိမ်ကြီး မီးလောင်တာပဲဖြစ်ပါတယ်။ ဒါကြောင့် အိမ်ကြီးရဲ့ဘယ်နေရာမှာပဲမီးလောင်၊ မီးလောင် ကျွန်တော်တို့အားလုံး အတူတကွပြိုမ်းသတ်သွားကြမှာပဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ်က မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တွေရဲ့လုံခြုံရေးဟာ ကျွန်တော်တို့တစ်နိုင်ငံလုံးရဲ့ လုံခြုံရေးဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားတစ်ဦးကို၊ နိုင်ငံသားတစ်ဦးကိုအကြမ်းဖက်ခြင်းဟာ ကျွန်တော်တို့နိုင်ငံသားအားလုံးကို အကြမ်းဖက်ခြင်းပဲဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တိုင်းပြည်ရဲ့အနောက်ဘက်တံခါးပေါက် ရခိုင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ ပြဿနာတွေဟာ အခုမှ စတင်ပေါ်ပေါက်လာတဲ့ပြဿနာတွေတော့ မဟုတ်ပါဘူး။ ယခင်နှစ်အတော်ကြာကတည်းက ပေါ်ပေါက်ခဲ့တာဖြစ်သလို ဥပဒေစိုးမိုးမှုအားနည်းခြင်းတွေ၊ အဂတိလိုက်စားမှုတွေ၊ မူးယစ်ဆေးဝါးသယ်ဆောင်ဖြန့်ချိခြင်းတွေ၊ နိုင်ငံတကာရဲ့ပယောဂတွေ စတာတွေကြောင့် ပြဿနာဟာပိုမိုရှုပ်ထွေးလို့၊ ပိုမိုနက်ရှိုင်းလို့လာခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတကာမျက်နှာစာမှာ ပြဿနာဟာ ပုံဖျက်ခံရပြီး အထင်အမြင်လွဲစေတဲ့သတင်းတွေသာ လွှမ်းမိုးနေခဲ့ပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီပြဿနာတွေကို ကျွန်တော်တို့အစမပြုခဲ့ပေမဲ့ ကျွန်တော်တို့ အဆုံးသတ်ရပါတော့မယ်။ ဒီအတွက် ရည်ရွယ်ချက်တူတဲ့ ကျွန်တော်တို့တိုင်းရင်းသားအားလုံး ဖြေရှင်းနေတဲ့နည်းလမ်း ကွဲပြားမှုတွေရှိရင်တောင် အချင်းများမနေဘဲ၊ အပြစ်တင်မနေဘဲ ညီညွတ်စွာဆောင်ရွက်ဖို့ အထူးလိုအပ်နေပြီဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံသားဖြစ်မှု၊ တရားမဝင်နိုင်ငံဖြတ်ကျော်ဝင်ရောက်မှု၊ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာဆက်ဆံရေး စတာတွေအားလုံးဟာ ဒီပြဿနာထဲမှာ ရောယှက်ပါဝင်နေတာဖြစ်လို့ လုံခြုံရေးအမြင်၊ ကာကွယ်ရေးအမြင်နဲ့တင်မကပဲ နိုင်ငံတကာဆက်ဆံရေးအမြင်၊ ဖွံ့ဖြိုးတိုးတက်ရေးအမြင်တွေပါထည့်သွင်းလို့ မဟာဗျူဟာချပြီး ဖြေရှင်းရပါလိမ့်မယ်။ ဒါ့အပြင် ကျွန်တော်တို့မှာ Conditional Intelligent လို့ခေါ်တဲ့ အခြေအနေ အချိန်အခါပေါ်မူတည်ပြီး ပါးနပ်စွာဆောင်ရွက်တတ်တဲ့ အရည်အချင်းရှိဖို့လည်းလိုပါတယ်။ စိတ်ခံစားချက်ကိုမထိန်းသိမ်းနိုင်ခဲ့ရင်၊ ပါးနပ်မှုမရှိခဲ့ရင် ကိုယ်မှန်ပါလျက်နဲ့ အမှားအဖြစ်မှတ်ယူခြင်းခံသွားရ

နိုင်ပါတယ်။ ဘောလုံးပွဲတစ်ပွဲမှာ တစ်ဖက်ကဆွကစားတာ၊ ညစ်ကစားတာကို စိတ်မထိန်းနိုင်လို့ လက်ပါမိပြီး အနီကတ်အထိခံရတဲ့ ဘောလုံးသမားလိုမဖြစ်ဖို့လိုပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့ တိုင်းရင်းသားအားလုံးဟာ ညီညွတ်စွာနဲ့ ပါးနပ်စွာနဲ့ ကျွန်တော်တို့ဟာ ကိုယ့်နိုင်ငံသားတွေရဲ့လုံခြုံရေး ကိုဆောင်ရွက်နေတာသာဖြစ်ပြီး လူ့အခွင့်အရေးတွေ ချိုးဖောက်နေတာမဟုတ်ဘူးဆိုတာကို ကမ္ဘာက မြင်အောင်ပြသရပါလိမ့်မယ်။ ငြိမ်ချမ်းစွာအိပ်စက်လို့မရ၊ ငြိမ်းချမ်းစွာနိုးထလို့မရ၊ နေ့စဉ်ပူပန်နေရတဲ့ ကျွန်တော်တို့တိုင်းရင်းသားတွေရဲ့ဘဝကိုလည်း ကမ္ဘာကကြားအောင် ပြောရပါလိမ့်မယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ လုံခြုံရေးကိုထိပါးလာခဲ့ရင်လည်း တိုင်းရင်းသားအားလုံး အတူ လက်တွဲပြီး တွန်းလှန်သွားဖို့အဆင်သင့်ရှိနေတယ်ဆိုတာကိုလည်း ကမ္ဘာကသိအောင် သက်သေပြရ ပါလိမ့်မယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တိုင်းရင်းသားတွေအားလုံး လွတ်လပ်ရေးကို အတူတကွရယူခဲ့ပြီး ပြည်ထောင်စုကြီးကို အတူတကွတည်ထောင်ခဲ့ကြတာ တူညီတဲ့ အိပ်မက်တွေရှိကြလို့ပါ။ ကျွန်တော်တို့တိုင်းရင်းသားအားလုံးရဲ့ တူညီတဲ့အိပ်မက်တွေကို နိုင်ငံတော် သီချင်းရဲ့ခြေဆင်းအပိုဒ်မှာ ခြယ်မှုန်းဖွဲ့ဆိုခဲ့ပါတယ်။ ကျွန်တော်တို့တိုင်းရင်းသားအားလုံးရဲ့ တူညီတဲ့ အိပ်မက်ဟာ တရားမျှတတဲ့နိုင်ငံတော်ကြီးကို တည်ထောင်ကြဖို့ဖြစ်ပါတယ်။ လွတ်လပ်တဲ့နိုင်ငံတော် ကြီးကို တည်ဆောက်ကြဖို့ဖြစ်ပါတယ်။ ငြိမ်းချမ်းတဲ့နိုင်ငံတော်ကြီးကို ထူထောင်ကြဖို့ဖြစ်ပါတယ်။ နိုင်ငံသားအားလုံး အခွင့်အရေးတွေ တူညီစွာရရှိတဲ့နိုင်ငံတော်ကြီးကို ထုဆစ်ကြဖို့ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အိပ်မက်တွေအကောင်အထည်ပေါ်လာဖို့ ကြိုးပမ်းနေစဉ်မှာပဲ ဖျက်ဆီးမယ့်အရာတွေ ကျွန်တော်တို့နိုင်ငံအတွင်းမှာ ပေါ်ပေါက်လို့လာပါတယ်။ အဲဒါတွေကတော့ အစွန်းရောက်တရားဆိုတဲ့ နတ်ဆိုးတစ်ပါးနဲ့ အဲဒီနတ်ဆိုးက ဖန်ဆင်းထားတဲ့ အကြမ်းဖက်ခြင်းဆိုတဲ့ မိတ္တူတစ်ကောင်ပဲဖြစ်ပါ တယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အစွန်းရောက်တရားဆိုတာ သူ့ရဲ့ရှေ့မှာ ဘာသာတရားတစ်မျိုးကို ပဲဖြစ်ဖြစ်၊ လူမျိုးတစ်ပါးကိုပဲဖြစ်ဖြစ် ခေါင်းစဉ်တပ်ထားလေ့ရှိပါတယ်။ အစွန်းရောက်တရားဆိုတာ အဆိပ်လိုပါပဲ။ အဆိပ်ကို ရေထဲမှာပဲခပ်ထားထား၊ ဝိုင်ခွက်ထဲမှာပဲထည့်ထားထား၊ ပေါင်မုန့်ထဲမှာပဲ သုတ်ထားထား အဆိပ်သင့်မှာကတော့ အတူတူပဲဖြစ်ပါတယ်။ ဒီလိုပါပဲ အစွန်းရောက်တရားမှာ ဘယ်လူမျိုးကိုပဲခေါင်းစဉ်တပ်ထားထား၊ ဘယ်ဘာသာကိုပဲခေါင်းစဉ်တပ်ထားထား အစွန်းရောက် တရားဆိုတာနဲ့ ကျွန်တော်တို့ရဲ့အိပ်မက်တွေဖြစ်တဲ့ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်း၊ တရားမျှတခြင်းတွေ ကို ဆိတ်သုဉ်းစေမှာပဲဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အကြောင်းနဲ့မှ ဘယ်ခေါင်းစဉ်နဲ့မှ၊ ဘယ်ပုံစံနဲ့မှ

အစွန်းရောက်တရားနဲ့ အကြမ်းဖက်ခြင်းတို့ကို ကျွန်တော်တို့နိုင်ငံတော်အတွင်းမှာ ပေါ်ပေါက်ခံလို့ မဖြစ်ပါဘူး။ ဒါကြောင့် အစွန်းရောက်တရားနဲ့ အကြမ်းဖက်ခြင်းတွေကို တိုက်ဖျက်ရေးဟာ နိုင်ငံသား အားလုံးရဲ့တာဝန်ဖြစ်ပြီး အစွန်းရောက်တရားထွန်းကားရေး အားထုတ်နေသူအားလုံး၊ အားပေး အားမြှောက်ပြုလုပ်နေသူအားလုံးကို နိုင်ငံသားအားလုံးက ပြည်သူ့အစိုးရနဲ့အတူ ပူးပေါင်းနှိမ်နင်းရမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုအမွေကို အမြဲတည်တံ့စေဖို့ တိုင်းရင်းသားအားလုံး, နိုင်ငံသားအားလုံး တစ်ဦးနှင့်တစ်ဦး အပြစ်တင်မနေဘဲ စည်းလုံးညီညွတ်စွာထိန်းသိမ်းကြပါစို့လို့ တိုက်တွန်းရင်း နိုင်ငံတော်ရဲ့ပိုင်နက်နဲ့ အချုပ်အခြာအာဏာ တစ်လက်မမှမလျော့ပဲ ထာဝရတည်တံ့ပါ စေကြောင်း ဆန္ဒပြုရင်း အစွန်းရောက်တရားနဲ့ အကြမ်းဖက်ခြင်းတို့ ကမ္ဘာမြေမှအမြန်ဆုံး အကြွင်းမဲ့ပျောက်ကွယ်ပါစေကြောင်းဆုတောင်းရင်း ဒေါ်ခင်စောဝေရဲ့အဆိုကို အကြံပြုဆွေးနွေး အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးအောင်ကျော်နှင်း(တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဗိုလ်မှူးအောင်ကျော်နှင်း ဖြစ်ပါတယ်။ ရသေ့တောင်မဲဆန္ဒနယ် က ဒေါ်ခင်စောဝေရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲ ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်မှာ ရခိုင်၊ ဒိုင်းနက်၊ ကမန်၊ မရမာ၊ ဗမာ၊ မြို၊ ခမီ၊ သက် စတဲ့ တိုင်းရင်းသားများဟာ ရှေးပဝေသဏီကတည်းက အတူတကွနေထိုင်လာခဲ့ကြပါတယ်။ တစ်စတုရန်းကီလိုမီတာအတွင်း လူဦးရေသိပ်သည်းဆအချိုးကိုကြည့်ရင် ဘင်္ဂလားဒေ့ရှ် နိုင်ငံက မြန်မာနိုင်ငံရှိလူဦးရေထက် ၁၅ ဆ၊ ရခိုင်ပြည်နယ်ရှိလူဦးရေထက် ၁၃ ဆအထိ များပြားနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ကိုလိုနီခေတ်အတွင်း ၁၈၇၄ ခုနှစ်ကစပြီး ဘင်္ဂလားနယ်က ဘင်္ဂါလီတွေကို ရခိုင်ပြည်နယ်မှာ လယ်ကူလီများအဖြစ် အသုံးပြုဖို့ ခေါ်ယူနေရာချထားပေးရာကနေ ဘင်္ဂါလီတွေ စတင်ရောက်ရှိလာတာဖြစ်ပါတယ်။ ၁၉၄၂ ခုနှစ် မြေပုံမြို့နယ်ကစပြီး ရခိုင်နှင့်ဘင်္ဂါလီအကြား လူမျိုးရေး အဓိကရုဏ်းဖြစ်ပွားပြီး အခြားမြို့နယ်များသို့ ကူးစက်ပြန့်ပွားခဲ့ပါတယ်။ ဘင်္ဂါလီတို့ဟာ ဗြိတိသျှတို့ထံမှရရှိခဲ့တဲ့ လက်နက်များကိုအသုံးပြုကာ ဒေသခံရခိုင်တိုင်းရင်းသားများကို အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ရခိုင်ရွာပေါင်း ၁၅၂ ရွာပျက်စီးပြီး လူပေါင်းနှစ်သောင်းခန့် အသက်ဆုံးရှုံးခဲ့ရ ပါတယ်။ ဘင်္ဂါလီတို့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုများကို ဘီအိုင်အေကဦးဆောင်ကာ ကာကွယ်ပေးခဲ့

ကြောင်း လေ့လာသိရှိရပါတယ်။ လွတ်လပ်ရေးရပြီးနောက် ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် ဒေသကို မူဆလင်နယ်မြေအဖြစ်သတ်မှတ်ပေးနိုင်ရန် မူဂျာဟစ်သောင်းကျန်းသူများ စတင်လှုပ်ရှား လာခဲ့ကြပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသားများ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရခြင်းရဲ့အကျိုးဆက်အနေနဲ့ ယနေ့ ရခိုင်နာမည်နဲ့ရွာများတွင် ဘင်္ဂါလီများ ရှိနေခြင်းပဲ ဖြစ်ပါတယ်။ ရခိုင်တိုင်းရင်းသားများကို လူမျိုးတုန်းသတ်ဖြတ်မှုဘေးမှကာကွယ်ရန်အတွက် ရန်ကုန် အစိုးရလို့ သတ်မှတ်ခံထားရတဲ့အနေအထားမှာပင် မြန်မာ့တပ်မတော်အနေနဲ့ အခက်အခဲများကြားက မားမားမတ်မတ်ရပ်တည်ပေးခဲ့ပါတယ်။ ခေတ်အဆက်ဆက်အစိုးရများအနေနဲ့ စစ်ဆင်ရေးများကို ဆင်နွှဲပြီး အကြမ်းဖက်သောင်းကျန်းသူနှိမ်နင်းရေး၊ ဘင်္ဂါလီများ တရားမဝင်ဝင်ရောက်အခြေချ နေထိုင်မှု ထိန်းချုပ်ဟန့်တားရေးနှင့် ပိုင်နက်နယ်မြေမဆုံးရှုံးရစေရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၉၁ ခုနှစ် နောက်ပိုင်းတွင်လည်း အစိုးရက လူဦးရေထိန်းညှိရေးနှင့် နယ်မြေတိုးချဲ့လာမှုကို ကာကွယ်ရန်အတွက် ဘင်္ဂါလီရွာကြီးများအနီးတွင် တိုင်းရင်းသားကျေးရွာအသစ် ၂၄ ရွာတည်ထောင် ခြင်းကို စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဘင်္ဂါလီတို့အလုံးအရင်းနဲ့ ထပ်မံဝင်ရောက်မှုအနေနဲ့ ၁၉၇၁ ခုနှစ်မှာ အရှေ့အနောက်ပါကစ္စတန်တို့ စစ်ဖြစ်ပွားခဲ့ရာက တိုက်ပွဲကာလအတွင်း အရှေ့ ပါကစ္စတန်နိုင်ငံသားများစွာဟာ အန္တရာယ်ကင်းရှင်းရာ ရခိုင်ပြည်နယ်ထဲကို ဝင်ရောက်ခဲ့ကြပါတယ်။ မြန်မာနိုင်ငံတွင် ၁၉၅၀ ပြည့်နှောင်းပိုင်းအထိ ရိုဟင်ဂျာဟု သုံးနှုန်းခြင်းမရှိသည်ကို ဖော်ပြပါအတိုင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှ ဘင်္ဂါလီတို့ကို နိုင်ငံတကာအဖွဲ့အစည်းများရဲ့ ရည်ရွယ်ချက်ရှိရှိ တင်းကြပ်သင်ကြားပေးမှုများကြောင့် ရိုဟင်ဂျာဆိုတဲ့အသုံးအနှုန်းကို ပိုမိုအသုံးပြု လာပါကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှာ ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့အတွင်းမှ မသီတာထွေးကို ဘင်္ဂါလီသုံးဦးမှ မုဒိမ်းကျင့်သတ်ဖြတ်ပြီး ရွှေ၊ ငွေများကို ယူဆောင်သွားရာကစပြီး လူမျိုးရေးအဓိကရုဏ်းတစ်ခု စတင်ဖြစ်ပွားခဲ့ရာ ဖော်ပြပါအတိုင်း ပျက်စီး သေဆုံးမှုများ ရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် လူမျိုးရေးအဓိကရုဏ်းဖြစ်ပွားပြီးနောက် အစိုးရအနေနဲ့ ဘင်္ဂါလီပြဿနာကို တည်ဆဲဥပဒေများအရ ခိုင်မာစွာရပ်တည်ဖြေရှင်းဆောင်ရွက်ခဲ့ပါတယ်။ ယခင်အစိုးရလက်ထက်မှာ ဘင်္ဂါလီလူမျိုးများကို ရိုဟင်ဂျာတိုင်းရင်းသားများအဖြစ် သတ်မှတ်ပေးရန် တရားမဝင်ဖိအားပေး တောင်းဆိုမှုများကို လက်ခံမှာမဟုတ်သလို တိုင်းရင်းသားအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးလည်း ပေးမှာမဟုတ်ကြောင်းကိုလည်း ကမ္ဘာသိအောင် ထုတ်ဖော်ပြောကြား ထားပြီးလည်းဖြစ်ပါတယ်။

ဒါ့အပြင် ၂၀၁၇ ခုနှစ် တပ်မတော်နေ့အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကလည်း ကျွန်တော်တို့နိုင်ငံမှာ ရိုဟင်ဂျာလူမျိုးမရှိဘူးဆိုတာ ကမ္ဘာကိုအသိပေးပြီးဖြစ်တယ်လို့ အတိအလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် လူမျိုးရေး အဓိကရုဏ်းဖြစ်စဉ်တွင်လည်း အစိုးရကဖွဲ့စည်းခဲ့တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ အစီရင်ခံစာ တင်ပြချက်များအရ နိုင်ငံတော်အစိုးရအနေနဲ့ ပြဿနာစတင်ဖြစ်ပွားစဉ်ကပင် ထိရောက်ပြတ်သားစွာ ကိုင်တွယ်နိုင်မှုအားနည်းခြင်းတို့ရှိခဲ့ကြောင်း သုံးသပ်တင်ပြခဲ့သဖြင့် ဒါဟာ လက်ရှိအစိုးရအနေနဲ့ အလေးအနက်ထားပြီး သင်ခန်းစာယူစရာတစ်ခုဖြစ်ပါတယ်။ နိဂုံးချုပ်အားဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းကို ခိုးဝင်လာတဲ့ အင်အားကြီးဘင်္ဂါလီလူ့အဖွဲ့အစည်းက အင်အားနည်းတဲ့ ဒေသခံရခိုင် တိုင်းရင်းသားများအပေါ်မှာ ၁၉၄၂ ခုနှစ်ကစတင်ကာ အကြမ်းဖက်တိုက်ခိုက်မှု၊ အသက်အိုးအိမ် စည်းစိမ်ကို နှောက်ယှက်ထိပါးမှု၊ ရာဇဝတ်မှုကျူးလွန်မှု၊ လယ်ယာမြေများကို အနိုင့်အထက်သိမ်းပိုက်မှု၊ ရခိုင်ကျေးရွာများကိုမီးရှို့ဖျက်ဆီးကာ အတင်းအဓမ္မဝင်ရောက်နေထိုင်မှုများကို စဉ်ဆက်မပြတ် ပြုလုပ်ခဲ့ကြပါတယ်။ ဘင်္ဂါလီတွေဟာ ရခိုင်ပြည်နယ်တစ်ခုတည်းသာမက ပင်လယ်ကမ်းရိုးတန်းနှင့် ထိစပ်နေသော ဒေသများအပါအဝင် အခြားဒေသများတွင်လည်း စိမ့်ဝင်ထိုးဖောက်မှုတွေ ရှိနေပါတယ်။ ဒါ့ကြောင့် ဘင်္ဂါလီတို့ရဲ့ အကြမ်းဖက်လုပ်ရပ်များဟာ ယနေ့အချိန်အခါတွင် ရခိုင်ပြည်နယ် အရေးသက်သက်မဟုတ်တော့ဘဲ ပြည်ထောင်စုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး စတဲ့အချက်များကို နှောင့်ယှက်ထိပါးလာတဲ့အနေအထားသို့ တစ်စတစ်စ ရောက်ရှိလာပြီဖြစ်ပါတယ်။ ယခုကဲ့သို့အနေအထားမျိုးမှာ နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပိုမိုကောင်းမွန်သောအုပ်ချုပ်ရေးနှင့် လုံခြုံရေးအစီအမံများကို ပြည်သူတို့နှင့်အတူ၊ ပြည်သူ့ဆန္ဒနှင့်အညီ ရဲဝံ့ပြတ်သားစွာဆုံးဖြတ်ပြီး ထိထိရောက်ရောက် စီမံလုပ်ဆောင်ရမယ့်အချိန်အခါလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ် အရေး၊ လုံခြုံရေးတို့နှင့်စပ်လျဉ်း၍ အတွေ့အကြုံရှိသူများနှင့် ညှိနှိုင်းတိုင်ပင်ခြင်း၊ အကြံဉာဏ်များ ရယူခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ စဉ်ဆက်မပြတ်လုပ်ဆောင်သွားရန် လိုအပ်ပါတယ်။ ရခိုင်ပြည်နယ်အရေးကို ကိုင်တွယ်ဆောင်ရွက်ရာတွင် နိုင်ငံတကာဖိအားကို စိုးရိမ်ပြီး လူ့အခွင့်အရေး ရှုထောင့်ကို ရှေ့တန်းတင်နေမယ့်အစား နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ဒေသခံရခိုင်တိုင်းရင်းသားများရဲ့ အသက်အိုးအိမ်စည်းစိမ်တို့ကာကွယ်ရေးအတွက် လုံခြုံရေးရှုထောင့် ကိုဦးစားပေးကာ ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။ တပ်မတော်အနေနဲ့ကတော့

ဒို့တာဝန်အရေးသုံးပါးကို ထိပါးနှောင့်ယှက်လာမယ့်ကိစ္စ၊ တိုင်းရင်းသား လူမျိုးများအရေးကိစ္စနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တန်ပြန်ဆောင်ရွက်နိုင်ရေးအတွက် အမြဲထာဝရ အသင့်ပြင်ဆင်ထားရှိပါကြောင်းဆွေးနွေးရင်း အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးလွင်ကိုလတ်(သန်လျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သန်လျင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ ရခိုင်ပြည်နယ်မှာဖြစ်နေတဲ့ ပြဿနာတွေ ဘာကြောင့်ဖြစ်တာလဲဆိုတဲ့အကြောင်းအရင်းကို သုံးသပ်ကြည့်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ နယ်စပ်ဒေသလုံခြုံမှုအားနည်းတာရယ်၊ တရားဥပဒေစိုးမိုးမှုအားနည်းခဲ့တာရယ်၊ ဒေသဖွံ့ဖြိုးမှုအားနည်းခဲ့တာဟာ အဓိကအကြောင်းအရင်းဖြစ်ပါတယ်။ ဒီလိုဖြစ်ခဲ့တာဟာ ခေတ်အဆက်ဆက် အားနည်းချက်တွေကနေပြီးတော့ ဖြစ်လာတယ်ဆိုတာ စောစောကဆွေးနွေးသွားတဲ့ဆွေးနွေးချက်တွေထဲမှာ တွေ့ခဲ့ပြီးဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီအားနည်းချက်တွေကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ နယ်မြေတွေထဲကို တရားမဝင်နယ်စပ်ကျူးကျော်ဝင်ရောက်တဲ့သူတွေ များလာတယ်။ ယဉ်ကျေးမှုမတူတဲ့လူတွေဟာ ဖွံ့ဖြိုးမှုနည်းတဲ့နေရာတွေကို ရောက်လာတဲ့အခါမှာ ဒီအကြောင်းနှစ်ခုကိုအခြေခံပြီးတော့ လူမှုရေးပဋိပက္ခနှင့် ရာဇဝတ်မှုတွေထူပြောလာတယ်။ ဒီရာဇဝတ်မှုတွေထူပြောလာမှုနှင့် လူမှုရေးပဋိပက္ခတွေကို တရားဥပဒေစိုးမိုးရေးဘက်ကနေပြီးတော့ ဖြေရှင်းဖို့ ကျွန်တော်တို့ ကြိုးစားရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီနေရာမှာ သတိထားသင့်တာက ကမ္ဘာမှာ အယ်လ်ကေဒါအကြမ်းဖက်မှုအဖွဲ့ဟာ နောက်ဆုတ်သွားပြီးတော့ ISIS ဖြစ်လာတဲ့အချိန်မှာ သူတို့ရဲ့အကြမ်းဖက်မှုနယ်မြေတွေကို ချဲ့ထွင်လာတယ်ဆိုတာ ကမ္ဘာ့မီဒီယာတွေမှာ ဖော်ပြထားပါတယ်။ ထို့အတူတူပဲ ကျွန်တော်တို့ရဲ့ရခိုင်ဒေသမှာရှိနေတဲ့တရားဥပဒေစိုးမိုးရေးပြဿနာတွေကိုလည်း ဘာသာရေးနှင့် လူမျိုးရေးပြဿနာဖြစ်အောင် ကမ္ဘာ့မီဒီယာတွေကို သုံးစွဲဆောင်ပြီးသွားတဲ့အတွက်ကြောင့်မို့လို့ လက်ရှိကျွန်တော်တို့အခြေအနေဟာ အစွန်းရောက်ကွန်ရက်ထဲကိုရောက်ပြီးတော့ အကြမ်းဖက်လုပ်ရပ်တွေ ပေါ်ပေါက်နေတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ အဲဒီတော့ လက်ရှိကျွန်တော်တို့ဖြစ်နေတာဘာလဲဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့အသက်အိုးအိမ်စည်းစိမ်နဲ့ လုံခြုံရေးကို ထိခိုက်လာပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့အမျိုးသား

လုံခြုံရေးကို စိန်ခေါ်ခံရတဲ့အခြေအနေဖြစ်တယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ အမျိုးသားလုံခြုံရေးကို စိန်ခေါ်ခံခဲ့ရတဲ့အခြေအနေမှာ လက်ရှိကျွန်တော်တို့ ပြည်သူ့အစိုးရကနေပြီးတော့ ဘာတွေဆောင်ရွက်နေတာလဲလို့ ကျွန်တော်တို့ လေ့လာကြည့်ရအောင်။ ပထမဦးဆုံးအနေနဲ့ အစိုးရဟာ ဗဟိုကော်မတီတစ်ရပ်ဖွဲ့စည်းပြီးတော့ ဆောင်ရွက်တာကို တွေ့ရပါတယ်။ နောက်တစ်ခုက ကျတော့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နဲ့စုံစမ်းစစ်ဆေးရေးကော်မရှင်ဆိုပြီး ကော်မရှင်နှစ်ရပ်ဖွဲ့တယ်။ လုပ်ငန်းကော်မတီလေးရပ်ဖွဲ့ပြီးတော့ ဆောင်ရွက်နေတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိပါတယ်။ ဒီလေ့လာတွေ့ရှိမှုကနေပြီးတော့ တစ်ချက်ပြန်ကြည့်မယ်ဆိုလို့ရှိရင် ဒီကော်မတီတွေဖွဲ့စည်းပြီး လက်ရှိအစိုးရကနေပြီးတော့ ပထမဦးဆုံး လုံခြုံရေးရှုထောင့်ကို စပြီးဆောင်ရွက်နေတာ ကျွန်တော်တို့ တွေ့ပါတယ်။ တပ်မတော်က နယ်မြေလုံခြုံရေးနှင့် ရှင်းလင်းရေးတာဝန်တွေကို ဆောင်ရွက်နေပြီးတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေတာ ကျွန်တော်တို့ လေ့လာတွေ့ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုပြောကြားချင်တာက ကျွန်တော်တို့က ဒီလို ဆောင်ရွက်နေတဲ့ကိစ္စတွေကို ဘယ်လိုအကြမ်းဖက်မှုကိုမဆို ကျွန်တော်တို့ တုံ့ပြန်တိုက်ခိုက်ချေမှုန်းနေတဲ့အချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ အခြားလုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာတည်ဆဲဥပဒေတွေအရ ကာကွယ်တုံ့ပြန်သွားဖို့ လိုအပ်တယ်ဆိုတာကို အထူးသတိပေးပြောကြားလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က အစွန်းရောက်ကွန်ယက်ထဲကို ကမ္ဘာ့မီဒီယာကိုသုံးပြီးတော့ ဆွဲခေါ်ခံနေရတဲ့အချိန်မှာ ကျွန်တော်တို့ရဲ့ တုံ့ပြန်မှုဟာ အမျိုးသားအကျိုးစီးပွားကိုအားပြုပြီး တရားဥပဒေစိုးမိုးရေးအမြင်က တုံ့ပြန်မှုဖြစ်ဖို့ လိုအပ်တယ်လို့ထင်ပါတယ်။

နောက်တစ်ခုကကျတော့ လက်ရှိပြဿနာတွေရင်ဆိုင်တဲ့အခါမှာ အစိုးရရယ်၊ တပ်မတော်ရယ်၊ ပြည်သူ့ရဲရယ်နဲ့တင်မဟုတ်ပါဘူး။ ပြည်သူပူးပေါင်းဆောင်ရွက်လာဖို့ လိုပါတယ်။ ဒီလိုပူးပေါင်းဆောင်ရွက်လာဖို့ဆိုလို့ရှိရင် ကျွန်တော်တို့အစိုးရဟာ လက်ရှိဘာတွေဆောင်ရွက်နေတာကို ပြည်သူကို အချိန်နှင့်တစ်ပြေးညီ အသိပေးဖို့လိုတယ်။ ဒီလုပ်ငန်းတွေကို လုပ်နေတယ်ဆိုတာကိုလည်း အခု တွေ့ရပါတယ်။ နောက်တစ်ခုကကျတော့ ဒါကလည်း ကျွန်တော်တို့ ပြည်သူလူထုနဲ့ရှင်းလင်းပွဲလုပ်နေတာတွေဖြစ်ပါတယ်။ နောက်တစ်ခုက စောစောကကျွန်တော်တို့ ပြောခဲ့တဲ့ကိစ္စမှာ ကျွန်တော်တို့က အမျိုးသားလုံခြုံရေးကို ကာကွယ်နေတာ။ တပ်မတော်ကရှင်းလင်းရေးလုပ်နေတယ်ဆိုတာလည်း ကျွန်တော်တို့ နိုင်ငံရဲ့နယ်နိမိတ်ကို ကာကွယ်တာ။ ကျွန်တော်တို့ပြည်သူ့ရဲကနေပြီးတော့ ဖမ်းတယ်၊ စစ်ဆေးတယ်ဆိုတာတွေအားလုံးကလည်း ကျွန်တော်တို့ရဲ့တရားဥပဒေစိုးမိုးရေးကို ကာကွယ်နေတာဖြစ်တယ်။

ဒါပေမဲ့ ဒီလိုကာကွယ်နေတဲ့အခြေအနေမှာ မလိုအပ်တဲ့အသုံးအနှုန်းတွေ၊ မလိုအပ်တဲ့စိတ်ခံစားမှုနဲ့ တုံ့ပြန်မှုတွေကြောင့်မို့လို့ ကျွန်တော်တို့အမျိုးသားလုံခြုံရေးကာကွယ်မှုကို ပုံဖျက်ခံရတာမျိုးတွေကို တော့မဖြစ်အောင် ကျွန်တော်တို့အားလုံး သတိရှိရှိနဲ့ရင်ဆိုင်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့လည်း ဒီအစိုးရမှာရှိနေတဲ့တာဝန်ရှိလူကြီးပိုင်းတွေကနေပြီးတော့ အစွန်းရောက်မှုတွေနဲ့တုံ့ပြန်တာမျိုးမဟုတ် ဘဲနဲ့ ကျွန်တော်တို့လက်ရှိရှိနေတဲ့ ထေကြီးဝါကြီးတွေရဲ့ဩဝါဒတွေကိုခံယူပြီးတော့ သိမ်သိမ်မွေ့မွေ့နဲ့ တုံ့ပြန်နေတယ်ဆိုတာကို ဒီဓာတ်ပုံတွေက သက်သေပြနေပါတယ်။

နောက်တစ်ခုကကျတော့ လက်ရှိဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေကြောင့်မို့လို့ ပေါ်ပေါက်နေတဲ့ အကြမ်းဖက်မှုတွေ၊ ပေါ်ပေါက်နေတဲ့ဒုက္ခသည်စခန်းတွေကို အစိုးရကနေပြီးတော့ သွားရောက်ကူညီ တာဖြစ်ပါတယ်။ ဒီဥစ္စာကတော့ ကျွန်တော်တို့အစိုးရကကူညီထားတဲ့စာရင်းပါ။ ဒါက နိုင်ငံတကာက နေပြီး ကူညီထောက်ပံ့နေတဲ့ဇယားတွေပါ။ လက်ရှိအခြေအနေထိဆိုလို့ရှိရင် လူသားချင်းစာနာထောက် ထားမှုအရ ဒေါ်လာ ၁.၉၆ သန်း၊ မြန်မာငွေအားဖြင့်ဆိုရင် ကျပ်သန်းပေါင်း ၂၆၀၀ ကျော် ကူညီထားပြီး ဖြစ်ပါတယ်။ နောက်ပြီးတော့ ဘက်စုံဖွံ့ဖြိုးရေးပါ။ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ဖို့ အတွက် နယ်လှည့်ဆေးကုအဖွဲ့တွေ ၄၀ နဲ့ ကျေးရွာပေါင်း ၂၀၈ ရွာ၊ ဒုက္ခသည်စခန်းမှာရှိတဲ့ ကျွန်တော်တို့ ပြည်သူတွေ ၁၇၀၀၀၀ ကျော်ကို ဆေးကုသခဲ့တာတွေ့ရပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ကျေးရွာမှာရှိတဲ့ကျောင်းပေါင်း ၃၀၀ ကို အဆင့်မြှင့်နေတာကိုလည်း တွေ့ပါတယ်။ မေယုတောင်တန်း မှာ လမ်းပန်းဆက်သွယ်ရေးအဆင့်မြှင့်ခြင်းနှင့် ကျေးလက်မီးလင်းရေးအတွက်လည်း လက်ရှိအခြေ အနေထိ စုစုပေါင်း ၅ ဘီလီယံကျော်သုံးစွဲထားတာ တွေ့ပါတယ်။ ပြီးခဲ့တဲ့အစိုးရရဲ့နောက်ဆုံး သက်တမ်းသုံးနှစ်မှာ ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် သုံးခဲ့တာဟာ ၉ ဘီလီယံပဲရှိပြီးတော့ လက်ရှိအစိုးရလက်ထက်မှာ တစ်နှစ်ကျော်ကျော်အတွင်းမှာ ၅ ဘီလီယံကျော်သုံးစွဲထားတယ်ဆိုတာ ဟာ ရခိုင်ပြည်အရေးကို အစိုးရဘယ်လောက်ထိ အာရုံစိုက်တယ်ဆိုတာ ပေါ်လွင်ပါတယ်။ နောက်ပြီး တော့ ကျွန်တော်တို့ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးတဲ့လုပ်ငန်းစဉ်တွေကိုလည်း ၁၉၈၂ ခုနှစ်၊ နိုင်ငံသားစိစစ်ရေးဥပဒေနှင့်အညီ လက်ရှိအချိန်ထိဆောင်ရွက်နေတာ တွေ့ရပါတယ်။

နောက်ဆုံးအနေနဲ့ပြောကြားချင်တာက ကျွန်တော်တို့က အမျိုးသားလုံခြုံရေးပြဿနာကို ဖြေရှင်းတဲ့အခါမှာ ကျွန်တော်တို့အမျိုးသားအင်အားစုအားလုံး ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက် ဖို့ဖြစ်ပါတယ်။ UN မှာရှိနေတဲ့ United Nation Counter Terrorism Centre ရဲ့ဆောင်ပုဒ်ကလည်း Collaboration and Coaching in Counter Terrorism လို့ပြောပါတယ်။ ဒါကြောင့်မို့လို့

ကျွန်တော်တို့အားလုံးဟာ ပြဿနာကိုဖြေရှင်းတဲ့အခါမှာ ကျွန်တော်တို့အမျိုးသားရေး၊ လုံခြုံရေးတို့နဲ့ ပတ်သက်ပြီးတော့ တပ်မတော်ရယ်၊ ပြည်သူ့အစိုးရရယ်၊ ပြည်သူလူထုရယ်ပူးပေါင်းဆောင်ရွက်တာ ဟာ အဖြေလို့ကျွန်တော်ထင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ပြောကြားချင်တာကတော့ ဒီအဆိုနှင့်ပတ်သက် ရင် ကျွန်တော်တို့အဆိုရှင်တွေအကုန်လုံးဟာ၊ ကျွန်တော်တို့ကိုယ်စားလှယ်အားလုံးဟာ မိမိအဆို အောင်ချင်တာဟာ တစ်သီးပုဂ္ဂလရည်ရွယ်ချက်ပါ။ ဒါပေမဲ့ ကျွန်တော်တို့ တကယ်ဆုံးဖြတ်တဲ့အခါကျ တော့ လွှတ်တော်ဆိုတဲ့ Institution အရ ဆုံးဖြတ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ဒီမိုကရေစီနိုင်ငံ သွားနေတဲ့အခါ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး ဖြစ်ပါတယ်။ ဒေါ်ခင်စောဝေရဲ့အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါခင်ဗျား။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာ ဘင်္ဂါလီအကြမ်းဖက်သမားများက နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းသုံးခုကို တစ်ပြိုင်တည်း အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့ပါတယ်။ အဆိုပါဖြစ်စဉ်က ၂၀၁၂ ခုနှစ်ဖြစ်စဉ်နဲ့ အသွင်သဏ္ဍာန်ရော၊ အနှစ်သာရပါ ကွဲပြားပါတယ်။ ရခိုင်ပြည်နယ်ရဲ့တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး ဆောင်ရွက်နေတဲ့မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေကို တိုက်ခိုက်သတ်ဖြတ်ခြင်းဟာ အကြမ်းဖက်လုပ်ရပ် ဖြစ်ပါတယ်။ ဆုံးရှုံးသွားတဲ့လက်နက်၊ ခဲယမ်းများပြန်လည်ရရှိရေးနှင့် ဒေသခံတိုင်းရင်းသားတွေကို ကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်က နယ်မြေရှင်းလင်းရေးဆောင်ရွက်ခဲ့ပါတယ်။ အကြမ်း ဖက်စီးနင်းတိုက်ခိုက်သူများနှင့် ထိတွေ့မှု ၁၂ ကြိမ် ဖြစ်ပွားခဲ့ပါတယ်။ ဖြစ်စဉ်များကတော့ ဖော်ပြပါ အတိုင်းဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ မေယုတောင်ကျောမှာ ဖြစ်ပွားခဲ့တဲ့ ဖြစ်စဉ်အပါအဝင် သိမ်းဆည်းရမိပစ္စည်းများနှင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ ၂၀၁၇ ခုနှစ် ဩဂုတ်လအထိ ဘင်္ဂါလီအကြမ်းဖက်သမားများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးလေးဦးနှင့် ဘင်္ဂါလီ အချင်းချင်းသတ်ဖြတ်မှု၊ ဖမ်းဆီးခေါ်ဆောင်ရာမှာပျောက်ဆုံးမှုနှင့် ဒေသခံလူမျိုးခုနစ်ဦးအပါအဝင် တိုင်းရင်းသားများကို ဖမ်းဆီးသတ်ဖြတ်မှုဖြစ်စဉ်များကတော့ ဖော်ပြပါအတိုင်းဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်နေ့မှာ ရသေ့တောင်မြို့နယ် အောင်နိုင်ရ ဘင်္ဂါလီရွာမှာ တရားခံဖမ်းဆီးရန်ရောက်လာတဲ့ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေကို ဘင်္ဂါလီရွာသား ၆၀၀ ခန့်က လူစုလူဝေးနဲ့ ဝိုင်းဝန်းတိုက်ခိုက်ခဲ့ခြင်းဟာ နိုင်ငံတော်ရဲ့တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးယန္တရား ကို စိန်ခေါ်လိုက်တာဖြစ်ပါတယ်။ အဆိုပါဖြစ်စဉ်များကြောင့် စိုးရိမ်ထိတ်လန့်ပြီး ရသေ့တောင်မြို့နယ် အတွင်းမှာရှိတဲ့ ချွတ်ပြင်၊ ပိတောက်မြိုင်၊ ပျဉ်ရှည်နဲ့ ပေါက်ပင်ရင်းကျေးရွာများမှာ ဒေသခံ တိုင်းရင်းသားအိမ်ထောင်စု ၁၃၄ စု၊ လူဦးရေ ၆၂၂ ဦးတို့ဟာ စေတီပြင်နှင့် ဂွဆုံကျေးရွာများကို ထွက်ပြေးတိမ်းရှောင်ခဲ့ရပါတယ်။ တပ်မတော်အနေဖြင့် လုံခြုံရေးအပြည့်အဝဆောင်ရွက်ကာ ၎င်းတို့နေရပ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ရပါတယ်။ ဘင်္ဂါလီအကြမ်းဖက်သမားများက မြိုလူမျိုးခုနစ်ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့မှုဖြစ်စဉ်နဲ့စပ်လျဉ်းပြီးတော့ UN အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမှ အကြမ်းဖက်လုပ်ရပ်ဖြစ်ကြောင်း သဘောထားထုတ်ပြန်ခဲ့ခြင်းမရှိခဲ့တာ အားလုံးအသိပဲဖြစ်ပါတယ်။

တပ်တော်အနေဖြင့် နယ်မြေတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသခံတိုင်းရင်းသားများ ကို ကာကွယ်စောင့်ရှောက်ရန်အတွက် နယ်မြေရှင်းလင်းရေးဆောင်ရွက်မယ်ဆိုသည်မှာ ယန်ဟီလီနှင့် အမေရိကန် လီပတ်ဘလီကန်အမတ် အက်ရိုက်တို့ဟာ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် စိုးရိမ်မိကြောင်း အချိန်ကိုက်ထုတ်ပြန်ချက်က ၎င်းတို့နှစ်ဦးရဲ့ တစ်ဖက်သတ် ဘက်လိုက်မှု၊ မရိုးသားမှု၊ ဘလောင်းဘလဲနိုင်မှုများကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တောဒေသမှ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်ခံရမှုများနှင့်စပ်လျဉ်းပြီး နိုင်ငံတော်အစိုးရက ဒုတိယသမ္မတ(၁) ဦးမြင့်ဆွေ ဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့တဲ့အပြင် တပ်မတော်အနေဖြင့်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း ဦးဆောင်တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိရခိုင်ပြည်နယ် (မြောက်ပိုင်း)မှာ ဘင်္ဂါလီလူမျိုးများထဲမှ အုပ်ချုပ်ရေးတာဝန်ထမ်းဆောင်နေသူများ၊ အစိုးရအုပ်ချုပ် ရေးအဖွဲ့များနှင့် ဆက်ဆံရေးအဆင်ပြေသူများ၊ သတင်းပေးဟုယူဆသူများ၊ ဒေသခံတိုင်းရင်းသားများ နှင့် ရင်းနှီးစွာဆက်ဆံနေသူများကို ဘင်္ဂါလီအကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်ကာ သတ်ဖြတ်ပြနေခြင်းဟာ အစိုးရရဲ့အုပ်ချုပ်ရေးယန္တရားနှင့် အဆက်အသွယ်ဖြတ်နေခြင်းဖြစ်ပါတယ်။ ၎င်းတို့ရဲ့သတင်းကို အမှောင်ချရန် အစီအစဉ်တကျဆောင်ရွက်နေခြင်းဖြစ်တဲ့အပြင် မြိုလူမျိုးခုနစ်ဦး ကို သတ်ဖြတ်ပြခြင်းဟာ ဒေသခံတိုင်းရင်းသားတွေကို နေရပ်စွန့်ခွာထွက်ပြေးစေရန် အကြောက်တရား

နှင့် လွှမ်းမိုးချုပ်ကိုင်ထားခြင်းဖြစ်ပါတယ်။ အတည်ပြုဆဲသတင်းများအရ ဘင်္ဂါလီအကြမ်းဖက်သမားများက ၎င်းတို့အခြေပြုနေထိုင်ရာကျေးရွာတွေကို လုံခြုံရေးတပ်ဖွဲ့ဝင်တွေဝင်ရောက်လာပါက တစ်အိမ်တစ်ယောက်ထွက်၊ လူစုလူဝေးနဲ့ညာသံပေးကာ သေနတ်တွေကိုလု၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို ဖမ်းဆီးသတ်ဖြတ်ခြင်းများပြုလုပ်ရန် ကြံစည်နေကြောင်း သတင်းရရှိပါတယ်။ ဒီသတင်းသာမှန်ကန်မှုရှိပါက ဘင်္ဂါလီအကြမ်းဖက်သမားများအနေနဲ့ ပြည်ပအဖွဲ့အစည်းများရဲ့အကူအညီဖြင့် နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရုံသာမက ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကိုထိပါးတဲ့အထိ အစီအစဉ်တကျ လုပ်ဆောင်လာနေခြင်းဖြစ်ကြောင်း သုံးသပ်ရပါတယ်။

နိဂုံးချုပ်အနေဖြင့် ဘင်္ဂါလီအကြမ်းဖက်သမားများရဲ့လုပ်ရပ်များကို တည်ဆဲအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒေသခံတို့ရဲ့လုံခြုံရေးအတွက် လိုအပ်တဲ့အစီအမံများကိုလည်း တာဝန်ရှိသူများနှင့် ညှိနှိုင်းတိုင်ပင်ကာအကြမ်းဖက်လုပ်ရပ်များအပေါ် ချက်ချင်းတုံ့ပြန်အရေးယူရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် တုံ့ပြန်မှုတွေနှောင့်နှေးနေပါက ဒေသခံပြည်သူများရဲ့လုံခြုံရေးနှင့် နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကိုပါ ရေရှည်မှာထိခိုက်လာနိုင်တဲ့အတွက် လွှတ်တော်မှာ အရေးကြီးအဆိုတင်သွင်းကာ နိုင်ငံတော်အစိုးရကို လိုအပ်သလို တိုက်တွန်းသွားရမှာ ဖြစ်ပါတယ်။ လတ်တလော ရခိုင်တိုင်းရင်းသားအရေးဟာ နောင်အခါ နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့အရေးဖြစ်လာနိုင်တဲ့အတွက် လွှတ်တော်အတွင်းမှာရှိကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် စိတ်သဘောထားနှင့် လုပ်ဆောင်ချက်များဟာ ထပ်တူကျရန်အရေးကြီးပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးတာကတော့ ဆွေးနွေးပါ။ ဒါပေမဲ့ ကိုယ်စားလှယ်တွေရဲ့ ဆွေးနွေးပိုင်ခွင့်နဲ့ဆုံးဖြတ်ပိုင်ခွင့်ကိုတော့ ဒီလိုဖိအားပေးတဲ့ဟာမျိုး လွှတ်တော်နည်းဥပဒေမှာ ခွင့်မပြုထားပါဘူး။ ပြန်ကြည့်ထားလိုက်ပါ။ ဒါကြောင့်မို့လို့ ဒီစကားရပ်ကိုတော့ ပြန်ရုပ်သိမ်းပါ။

**ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ ဆက်ပြီးဆွေးနွေးပါမယ်။ ဒါ့အပြင် နိုင်ငံတော်။

**ဥက္ကဋ္ဌ**။ ။ ပြန်ရုပ်သိမ်းဖို့ အရင်ပြောပါ။

**ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး**။ ။ ဟုတ်ကဲ့။ ပြန်ရုပ်သိမ်းပါမယ်ခင်ဗျား။ ဆက်ပြီးဆွေးနွေးပါမယ်ခင်ဗျား။ ဒါ့အပြင် နိုင်ငံတော်လုံခြုံရေးအတွက် ပြည့်စုံကောင်းမွန်တဲ့ဥပဒေတစ်ရပ် အမြန်ရေးဆွဲအတည်ပြုနိုင်ရေးအတွက်လည်း အကြံပြုတိုက်တွန်းအပ်ပါတယ်။ တပ်မတော်ကို နိုင်ငံတကာမှ လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု စတဲ့အမျိုးမျိုးဝေဖန်ပုံဖော်နေတဲ့ကြားက ဒေသခံတိုင်းရင်းသားများနှင့် နိုင်ငံသူနိုင်ငံသားများအားလုံးရဲ့အကျိုးအတွက် ခိုင်ခိုင်မာမာရပ်တည်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နယ်နိမိတ်ရဲ့ရှေ့ခံစစ်ကြီး နိုင်ငံတော်ရဲ့အနောက်တံခါးဖြစ်တဲ့ ရခိုင်ပြည်နယ်ကို တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသခံတိုင်းရင်းသားများအတွက် ပိုမိုကောင်းမွန်စိတ်ချရတဲ့ လုံခြုံရေးစနစ်၊ လက်ရှိလုပ်ဆောင်နေတဲ့အုပ်ချုပ်ရေးယန္တရားကို ဥပဒေနှင့်အညီ တောင့်တင်းခိုင်မာရေးအတွက် ဘက်ပေါင်းစုံက စီမံဆောင်ရွက်ပေးရန် အပူတပြင်းလိုအပ်လျက်ရှိပါတယ်။ ဒါ့အပြင် နယ်စပ်ဒေသမှာ လုံခြုံရေးအရ ဆောင်ရွက်လျက်ရှိတဲ့ သံဆူးကြိုးကာရံခြင်းအပိုင်းမှာ ကျန်နေတဲ့ ခန့်မှန်းမိုင် ၅၀ ခန့်ကိုလည်း ဆက်လက်ဆောင်ရွက်သင့်ကြောင်းနှင့် တင်ပြလာတဲ့ ဘတ်ဂျက်ကိုလည်း လွှတ်တော်က ခွင့်ပြုပေးရန် လိုအပ်ကြောင်း အကြံပြုလိုပါတယ်။

တပ်မတော်အနေဖြင့်ကတော့ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ နိုင်ငံရေးပါတီများနှင့် အတူတကွ လက်တွဲကာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးရင်း ဒေါ်ခင်စောဝေရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးရည်မွန်(ခ)မောင်တင်သစ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရည်မွန်(ခ)မောင်တင်သစ်(ပုဗ္ဗသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ပုဗ္ဗသီရိမဲဆန္ဒနယ်က ဦးရည်မွန်(ခ) မောင်တင်သစ်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှာ ပိုမိုကောင်းမွန်တဲ့ အုပ်ချုပ်ရေးနှင့် လုံခြုံရေးအစီအမံများ ချမှတ်အကောင်အထည်ဖော်ဖို့ နိုင်ငံတော်အစိုးရကို တိုက်တွန်းထားတဲ့ ဒေါ်ခင်စောဝေရဲ့ အဆိုအပေါ်မှာ အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီကနေ့ လွှတ်တော်ထဲမှာ ကျွန်တော်တို့တစ်တွေ ရခိုင်အရေးနဲ့ပတ်သက်လို့ ဆွေးနွေးနေကြတဲ့အချိန်မှာ နိုင်ငံတော်အစိုးရနှင့် လုံခြုံရေးအဖွဲ့အစည်းများရဲ့ စွမ်းဆောင်ချက်ကြောင့် အုပ်ချုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာအစီအမံကောင်းတွေဟာ အတိုင်းအတာတစ်ခုအထိ ခရီးရောက်နေပြီလို့ ယုံကြည်ရပါတယ်။ ဘာကြောင့် ဒီလိုပြောနိုင်သလဲဆိုရင် ရခိုင်ပြဿနာဖြေရှင်းရေးဟာ အစိုးရသစ်ရဲ့ အရေးကြီး Agenda ဖြစ်ရုံမက

ဘဲနဲ့ တစိုက်မတ်မတ်အကောင်အထည်ဖော်ဆောင်ရွက်လာတဲ့ လုပ်ငန်းစဉ်တစ်ခုလည်းဖြစ်တယ် ဆိုတာ ကျွန်တော်တို့ တွေ့မြင်နိုင်ပါတယ်။ ရှေ့ကလွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခဲ့သလိုပဲ အစိုးရသက်တမ်းနှစ်လပြည့်တဲ့အချိန်တည်းက ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ဦးဆောင် တာဝန်ယူဆောင်ရွက်နေသလို လိုအပ်တဲ့လုပ်ငန်းကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက် တဲ့နေရာမှာ ဒီကနေ့ လွှတ်တော်ကိုကြွရောက်နေတဲ့ ပြည်ထဲရေးဝန်ကြီးဟာဆိုရင် ရခိုင်ပြည်နယ်ရဲ့ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းကော်မတီကို ဦးဆောင်တာဝန်ယူ နေတာဖြစ်ပါတယ်။ အဲဒီတော့ အစိုးရအနေနဲ့ ရခိုင်ပြဿနာဖြေရှင်းပြေလည်စေရေးအတွက် ဘက်ပေါင်းစုံကနေတော့မှ အမြော်အမြင်ရှိရှိ ဆောင်ရွက်နေတဲ့အချိန်မှာ ဘင်္ဂါလီအသိုင်းအဝန်းရဲ့ တုံ့ပြန်မှုကတော့ အပြုသဘောမဆောင်ရုံသာမကဘဲနဲ့ အစွန်းရောက်အကြမ်းဖက်မှုများအဖြစ် ပြောင်းလဲလာတာကို ဝမ်းနည်းစရာတွေ့ရပါတယ်။ ကျွန်တော်တို့ရဲ့ နယ်စပ်လုံခြုံရေးစခန်းတွေကို အကြမ်းဖက်ဝင်ရောက်တိုက်ခိုက်တာ အစိုးရနဲ့ပူးပေါင်းဆောင်ရွက်တဲ့ မျိုးနွယ်တူဘင်္ဂါလီအရပ်သား တွေကိုသတ်ဖြတ်တာ၊ ဖမ်းဆီးခေါ်ဆောင်သွားတာ၊ ကျွန်တော်တို့ရဲ့ ဒေသခံတိုင်းရင်းသား ခုနစ်ဦးကို ရက်ရက်စက်စက်သတ်ဖြတ်တာတွေအထိ အစွန်းရောက်မှုဟာ အတင့်ရဲလာတာကို တွေ့ရပါတယ်။ အစွန်းရောက်အကြမ်းဖက်မှုပြဿနာကို ဖြေရှင်းရပြီဆိုရင်လည်း ဖြေရှင်းရတဲ့အခါမှာ စစ်ရေးနည်း လမ်းကိုအသုံးပြုရတာကလည်း မလွှဲမရှောင်သာတဲ့ကိစ္စဖြစ်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်လအတွင်းမှာ နိုင်ငံတော်အစိုးရနှင့် လုံခြုံရေးအဖွဲ့အစည်းများ ပူးပေါင်းပြီးတော့ ရခိုင်ကိစ္စဘာတွေဆောင်ရွက် နေသလဲ ပြန်ကြည့်တဲ့အချိန်မှာ ပြီးခဲ့တဲ့ ဇွန်လ ၃၀ ရက်မှာ တစ်ကြိမ် ဩဂုတ်လ ၉ ရက်နေ့မှာ တစ်ကြိမ်၊ နိုင်ငံတော်သမ္မတအိမ်တော်မှာ ရခိုင်ကိစ္စအထူးအစည်းအဝေးတွေကျင်းပခဲ့တယ်။ ဒီအစည်းအဝေး တွေမှာ နိုင်ငံတော်အကြီးအကဲတွေ၊ တပ်မတော်အကြီးအကဲတွေ ပါဝင်တက်ရောက်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ တွေ့ရပါတယ်။ ဩဂုတ်လ ၁၁ ရက်နေ့မှာတော့ မောင်တောဒေသ တည်ငြိမ်အေးချမ်း ရေး သတင်းထုတ်ပြန်ချက်ဆိုတာ ပေါ်ထွက်လာပါတယ်။ ဒီသတင်းထုတ်ပြန်ချက်က အင်မတန် အရေးကြီးပါတယ်။ မောင်တောဒေသမှာ ကြုံတွေ့နေရတဲ့ အကြမ်းဖက်မှုအန္တရာယ်ကို မီးမောင်းထိုးပြရင်းနဲ့ နိုင်ငံတော်အစိုးရအနေနဲ့ ဒီအကြမ်းဖက်မှုအပေါ်မှာ ဘယ်လိုပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမယ်ဆိုတာကို တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ အတိအလင်းထုတ်ဖော်ပြောဆို လိုက်တာပဲ ဖြစ်ပါတယ်။ အကြမ်းဖက်မှုအန္တရာယ်ကို စစ်ရေးနည်းလမ်းနှင့် ဖြေရှင်းရတဲ့အခါမှာ

လုံခြုံရေးအဖွဲ့အစည်းများဟာ အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်လာပါတယ်။ ကျွန်တော်တို့ရဲ့ လုံခြုံရေးအဖွဲ့အစည်းများအပေါ်မှာ တန်ဖိုးထားတဲ့စိတ်နဲ့ အကြံပြုရမယ်ဆိုရင် ရန်သူပဲဖြစ်ဖြစ်၊ သုံ့ပန်းပဲဖြစ်ဖြစ်၊ မသက်ဲသူပဲဖြစ်ဖြစ် ဥပဒေနှင့်ညီကာ ကိုင်တွယ်ဆောင်ရွက်ခြင်းအားဖြင့် ကျွန်တော်တို့ဟာ Standard Army၊ Standard အဖွဲ့အစည်းများဖြစ်ကြောင်း ပြသကြဖို့ဖြစ်ပါတယ်။ ဘယ်သူတရားပျက်ပျက်၊ ကိုယ်တရားမပျက်နဲ့ဆိုတဲ့ စကားလည်းရှိပါတယ်။ ကျွန်တော်တို့တစ်တွေ ဥပဒေနှင့်အညီ ဆောင်ရွက်နေသမျှ ပြည်တွင်းကပဲဖြစ်ဖြစ်၊ ပြည်ပကပဲဖြစ်ဖြစ် ဘယ်လိုစွပ်စွဲပစ်တင်မှုမျိုးကိုမှ စိုးရိမ်ပူပန်စရာမရှိပါဘူး။ ရုတ်စွအဆုံး R to B လို ကိစ္စမျိုးအတွက်တော့ ကျွန်တော်တို့ ကြောင့်ကျဖို့မလိုပါဘူး။ ရခိုင်ပြဿနာဖြေရှင်းရေးမှာ မြန်မာနိုင်ငံကို ကူညီချင်တဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့လည်း ဒီလောက်သန်းနဲ့ချီတဲ့ ဘင်္ဂါလီဝန်ထုပ်ဝန်ပိုးကြီးကို ဖွံ့ဖြိုးမှုနိမ့်ကျနေသေးတဲ့ မြန်မာတစ်နိုင်ငံတည်းက တာဝန်ယူဖို့ ဖိအားပေးနေမယ့်အစား မိမိတို့ကိုယ်တိုင်လည်း တတ်နိုင်သမျှ ခွဲဝေထမ်းပိုးကြမယ်ဆိုရင် ဒီပြဿနာဟာ မြန်မြန်ပြေလည်စရာအကြောင်းရှိပါတယ်။ နောက်တစ်ချက် ဘင်္ဂါလီအသိုင်းအဝိုင်းအနေနဲ့လည်း ဘယ်လိုအစွန်းရောက်အကြမ်းဖက်မှုမှာ အနာဂတ်မရှိဘူး။ ဘယ်လိုမျှော်လင့်ချက်မျိုးမှ မရှိဘူးဆိုတာ သတိချပ်ဖို့လိုပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံနှင့် နိုင်ငံတော်အစိုးရအပေါ်မှာ မှန်ကန်တဲ့သဘောထား မွေးမြူပြီးတော့ ဥပဒေနှင့်အညီ ငြိမ်းငြိမ်းချမ်းချမ်း နေထိုင်တာကသာလျှင် ဘဝလုံခြုံမှုအတွက် အာမခံချက်ရှိလိမ့်မယ်လို့ ပြောချင်ပါတယ်။ နောက်ဆုံးအချက်အနေနဲ့ ကျွန်တော်တို့လွှတ်တော်များရဲ့အခန်းကဏ္ဍ တိုင်းပြည်မှာ အရေးကြီးတဲ့ အခြေအနေတစ်ခုဖြစ်နေတယ်။ ဒီအခြေအနေပေါ်မှာ အစိုးရက အရေးတယူ မပြုဘူးဆိုရင်တော့ လွှတ်တော်များက လိုအပ်တဲ့အဆိုများ၊ အရေးကြီးအဆိုများ တိုက်တွန်းပြီးတော့ အစိုးရကို တွန်းအားပေးဆောင်ရွက်စေရမှာဖြစ်ပါတယ်။ သို့သော် အစိုးရကိုယ်တိုင်က တာဝန်သိသိနှင့် အခြေအနေပေါ်မှာတုံ့ပြန်ဆောင်ရွက်နေတယ်ဆိုရင်တော့ လွှတ်တော်အနေနဲ့ အစိုးရရဲ့ဆောင်ရွက်ချက်အပေါ်မှာ ထောက်ခံအားပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖြည့်ကူညီသင့်ပါတယ်လို့ အကြံပြုရင်း ကျွန်တော့်ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးထွန်းမြတ်ဆွေ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးထွန်းမြတ်ဆွေ(တပ်မတော်သားကိုယ်စားလှယ်)**။ ။ မင်္ဂလာပါ။ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်မှာ ခေတ်အဆက်ဆက်ဖြစ်ပွားနေ

တဲ့ ရခိုင်အရေးနှင့် ဘင်္ဂါလီတွေရဲ့ပြဿနာတွေကို နိုင်ငံတော်အစိုးရများအနေဖြင့် ရှုထောင့်အမျိုးမျိုးက သုံးသပ်ဖြေရှင်းခဲ့ပေမဲ့ ဘင်္ဂါလီပြဿနာတွေက လျော့ပါးမသွားဘဲ ဘင်္ဂါလီအကြမ်းဖက်မှုတွေ အခြေအနေကတော့ ပိုမိုတိုးပွားလာတာကို တွေ့ရှိရပါတယ်။ ဒီနေရာမှာ ပြည်ပအဖွဲ့အစည်းတွေရဲ့ ပါဝင်ပတ်သက်မှုကို သတိထားရှုမြင်ဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။ UN အပါအဝင် နိုင်ငံတကာ NGO အဖွဲ့တွေဟာ ရခိုင်ပြည်နယ်မှာ ၂၀၁၂ ခုနှစ်မတိုင်မီကတည်းက လူသားချင်းစာနာထောက်ထားမှုကို အထောက်အကူပြုရေးဆိုတဲ့အကြောင်းပြချက်နဲ့ရောက်ရှိလာတာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်နောက်ပိုင်း IDP စခန်းတွေ ပေါ်လာတဲ့အချိန်မှာတော့ ရခိုင်ပြည်နယ်ဟာ နိုင်ငံတကာ NGO အဖွဲ့တွေအတွက် ဈေးကွက်ကြီးဖြစ်လာပါတယ်။ INGO စီမံကိန်းတွေရဲ့ ၉၀ ရာခိုင်နှုန်းက ဘင်္ဂါလီတွေနေထိုင်ရာဒေသမှာ ဆောင်ရွက်တာဖြစ်ပြီး ဝန်ထမ်းအင်အားရဲ့ ၈၀ ရာခိုင်နှုန်းက ဘင်္ဂါလီတွေဖြစ်ပါတယ်။ INGO အဖွဲ့တွေရဲ့ဘက်လိုက်ဆောင်ရွက်မှုတွေ၊ ဝင်ရောက်စွက်ဖက်မှုတွေက ပိုမိုများပြားလာသလို ဘင်္ဂါလီအကြမ်းဖက်တွေရဲ့ စခန်းချရာ မေယုတောင်တန်းမှာတွေ့ရတဲ့ UN အမှတ်အသားတံဆိပ်ပါအထောက်အကူပြုရေး အထောက်အထားတွေဟာ ဒုက္ခသည်များကို INGO အဖွဲ့တွေရဲ့ကူညီမှုဟာ သာမန်ဒုက္ခသည်ကူညီမှုထက်ပိုတဲ့အဓိပ္ပာယ်ဆောင်နေတယ်လို့ ယူဆနိုင်ပါတယ်။ OIC အဖွဲ့အနေနဲ့ ARU အဖွဲ့ကို အားပေးအားမြှောက်ပြုပြီး ၂၀၁၁ ခုနှစ် (၃၈)ကြိမ်မြောက် OIC ညီလာခံမှာ ဘင်္ဂါလီအရေးကို နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါတယ်။ OIC အဖွဲ့အနေနဲ့လည်း မြန်မာနိုင်ငံ မူဆလင်အရေးနှင့်ပတ်သက်ပြီး ကြေညာချက်တွေ ထုတ်ပြန်ခြင်း၊ ဘင်္ဂါလီအရေးအတွက် OIC နိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးကို ၉-၁-၂၀၁၇ ရက်နေ့ မလေးရှားနိုင်ငံမှာကျင်းပပြီး ကြေညာချက်တွေထုတ်ပြန်ခြင်း၊ UN လူ့အခွင့်အရေးကော်မရှင်နှင့် လုံခြုံရေးကောင်စီကို တိုက်တွန်းခြင်းတွေဆောင်ရွက်လာကြောင်း တွေ့ရှိရပါတယ်။

တူရကီနိုင်ငံခြားရေးနှင့်အဖွဲ့၊ OIC အတွင်းရေးမှူးချုပ်နှင့်အဖွဲ့တွေဟာ ရခိုင်ဒေသကို သွားရောက်ပြီး ဘင်္ဂါလီတွေနဲ့တွေ့ဆုံခြင်း၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ UN နှင့်ဆက်စပ်အဖွဲ့အစည်းတွေ အစီရင်ခံစာထုတ်ပြန်ရာမှာလည်း ပကတိအခြေအနေနှင့် ကွဲလွဲနေတာတွေရှိပါတယ်။ ထို့အပြင် ကုလသမဂ္ဂအထွေထွေညီလာခံတွေမှာ မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ထုတ်ပြန်ချက်တွေ၊ ကုလသမဂ္ဂအထူးကိုယ်စားလှယ်ရဲ့အစီရင်ခံစာတွေမှာလည်း ဘက်လိုက်မှုတွေ

ရှိနေတာကို တွေ့ရပါတယ်။ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ ယန်ဟီလီရဲ့ ၂၀၁၇ ခုနှစ် ဇူလိုင်လ ခရီးစဉ်မှာ သတင်းထုတ်ပြန်ချက်တွေဟာ ဘက်လိုက်မှုတွေ၊ မမှန်ကန်မှုတွေရှိတဲ့အတွက် အစိုးရအနေနဲ့ရော၊ လွှတ်တော်အနေနဲ့ပါ ပြင်းပြင်းထန်ထန်ကန့်ကွက်တာတွေ ဆောင်ရွက်ခဲ့ရပါတယ်။ မြန်မာနိုင်ငံခေတ်အဆက်ဆက်အစိုးရတွေအနေနဲ့ ရခိုင်အရေးနှင့်ပတ်သက်ပြီး ကော်မရှင်တွေဖွဲ့စည်းဆောင်ရွက်ရာမှာ ကော်မရှင်အစီရင်ခံစာတွေအပေါ်မှာ အကောင်အထည်ဖော်ဆောင်ရွက်မှုတွေရှိပါတယ်။ ဒေသခံတိုင်းရင်းသားတွေအတွက် ဘယ်လောက်အတိုင်းအတာအထိ အကျိုးသက်ရောက်မှုရှိနေပြီလဲဆိုတာကိုတော့ ပြန်လည်ဆန်းစစ်ဖို့ လိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်နေပေမဲ့ ဘင်္ဂါလီလူမျိုးအစွန်းရောက်အဖွဲ့အစည်းတွေက ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်းမှာ မောင်တောနှင့် ရသေ့တောင်မြို့နယ်တွင်းမှာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ပိုမိုဆောင်ရွက်လာတာကို တွေ့ရှိရပါတယ်။ ဒ့ါအပြင် ၂၀၁၇ ခုနှစ်မှာ ဘင်္ဂါလီကျေးရွာတွေနဲ့ မေယုတောင်တန်းကိုအခြေပြုပြီး ဘင်္ဂါလီတွေဟာ အကြမ်းဖက်တိုက်ခိုက်မှုတွေ ဆက်လက်အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်ဖို့ ပြင်ဆင်လာတာတွေကို တွေ့ရှိပါတယ်။ ရခိုင်အရေးနှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်အပါအဝင် လွှတ်တော်အရပ်ရပ်မှာ အဆိုတွေတင်သွင်း၊ ဆွေးနွေးခဲ့ပေမဲ့ အကောင်အထည်ဖော်မှုအပိုင်းမှာတော့ ဒေသခံတိုင်းရင်းသားတွေအတွက် လုံခြုံစိတ်ချရတဲ့ အခြေအနေရောက်ရှိဖို့ လိုအပ်လျက်ရှိနေသေးတာကို တွေ့ရှိရပါတယ်။ Power Point ဖြင့် တင်ပြထားတဲ့အကြံပြုချက်တွေကတော့ ဒေသခံတိုင်းရင်းသားတွေအတွက် မဖြစ်မနေဆောင်ရွက်ပေး ရမယ့်အချက်များဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ရခိုင်ပြည်နယ်မှာ ၁၉၄၂ ခုနှစ်ကစတင်ဖြစ်ပွားခဲ့တဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့ ဘင်္ဂါလီအကြမ်းဖက်သမားတွေရဲ့ ရပ်တန့်ခြင်းမရှိဘဲ စဉ်ဆက်မပြတ်ဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေဟာ ဒီဖြစ်စဉ်ဖြစ်ပွားရတဲ့အကြောင်းအရင်းကို တိတိကျကျဖော်ထုတ်ဖို့ လိုအပ်ပါတယ်။ ဘင်္ဂါလီအကြမ်းဖက်သမား၊ ဘင်္ဂါလီအကြမ်းဖက်အဖွဲ့အစည်းများအဖြစ် နိုင်ငံတော်အစိုးရက ပြတ်ပြတ်သားသားသတ်မှတ်ပြီး တိတိကျကျထုတ်ပြန်ရန်လိုအပ်ပါတယ်။ သို့မှသာ ပြဋ္ဌာန်းပြီးဖြစ်တဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတကာအစိုးရ၊ နိုင်ငံတကာရဲတပ်ဖွဲ့တွေနဲ့လည်း ပိုမိုကျယ်ပြန့်စွာပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ မေယုတောင်တန်းပေါ်မှာ ဘင်္ဂါလီအကြမ်းဖက်သမားတွေရဲ့ ယာယီခြေကုတ်စခန်းတွေကို သိမ်းပိုက်စဉ်တွေ့ရှိရတဲ့ UN အမှတ်အသားပါထောက်ပံ့ရေးပစ္စည်းတွေ ရောက်ရှိနေမှုကိုလည်း သေချာစိစစ်

ဖော်ထုတ်ဖို့လိုပါတယ်။ သို့မှသာ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ မြန်မာနိုင်ငံပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်းစွက်ဖက်နေမှုတွေ၊ အကြမ်းဖက်အဖွဲ့အစည်းကိုထောက်ပံ့နေမှုတွေကို ကမ္ဘာကို ဖွင့်ချနိုင်မှာဖြစ်ပါတယ်။

ထို့အပြင် ရခိုင်ပြည်နယ်အခြေအနေကို မိမိတို့ရဲ့ မိတ်ဖက်နိုင်ငံများရဲ့အကူအညီကိုရယူပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တင်ပြပြီး လိုအပ်သလို အရေးယူဆောင်ရွက်ဖို့ လိုပါတယ်။ ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ဒေသခံတိုင်းရင်းသားတွေရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ် ကာကွယ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်ရာမှာ လက်ရှိ အနေအထားထက် လုံခြုံမှုကိုတိုးမြှင့်ချထားရန် လိုပါသေးတယ်။ လုံခြုံရေးနှင့်ကာကွယ်ရေး စွမ်းအားတောင့်တင်းရန် လုပ်ဆောင်ရာမှာ အချိန်တိုအတွင်းတည်ဆောက်၍ ရနိုင်တဲ့အလုပ်မဟုတ်တဲ့ အတွက်ကြောင့် ရေရှည်စီမံချက်တွေ ချမှတ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ပထဝီနိုင်ငံရေး အခြေအနေ၊ လက်ရှိပထဝီအနေအထားတွေအရ၊ ပကတိအနေအထားတွေအရ နိုင်ငံတော်လုံခြုံရေး အတွက် ကာကွယ်ရေးစွမ်းပကားများတောင့်တင်းရန်၊ တပ်မတော်နှင့်အတူ နိုင်ငံတော်အစိုးရ လွှတ်တော်နှင့် တိုင်းရင်းသားများဟာ လက်တွဲပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ ဘင်္ဂါလီများကို အကြမ်းဖက်သမားများ၊ ဘင်္ဂါလီအကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ကြေညာပေးမှသာ လုံခြုံရေးကိစ္စများကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တိတိကျကျဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ တချို့ပုဂ္ဂိုလ်အဖွဲ့အစည်းတွေက တပ်မတော်နှင့်စပ်လျဉ်းပြီး အထူးအခွင့်အရေးရနေတယ်။ လုပ်ပိုင်ခွင့်တွေရနေတယ်။ ထိန်းချုပ်လို့မရဘူးလို့ စွပ်စွဲနေတာတွေရှိပါတယ်။ တပ်မတော်အနေနဲ့ မည်သို့ပင် ဖြစ်စေ မဟုတ်မမှန်စွပ်စွဲပုတ်ခက်ဝေဖန်မှုများကို လက်တွန့်မှာမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက် ပုဒ်မ ၆၊ ပုဒ်မ ၂၀ ပုဒ်မခွဲ(င)၊ ပုဒ်မခွဲ(စ)နှင့် ပုဒ်မ ၃၄၁ တို့အရ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဆွေးနွေးရင်း အဆိုကိုထောက်ခံအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ပြုံးကေသီနိုင်(ကလောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မတို့ဟာ ကျွန်မတို့ရရှိထားတဲ့အချုပ်အခြာအာဏာသုံးရပ်ကို ကျင့်သုံးတဲ့အခါ အဓိကအားဖြင့် တရားဥပဒေ စိုးမိုးရေးသာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးဆိုတာ တစ်နည်းအားဖြင့် ပြည်သူတို့ရဲ့အသက်အိုးအိမ်စည်းစိမ်ကို ဥပဒေဖြင့် အကာအကွယ်ပေးခြင်းဖြစ်ပါတယ်။ ထိုနည်းတူ ကျွန်မတို့ရဲ့နိုင်ငံရေး ရည်မှန်းချက်သည်

လည်း တရားဥပဒေစိုးမိုးမှုရှိတဲ့နိုင်ငံတော်၊ တရားဥပဒေကို လိုက်နာမှုရှိတဲ့လူ့အဖွဲ့အစည်းကို တည်ထောင်လိုမှုဖြစ်ပါတယ်။ ကျွန်မတို့ဟာ ကျွန်မတို့ရဲ့နိုင်ငံကို ကာကွယ်စောင့်ရှောက်ခွင့် အပြည့်အဝရှိပါတယ်။ ကျွန်မတို့ရဲ့အမျိုးသားရေးစရိုက်လက္ခဏာမပျောက်ပျက်ရေးအတွက် ခုခံကာကွယ်ပိုင်ခွင့် အပြည့်အဝရှိပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခဲ့သလိုပါပဲ။ ဘယ်အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်မှုမျိုးကိုမဆို ပြတ်ပြတ်သားသားအရေးယူဆောင်ရွက်ပိုင်ခွင့်လည်း အပြည့်အဝရှိပါတယ်။ သို့သော် အဲဒီလိုကာကွယ်စောင့်ရှောက်တဲ့အခါ ဥပဒေကြောင်းအရ ပွင့်လင်းမြင်သာစွာဆောင်ရွက်တာဟာ ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုရဲ့ဆောင်ရွက်ပုံနည်းလမ်းပဲ ဖြစ်ပါတယ်။ အဆိုရှင်တင်ပြသွားတဲ့အတိုင်းပါပဲ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့နယ်မြေချင်းဆက်စပ်နေတဲ့ ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်ဒေသများမှာ နိုင်ငံရေး၊ လူမှုရေး၊ ဘာသာရေးအရ မတည်မငြိမ်ဖြစ်နေတယ်ဆိုတာ မြေပြင်အမှန်သတင်းအချက်အလက်တွေဖြစ်ပါတယ်။ ဒါပေမဲ့ ဒီပြဿနာတွေဟာ အခုမှပေါ်ပေါက်လာတာမဟုတ်ပါဘဲ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကပဲ စတင်ခဲ့တယ်ဆိုတာလည်းပဲ ထင်ရှားပြီးဖြစ်ပါတယ်။ သို့ပေမဲ့ ခေတ်အဆက်ဆက်သောအစိုးရတို့ဟာ ဒီပြဿနာရဲ့အရင်းအမြစ် ထိရောက်အောင်ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိခဲ့တဲ့အတွက် နာတာရှည်ရောဂါအနေနဲ့ တည်ရှိဆိုးရွားလာရတာ ယနေ့ထက်တိုင်ဖြစ်ပါတယ်။

ဆက်လက်ပြီး နိုင်ငံတော်အစိုးရအနေနဲ့ ဒီပြဿနာကို ကိုင်တွယ်ဖြေရှင်းနေတဲ့နည်းလမ်းများနဲ့ ပတ်သက်လို့ ဆွေးနွေးလိုပါတယ်။ အားလုံးကို ခြုံငုံသုံးသပ်ရမယ်ဆိုရင် ဒီပြဿနာကို ဖြေရှင်းတဲ့နေရာမှာ ရေတိုနှင့်ရေရှည်နည်းလမ်းဆိုပြီး နည်းလမ်းနှစ်သွယ်အသုံးပြုလျက်ရှိပါတယ်။ ရေတိုနည်းလမ်းဟာ ပြဿနာကို ဘောင်ကွပ်ထိန်းသိမ်းနိုင်ဖို့ဖြစ်ပြီး ရေရှည်နည်းလမ်းဟာ ၎င်းပြဿနာရဲ့အရင်းအမြစ်ကို ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ဖြစ်ပါတယ်။ ဒါကြောင့် ရေတိုနည်းလမ်းဟာ ရေရှည်နည်းလမ်းအပေါ်မှာ အထောက်အပံ့ပြုနိုင်လောက်အောင် မဟာဗျူဟာမြောက်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ရေတိုနည်းလမ်းဟာ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်မှုမှစလို့ နယ်မြေရှင်းလင်းရေးကဲ့သို့ စစ်ရေးအရ ပါဝင်ပတ်သက်ရမှုများဖြစ်ပြီး ရေရှည်နည်းလမ်းဟာဖြင့် နိုင်ငံရေးနှင့် လူမှုရေးအရ ဖြေရှင်းချက်များမှတစ်ဆင့် အရပ်ဘက်အုပ်ချုပ်ရေးကို တည်ငြိမ်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးဖြစ်ပါတယ်။ ဒါမှလည်း ဒေသရဲ့တည်ငြိမ်တဲ့ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ယခုအခါမှာ အဆိုရှင်တင်သွင်းခဲ့တဲ့အတိုင်း ထိုလူ့အဖွဲ့အစည်းမှ အစွန်းရောက်ပုဂ္ဂိုလ်တချို့ဟာ ပြည်ပနိုင်ငံမှ အကူအညီရယူကာ

အကြမ်းဖက်လှုပ်ရှားမှုများကို စစ်ရေးပုံစံနဲ့စနစ်တကျဆောင်ရွက်လာတယ်ဆိုတာ ငြင်းဆန်နေစရာမရှိပါဘူး။ ထို့ကြောင့်ပင် နိုင်ငံတော်အစိုးရမှလည်း စစ်ရေးအရတုံ့ပြန်ဆောင်ရွက်မှုများကို ရေတိုလုပ်ငန်းအနေနဲ့ တန်ပြန်လုပ်ဆောင်နေတာအားလုံးအသိဖြစ်ပါတယ်။ ဒီလိုစစ်ရေးအရ အရေးယူဆောင်ရွက်ရခြင်းရဲ့ ရည်ရွယ်ချက်ဟာ အထက်ဖော်ပြပါအကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးသွားစေလိုခြင်းနဲ့ ထိုဒေသရှိပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အကာအကွယ်ပေးလိုတဲ့အတွက် ဖြစ်ပါတယ်။ သို့သော် အရင်းအမြစ်ပြဿနာများကိုဖြေရှင်းတဲ့အခါ ဖြေရှင်းနိုင်တဲ့ပတ်ဝန်းကျင်ကို ဖန်တီးပေးလိုမှုအတွက်လည်း ဖြစ်ရပါမယ်။ စစ်ရေးအရလွှမ်းမိုးနိုင်မှုဟာ အရင်းအမြစ်ပြဿနာကို အပြီးတိုင်အောင်မြင်အောင် ဖြေရှင်းနိုင်မှုမဟုတ်ကြောင်း အထူးအလေးဂရုပြုကြဖို့ လိုအပ်ပါတယ်။ စစ်ရေးအရဆောင်ရွက်ရတဲ့နယ်မြေများဟာလည်း အရပ်သားများ အခြေချနေထိုင်တဲ့နေရာများဖြစ်လာနိုင်ခြေလည်း ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ အစွန်းရောက်များဟာ ၎င်းလူနေဒေသများကိုအကာအကွယ်ယူပြီး လှုပ်ရှားဆောင်ရွက်နေလို့ဖြစ်ပါတယ်။ ဒါကြောင့် စစ်ရေးအရအရေးယူဆောင်ရွက်တဲ့အခါ နိုင်ငံတကာမှာလက်ခံထားတဲ့ ဂျနီဗာကွန်ဗင်းရှင်းလို ဥပဒေများကို လိုက်နာဆောင်ရွက်ဖို့ အထူးတိုက်တွန်းလိုပါတယ်။ ထိုဂျနီဗာကွန်ဗင်းရှင်းရဲ့ရည်ရွယ်ချက်ကတော့ ပြန်လည်ဖက်ပြိုင်ခြင်းမပြုနိုင်တော့တဲ့ ဒဏ်ရာရဖျားနာသူတွေ၊ သင်္ဘောပျက်ပြီး ပင်လယ်တွင်းကျရောက်နေသူတွေ၊ ဖမ်းဆီးရမိသူတွေနဲ့ အရပ်သားများကို စစ်ရေးအရ အရေးယူဆောင်ရွက်နေစဉ်အတွင်း ဥပဒေမဲ့ပြုကျင့်ခံရခြင်းမှ အကာအကွယ်ပေးနိုင်ဖို့ ဖြစ်ပါတယ်။ ထိုကဲ့သို့ ဂျနီဗာကွန်ဗင်းရှင်းဥပဒေများကို လိုက်နာရန်အတွက်ဆိုတာ စစ်ရေးဆိုင်ရာအရည်အသွေးတွေ ပြည့်စုံနေရမယ့်အပြင် စိတ်ဓာတ်ရေးရာ ခွန်အားရှိသူတွေအတွက်သာဖြစ်ကြောင်း စစ်အတွေ့အကြုံရှိသူတိုင်း သိကြပါတယ်။

ဒါကြောင့် ဒီလိုကြမ်းတမ်းခက်ထန်လှတဲ့ လုံခြုံရေးနဲ့စစ်ရေးတာဝန်များကို မြေပြင်မှာလက်တွေ့ထမ်းဆောင်နေကြသူများအနေနဲ့ ဒီအရည်အသွေးနှစ်ရပ်ဟာ မိမိနိုင်ငံနဲ့ မိမိအမျိုးသားတို့ရဲ့ ရေရှည်အကျိုးစီးပွားအတွက်ဖြစ်ကြောင်း အစဉ်နှလုံးသွင်း ဆောင်ရွက်ကြစေလိုပါတယ်။ အစွန်းရောက်များရဲ့အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် ဒေသခံလူမျိုးစုများဖြစ်တဲ့ သက်၊ ဒိုင်းနက်၊ မြို၊ ခမီ စတဲ့မျိုးနွယ်စုများဟာ ၎င်းတို့ရပ်တည်မှုအတွက် အစဉ်သဖြင့် ကြောက်ရွံ့နေကြရတယ်ဆိုပါတယ်။ ဒါတင်မှမကပါဘူး။ ထိုအစွန်းရောက်များနှင့် မျိုးနွယ်စုတူသူများပင် ၎င်းတို့ရဲ့ဦးဆောင်မှုကို မနာခံပါက အသက်အန္တရာယ်လုံခြုံမှုမရှိနိုင်တော့တာလည်း တွေ့နေရတာဖြစ်ပါတယ်။ အစွန်းရောက်များရဲ့ လတ်တလောရည်မှန်းချက်ဟာ အစိုးရယန္တရားလည်ပတ်မှုအခြေတည်မရအောင် လုပ်ဆောင်လိုတယ်

ဆိုတာ ထင်ရှားပါတယ်။ ဒါမှလည်း ပြည်ပမှအစွန်းရောက်များရဲ့အာရုံစိုက်မှုနဲ့ အကူအညီရရှိနိုင်မှာဖြစ်တဲ့ အပြင် စစ်ရေးအရ ရင်ဆိုင်ဖြေရှင်းနေစဉ်အတွင်း ဖြစ်စဉ်များကို လူ့အခွင့်အရေးချိုးဖောက်မှုအနေနဲ့ နိုင်ငံတကာကိုချပြကာ ၎င်းတို့အတွက် နိုင်ငံရေးအရ အရေးသာမှုကို ဖန်တီးလိုနေတာဖြစ်ကြောင်းကို လည်း သတိချပ်ဖို့လိုပါတယ်။ ရခိုင်ပြည်နယ်မှာတည်ရှိနေတဲ့ သဘာဝသယံဇာတအရင်းအမြစ်များနဲ့ ပထဝီနိုင်ငံရေးအရ အရေးပါလာမှုကြောင့်ပင် ဒီရခိုင်အရေးကို ပိုမိုရှုပ်ထွေးလာစေတာလည်း ဖြစ်ပါ တယ်။ ပါဝင်ပတ်သက်သူတွေ များပြားလာတဲ့အပြင် ရခိုင်အရေးမတည်ငြိမ်ပါမှ နိုင်ငံရေးအရ အကျိုး အမြတ်ရှိမယ်လို့ ယူဆနေသူတွေ ကျွန်မတို့ရဲ့အနီးအနားမှာပင် ရှိနေသေးတာကြောင့် ရခိုင်အရေးကို စေတနာအမှန်ဖြင့် အမှန်တကယ်အောင်မြင်အောင် ဆောင်ရွက်လိုသူများနဲ့ ရခိုင်ဒေသတွင်းမှ ထိခိုက် နစ်နာနေတဲ့တိုင်းရင်းသားများအားလုံး နိုင်ငံရေးသတိအမြဲရှိစေလိုပါတယ်။ နိဂုံးချုပ်အနေနဲ့ တင်ပြ လိုတာကတော့ အခုအဆိုရှင်တင်သွင်းတဲ့ရခိုင်အရေးပြဿနာဟာ လူမျိုးရေးခွဲခြားမှုပြဿနာမဟုတ် သလို၊ ဘာသာကွဲပြားမှုပြဿနာလည်းမဟုတ်ပါဘူး။ ဘာသာရေးအစွန်းရောက်များရဲ့ဥပဒေပြင်ပမှ နေ၍ လက်နက်ကိုင်အကြမ်းဖက်လာမှုကို နိုင်ငံတော်က ဥပဒေကြောင်းအရ ရေတို၊ ရေရှည်အစီအမံ များချမှတ်၍ ခုခံကာကွယ်ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်းနဲ့ လက်ရှိဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံတော်အစိုးရရဲ့ရေတို၊ ရေရှည်လုပ်ငန်းများ တစ်ခုနှင့်တစ်ခု အပေးအယူအချိတ်အဆက်မိမိ။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။ ကျွန်တော် ပျော်ဘွယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းအေးဖြစ်ပါတယ်။ Power Point ဖြင့်တင်ပြခွင့်ပြုပါ။ ကျွန်တော့်အနေနဲ့ ရသေ့တောင်မဲဆန္ဒနယ်က ဒေါ်ခင်စောဝေရဲ့အဆိုမှာပါတဲ့ ပိုမိုကောင်းမွန်တဲ့အုပ်ချုပ်ရေးနှင့် လုံခြုံရေး အစီအမံတွေဆောင်ရွက်နိုင်မှုအပိုင်းကို ဆွေးနွေးတင်ပြပါ့မယ်။ လက်ရှိ နိုင်ငံတော်အစိုးရ ရခိုင်ပြည်နယ်အရေးကိစ္စကို စီမံဆောင်ရွက်နေတာဟာ ငြင်းပယ်စရာမရှိပါဘူး။ မြေပြင်မှာ အကြမ်း ဖက်လုယက်မှုနှင့် သတ်ဖြတ်မှုခံနေရတာကလည်း အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့် ဒါတွေကို မှန်ကန်စွာ သုံးသပ်ပြီး ကုစားဆောင်ရွက်ပေးဖို့ကသာ အဓိကဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ဟာ ဗြိတိသျှကိုလိုနီနယ်ချဲ့ရဲ့ ကျူးကျော်ရန်စမှုကို ၁၈၂၃-၁၈၂၄ ခုနှစ်လောက်က စပြီးတော့မှ ဦးစွာရင်ဆိုင်ခဲ့ရတဲ့ ပြည်နယ်၊ ဒေသဖြစ်ပါတယ်။ ဒီအခြေအနေကစတင်ပြီး အမှိုက်ကစ ပြဿဒ်မီးလောင်ကာ မြန်မာနိုင်ငံဟာ နယ်ချဲ့ကျူးကျော်စစ်ပွဲကို သုံးကြိမ်ရင်ဆိုင်ခဲ့ရပြီး အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးကာ တိုင်းတစ်ပါးရဲ့ ကျွန်ဘဝကို ရောက်ခဲ့ကြတယ်ဆိုတာ ကျွန်တော်တို့ မမေ့ကြဖို့လိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ချိန်က နိုင်ငံ့ခေါင်းဆောင်တပ်မတော်အကြီးအကဲတွေဟာ မြန်မာပြည်အနောက်တံခါးကိုလုံခြုံအောင် ကာကွယ်ရေးအမြင်နဲ့ တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့တွေချထားခဲ့သလို န.ဆ.က ခေါ်တဲ့ နယ်စပ်ဒေသ လူမှုစစ်ဆေးရေးကွပ်ကဲမှုဌာနချုပ်ကို ဖွဲ့စည်းပြီးတော့ ဘူးသီးတောင်မောင်တောကနေ စစ်တွေ၊ ပေါက်တောမြို့နယ်အထိ နယ်မြေ ၁၁ ခု၊ စခန်း ၃၂ ခုချထား ကာကွယ်ခဲ့တာပါ။ ဒါ့အပြင် လူကိုလူနဲ့ကာနိုင်ဖို့ ၁၉၉၁ ခုနှစ်ကနေပြီးတော့ ၂၀၁၁ ခုနှစ်အတွင်းမှာ ပြန့်ကြဲနေတဲ့တန်းလျားတွေကို စုစည်းရွာ ၂၀၊ နတလရွှေ့ပြောင်းကျေးရွာ ၁၉ ရွာ  စုစုပေါင်း ၃၉ ရွာ တည်ထောင်ပေးခဲ့ပါတယ်။ ဒီရွာနေမိသားစုတွေတစ်ဦးချင်းအတွက် အိမ်၊ ခြံ၊ လယ်၊ မြေ၊ ကျွဲ၊ နွား၊ လက်တွန်းလယ်ထွန်စက်၊ အပ်ချုပ်စက် ဒါတွေကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ရပါတယ်။

ဒါ့အပြင် နယ်စပ်ဒေသလုံခြုံရေးအတွက် ပိတ်ဆို့နေတဲ့ကြား၊ ဘဏ္ဍာရေးအခက်အခဲများကြားကနေ နယ်စပ်ခြံစည်းရိုးကာရံခြင်းကို တပ်မတော်က စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တစ်ဖက်ကလူဦးရေပေါက်ဖွားနှုန်းများပြားမြန်ဆန်တဲ့ ဘင်္ဂါလီလူမျိုးတွေကို လူဦးရေထိန်းသိမ်းဖို့၊ ခိုးဝင်၊ ခိုးထွက်ဘင်္ဂါလီတွေကို ဖော်ထုတ်အရေးယူနိုင်ဖို့ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ ဥပဒေများနှင့်အညီ ငြိမ်းချမ်းစွာနေထိုင်မှုအတွက်ကို န.ဆ.က ဟာဒေသအုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီးဒေသန္တရအမိန့်နဲ့ထုတ်ပြန်ဆောင်ရွက်ရပါတယ်။ အဓိကအားဖြင့် ဆွဲတင်စစ်ခေါ်တဲ့ ရပ်ကွက်၊ ကျေးရွာ မြေပုံရေးဆွဲခြင်း၊ အဆောက်အဦးတွေမှတ်တမ်းတင်ခြင်း၊ အိမ်ထောင်စုစာရင်းများ ပြုစုစစ်ဆေးခြင်း၊ မိသားစုတွေကို ဓာတ်ပုံရိုက်မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ထားရှိရတဲ့အတွက်အဲဒီအချိန်၊ အဲဒီကာလက ယခုလို အကြမ်းဖက်သတ်ဖြတ်မှုများမရှိဘဲ တည်ငြိမ်အေးချမ်းခဲ့ပါတယ်။

ဒီလုပ်ငန်းစဉ်တွေဟာ အပြောလွယ်သလောက်အလုပ်ခက်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့ ၁၉၉၂ ခုနှစ်က စတင်ဖွဲ့စည်းခဲ့တဲ့ န.ဆ.က ဟာ ဒီမိုကရေစီအစိုးရကူပြောင်းပြီးတဲ့နောက် ၂၀၁၃ ခုနှစ်မှာ ဖျက်သိမ်းခဲ့ရပြီး လက်ရှိနယ်ခြားစောင့်ရဲ့တပ်ဖွဲ့နှင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ မူလ တာဝန်ထမ်းဆောင်ခဲ့တဲ့ န.ဆ.ကရဲ့အဓိကတာဝန်တွေကို ကြည့်မယ်ဆိုရင် တရားမဝင်ခိုးဝင်၊

ခိုးထွက်တာကို အကောက်အခွန်မဲ့ပစ္စည်းတွေ ခိုးသွင်း၊ ခိုးထုတ်တာကိုကာကွယ်ဖို့၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းတွေဆောင်ရွက်ဖို့၊ နယ်စပ်သတင်းစုဆောင်းတင်ပြဖို့နဲ့ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးဆောင်ရွက်ဖို့ဖြစ်ပြီးတော့ အဓိကအားဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ နယ်စပ်ဒေသကာကွယ်ရေးနှင့် နယ်စပ်ဒေသထိန်းချုပ်ရေး တာဝန်တွေကို ဆောင်ရွက်ရတာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဧည့်စာရင်းတိုင်ကြား စစ်ဆေးတဲ့ကိစ္စတွေ မလုပ်နိုင်တော့သလို၊ နိုင်ငံတော်ကနှောင့်ယှက်ဖျက်ဆီးသူများရဲ့အန္တရာယ်မှ ကာကွယ်တားဆီးရေးဥပဒေဟာလည်း ရုပ်သိမ်းလိုက်ပြီဖြစ်ပါတယ်။ ဒါ့အပြင် အကြမ်းဖက်မည့် ပုဂ္ဂိုလ်တွေကို မသင်္ကာလို့ စုံစမ်းထောက်လှမ်းနိုင်ဖို့အတွက်လည်း ကန့်သတ်ချက်ဖြစ်တဲ့လူပုဂ္ဂိုလ် ဆိုင်ရာ လုံခြုံမှုနှင့်လွတ်လပ်မှုဥပဒေပြဋ္ဌာန်းလိုက်တဲ့အတွက် လူဆိုးလူကောင်းခွဲခြားပြီးတော့ အကြမ်းဖက်ရန်မှ ကြိုတင်ကာကွယ်နိုင်ဖို့ ခက်ခဲသွားပါတယ်။ ဒါကြောင့်လည်း လက်ရှိ ရခိုင်ပြည်နယ်မှာ အကြမ်းဖက်ပြီးမှသိခဲ့ရတဲ့ဖြစ်စဉ်တွေ ဖြစ်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေပြုရေးအခန်းကဏ္ဍက ဒါတွေကို ပြန်လည်သုံးသပ်ဖို့လိုအပ်ကြောင်းလည်း တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့အထိ နိုင်ငံတော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၁ အရ ဖွဲ့စည်းထားတဲ့ ကာလုံလို့ခေါ်တဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရဲ့အခန်းကဏ္ဍကို မတွေ့ရှိရသေးပါဘူး။ ပြီးခဲ့တဲ့ ငါးနှစ်တာကာလအတွင်းမှာတော့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးတွေကို အကြိမ် ၂၀၀ လောက်အထိ တွေ့ဆုံညှိနှိုင်း ဆောင်ရွက်ခဲ့ကြတယ်လို့ သိရပါတယ်။ ဒီနေ့ ရခိုင်ပြည်နယ်(မြောက်ပိုင်း)မှာဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်တွေဟာ ဘင်္ဂါလီအကြမ်းဖက်သမားတွေကို Proxy War လိုထားပြီးတော့ ခေတ်သစ်ကိုလိုနီနယ်ချဲ့ဖို့ ဖန်တီးနေသလားလို့ အလေးထားစဉ်စားဖို့ လိုအပ်နေပြီဖြစ်ပါတယ်။ ကိုယ့်နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးလာနိုင်တဲ့ကိစ္စမျိုးမှာ အစိုးရ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တပ်မတော်အကြီးအကဲတွေပါဝင်တဲ့ ကာလုံခေါ်တဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက မဖြစ်မနေတွေ့ဆုံညှိနှိုင်းအဖြေရှာဖို့ လိုအပ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အားဖြင့် အဆိုရှင်ရဲ့တိုက်တွန်းချက်မှာပါဝင်တဲ့ ပိုမိုကောင်းမွန်တဲ့အုပ်ချုပ်ရေး၊ လုံခြုံရေး ဒီအစီအမံတွေဖြစ်ပေါ်ဖို့ဆိုရင် ယခင်က န.ဆ.က လို အဖွဲ့အစည်းမျိုးကို ဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းပြီး နယ်စပ်ဒေသကိုလုံခြုံအောင်ကာကွယ်ရန်၊ နယ်စပ်ဒေသခြံစည်းရိုးကို ပြီးစီးအောင်ကာကွယ်ပြီး လုံလောက်တဲ့အစီအမံနဲ့ ထိန်းချုပ်ကာကွယ်ရန်၊ ၁၉၈၂ ခုနှစ်၊ နိုင်ငံသားဥပဒေနှင့်အညီ စိစစ်မှုကို အမြန်ဆုံးအကောင်အထည်ဖော်ရန်၊ ရခိုင်ပြည်နယ်

အတွင်း တရားဥပဒေစိုးမိုးရေးကို ထိထိရောက်ရောက်ဆောင်ရွက်ရန်နှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံမှ ဖြည့်ဆည်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း တိုက်တွန်းရင်း ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေရဲ့အဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းအေး ဆွေးနွေးတဲ့အထဲမှာ နောက်ဆုံး ကိုယ်နဲ့မဆိုင်တဲ့ကိစ္စကို ပြန်ပြီးတော့ ရုပ်သိမ်းပေးပါ။ ပြန်ပြီးပယ်ဖျက်ပေးပါ။ ဒါက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေါ်တာ သမ္မတရဲ့လုပ်ပိုင်ခွင့်။ လွှတ်တော်လုပ်ပိုင်ခွင့်မဟုတ်ဘူး။ အဆိုကိုဆွေးနွေးထောက်ခံတာ လက်ခံတယ်။ ဆွေးနွေး။ ဒါပေမဲ့ ဒါကိုခေါ်ဖို့ တိုက်တွန်းတယ်ဆိုတာ ကျွန်တော်တို့ လွှတ်တော်က ဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းမထားဘူး။ သမ္မတရဲ့ကိစ္စ။ ဒါကြောင့်မို့လို့ ဒီအပိုဒ်ကိုတော့ ပြန်ရုပ်သိမ်းပေးပါ။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ----------- ။

**ဥက္ကဋ္ဌ**။ ။ ဒီမှာ ကျွန်တော်တို့အဆိုနှင့်ပတ်သပ်တာပဲ တိုက်ရိုက်ကိစ္စပဲဆွေးနွေးရမယ်။ ကျန်တဲ့ဟာ မဆိုင်တာမဆွေးနွေးရဘူး။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ----------- ။

**ဥက္ကဋ္ဌ**။ ။ အဲဒါဆိုရင် ဒီမှာ အဲဒီလိုပြောတာနဲ့ အခုနကလို ခေါ်ဖို့တိုက်တွန်းတာနဲ့ မတူဘူး။

**ဦးသောင်းအေး(ပျော်ဘွယ်မဲဆန္ဒနယ်)**။ ။ ----------- ။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ပြောမယ်။ နည်းဥပဒေနှင့်မညီ ရုပ်မလား/မရုပ်ဘူးလား။ ဒါပဲ။ မရုပ်နိုင်ရင် ကျွန်တော်တို့ ဒီဟာကို လွှတ်တော်မှတ်တမ်းကနေ ပယ်ဖျက်ပေးပါ။ လွှတ်တော်က ဆုံးဖြတ်တယ်။

## ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ တင်သွင်းခဲ့တဲ့အဆိုအပေါ် ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဟာ နယ်စပ်နယ်နိမိတ် ၁၆၈.၅၇ မိုင်ထိစပ်လျက်ရှိပြီး ဘင်္ဂလားပင်လယ်အော် နတ်မြစ်ဝမှ မြောက်ဘက်မြစ်ဖျားအထိ ၃၉.၈၂ မိုင်နှင့် နတ်မြစ်ဖျားမှအစပြုကာ ချောင်းများ၊ တောင်ထိပ်များ၊ ကုန်းပိုင်းတစ်လျှောက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်မှတ်တိုင် PP -31 မှ မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယ သုံးနိုင်ငံဆုံတဲ့မှတ်တိုင် PP -73 အထိ ၁၂၈.၇၅ မိုင် ထိစပ်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား နယ်စပ်ဒေသများမှာနေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားများနှင့် ဘင်္ဂါလီလူမျိုးများအကြား ဖြစ်ပွားတဲ့ပဋိပက္ခများကိုဖြေရှင်းနိုင်ရန် ရခိုင်ပြည်နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးကိုဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ဟာ ရခိုင်ပြည်နယ်ဆိုင်ရာကော်မတီအား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်ရဲ့အုပ်ချုပ်ရေးကဏ္ဍမှာ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်တဲ့ခရိုင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီများကိုလည်းကောင်း၊ မြို့နယ်များမှာ မြို့နယ်အုပ်ချုပ်ရေးမှူးဥက္ကဋ္ဌ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများပါဝင်တဲ့ မြို့နယ်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီကို ဖွဲ့စည်းပြီး မိမိတို့မြို့နယ်အတွင်း လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ရပ်ကွက်၊ ကျေးရွာအုပ်စုအဆင့်မှာ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် အစ္စလာမ်ဘာသာဝင်များနေထိုင်သော ရပ်ကွက်၊ ကျေးရွာအုပ်စုများမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုတာဝန်ခံ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုစာရေး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများပါဝင်တဲ့ အုပ်ချုပ်ရေးအဖွဲ့များ၊ ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အုပ်ချုပ်ရေးယန္တရားကောင်းမွန်စွာလည်ပတ်နိုင်ရေးလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ စဉ်ဆက်မပြတ်သွားရောက်ပြီးတော့

ဒေသလုံခြုံရေးနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသခံပြည်သူများ အတွက် လိုအပ်တဲ့စားနပ်ရိက္ခာများ၊ လယ်ယာသုံးစက်ကိရိယာများ၊ ငွေကြေးများအပါအဝင်၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ ကူညီထောက်ပံ့ပေးခြင်း၊ ကျေးရွာလမ်း၊ တံတားနှင့် စာသင်ကျောင်းများ ဆောက်လုပ်ပေးခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နိုင် ရေးအတွက် စိုက်ပျိုးစရိတ်များ အချိန်မီထုတ်ပေးခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိရေး အတွက် အမျိုးသမီးအိမ်တွင်းမှု အသက်မွေးပညာသင်တန်းကျောင်းမှာ အခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်း၊ ဝေးလံခေါင်ဖျား ကျေးရွာများမှာ တာဝန်ထမ်းဆောင်တဲ့ ဆရာဆရာမများအတွက် လုံခြုံစိတ်ချစွာသွားလာနိုင်ရေးနှင့် နေရာ ထိုင်ခင်းစီစဉ်ဆောင်ရွက်ပေးခြင်း တို့အပြင် ဝန်ကြီးဌာနအသီးသီးမှ မိမိတို့နှင့်သက်ဆိုင်တဲ့လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။

တပ်မတော် နယ်မြေခံဆေးတပ်ရင်းများမှလည်း ကျေးရွာအရောက်ကွင်းဆင်း၍ ဒေသခံ ပြည်သူများကို နယ်လှည့်ဆေးကုသမှု စတဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ဆောင်ရွက်ပေး လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ လျှပ်စစ်ဓာတ်အားမရရှိသေးတဲ့မြို့ရွာများကို နိုင်ငံတော် လျှပ်စစ်ဓာတ်အားပေးစနစ်မှ ရယူဖြန့်ဖြူးပေးနိုင်ရန်အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန က ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ရခိုင် ပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ရေရှည်အစီအမံများ ချမှတ် ဆောင်ရွက်ပေးနေသကဲ့သို့ ဒေသအတွင်းလက်ရှိအခြေအနေများအရ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးလုပ်ငန်းစဉ်များကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် စစ်တွေခရိုင်မှာနဲ့ မောင်တော ခရိုင်အတွင်းမှာရှိတဲ့ ဆက်စပ်တဲ့လမ်း၊ တံတားနှင့် မေယုတောင်ကြော အရှေ့၊ အနောက်ဆက်သွယ်တဲ့ တောင်ကျော်လမ်းများ၊ လမ်းကွန်ရက်များကိုလည်း ဦးစားပေးလုပ်ဆောင်လျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်ရေးယန္တရားကောင်းမွန်စွာလည်ပတ်နိုင်ရန် ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် ရေတိုရေရှည်အစီအမံများဖြင့် ဖြေရှင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ် အနောက်ဘက် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ဆက်စပ်နေတဲ့ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များကို တစ်ဖက်နိုင်ငံမှ အစ္စလာမ်ဘာသာဝင်များ၊ တရားမဝင်ဝင်ရောက်လာမှု မရှိစေရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်

အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ကို ဖွဲ့စည်းပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနတို့ဖြင့် ပူးပေါင်းဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။

အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဟာ နယ်စပ်ဒေသမှာ တရားမဝင် ဝင်ထွက်မှုများကို ကာကွယ်တားဆီးရေး၊ အကောက်ခွန်မဲ့ပစ္စည်းများ နယ်စပ်ဖြတ်ကျော် တရားမဝင်တင်ပို့၊ တင်သွင်းခြင်း မပြုစေရေးနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အမှတ်(၁)နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့ တာဝန်ယူရတဲ့နယ်မြေမှာ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ပါဝင်ပြီး အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့၏ ကွပ်ကဲမှုအောက်မှာ ဒေသ ၄ ခု၊ နယ်မြေ ၁၁ ခု သတ်မှတ်ထားပြီး နယ်မြေရုံး ၁၁ ရုံး၊ နယ်မြေရဲစခန်း ၁၂ ခု၊ ကင်းစခန်း ၉၅ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ နယ်စပ်ခြံစည်းရိုးကင်းစခန်း ၁၂ ခု စုစုပေါင်း ၁၅၇ နေရာကို နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်မှာရှိတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၄ ခုမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ဟာ နယ်မြေရုံး ၁၁ ရုံး၊ နယ်မြေရဲစခန်း ၁၂ ခု၊ ကင်းစခန်း ၁၂၉ ခု၊ ချောင်းဝကင်းစခန်း ၂၇ ခု၊ နယ်စပ်ခြံစည်းရိုးကင်းစခန်း ၁၂ ခု စုစုပေါင်း ၁၉၁ နေရာကို နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အောက်မှာရှိတဲ့ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ လေးခုအပြင် အမှတ်(၈)၊ အမှတ်(၁၂)နှင့် အမှတ်(၂၅) လုံခြုံရေးတပ်ဖွဲ့ခွဲတွေကို ထပ်မံအင်အားဖြည့်တင်းပြီး တပ်မတော်နှင့်ပူးပေါင်းပြီး နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့အနေနဲ့လည်း မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ ရသေ့တောင်မြို့နယ်များမှာရှိတဲ့ ရုံး၊ ရဲစခန်းများမှာ အင်အားထပ်မံဖြည့်တင်းပေးခဲ့ပါတယ်။ မောင်တောဒေသမှာဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်ဖြစ်စဉ်၊ ဆက်စပ်ဖြစ်စဉ်များနှင့်ပတ်သက်၍ ၉-၁၀-၂၀၁၆ ရက်နေ့မှ ၁၆-၈-၂၀၁၇ အထိ စုစုပေါင်း ၄၆၆ မှု ဖမ်းဆီးအရေးယူခဲ့ပြီး တရားရုံးစစ်ဆေးမှု ၁၁၆ မှု၊ တရားရုံးစစ်ဆေးဆဲ ၁၄၇ မှု၊ ရဲစစ်ဆေးဆဲ ၁၈၀ မှုနှင့် ပိတ်သိမ်းမှု ၂၃ မှုတို့ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုများကိုထိန်းချုပ်နိုင်ဖို့အတွက် တပ်မတော်နဲ့ပူးပေါင်း၍ နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်ခဲ့တဲ့အပြင် နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးယန္တရားများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် တပ်မတော်နှင့် အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှု အဖွဲ့လက်အောက်ခံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ နယ်မြေရှင်းလင်း

ဆောင်ရွက်လျက်ရှိပြီး နတ်မြစ်ကြောင်းလုံခြုံရေးအတွက် ပင်လယ်ပြင်လှည့်ကင်းနဲ့ လုံခြုံရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသအတွင်းမှာရှိတဲ့ တိုင်းရင်းသားကျေးရွာများနှင့် အစွန်အဖျား ကျေးရွာများမှာ အကြမ်းဖက်တိုက်ခိုက်မှုများမခံရစေရေးအတွက် ရွာအနီးပတ်ဝန်းကျင်မှာ လုံခြုံရေး တပ်ဖွဲ့ဝင်များဖြန့်ခွဲထားပြီး ချေမှုန်းရေးလက်နက်၊ ပစ်ကူလက်နက်၊ အဓိကရုဏ်းလက်နက်များ မျှတစွာခွဲဝေထားတဲ့အပြင် စခန်းတစ်ခုနှင့်တစ်ခု စစ်ကူ၊ ပစ်ကူအပြန်အလှန်ပေးနိုင်ရေး စီမံ ဆောင်ရွက်ထားပြီး အကြမ်းဖက်သမားများ၏သတင်းရရှိမှုအပေါ် မူတည်၍ နယ်မြေရှင်းလင်း ဆောင်ရွက်ရာမှာ နီးစပ်ရာတိုင်းရင်းသားကျေးရွာများသို့ ဝင်ရောက်ခိုအောင်းနိုင်မှုမရှိစေရေး ကြိုတင်စီမံဆောင်ရွက်လျက်ရှိပါတယ်။ အကြမ်းဖက်အဖွဲ့များ မသင်္ကာဖွယ်ရာအခြေအနေတွေ့ရှိပါက ကြိုတင်လက်ဦးမှုရယူကာ အသင့်ပစ်ခတ်ရှင်းလင်းရေး၊ တိုင်းရင်းသားကျေးရွာများ အကြမ်းဖက်မှု မခံရစေရေးတို့အတွက် လုံခြုံရေးရဲကင်းများ ချထားလျက်ရှိသော်လည်း အချို့ရဲကင်းမရှိတဲ့ကျေးရွာ များမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ စဉ်ဆက်မပြတ်သွားရောက်၍ အလှည့်ကျစနစ်ဖြင့် လှည့်ကင်း၊ဝပ်ကင်း များ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒေသခံတိုင်းရင်းသားများ ဘဝလုံခြုံမှုရှိစေရေးအတွက် လုံလောက်သောအင်အားဖြင့် လုံခြုံရေး ဆောင်ရွက်ခြင်း၊ သတင်းပေးတိုင်တန်းချက်များ ရှိလာပါကလည်း တာဝန်ကျေသဘောမျိုး မဟုတ်ဘဲ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား၍ ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက် ပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်မှာ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက် ပေးလျက်ရှိသော်လည်း မောင်တောခရိုင်အတွင်း နိုင်ငံတော်အစိုးရအနေနဲ့ တည်ဆဲဥပဒေ၊ စည်းမျဉ်း စည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးသည်ကို အခွင့်ကောင်းယူကာ အစွန်းရောက်အကြမ်းဖက်များက အကြမ်းဖက်လုပ်ရပ်များကို ပိုမိုလုပ်ဆောင်လာသည့်အတွက် ဥပဒေနှင့်အညီ ထိထိရောက်ရောက် နှိမ်နင်းသွားမှာဖြစ်ပါတယ်။ အပြစ်မဲ့အရပ်သားများကို ကာကွယ်ပေးနိုင်ရေးအတွက် လုံခြုံရေးတိုးမြှင့် ဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် အစွန်းရောက်အကြမ်းဖက်သမားများနှင့် အားပေးကူညီသူများ ကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒေသအတွင်း တိုးမြှင့်လာတဲ့ အကြမ်းဖက်ဖြစ်စဉ်များ ရပ်တန့်ချုပ်ငြိမ်းစေရေး၊ လုံခြုံငြိမ်းချမ်းရေးအတွက် တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့များနှင့်အတူ ပူးပေါင်း၍ နယ်မြေရှင်းလင်းလျက်ရှိပါကြောင်း ၁၁-၈-၂၀၁၇ ရက်နေ့မှာ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ကြေညာခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ် နယ်စပ်ဒေသလုံခြုံရေး၊ အချုပ်အခြာ

အာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ်အစိုးရတို့မှ လိုအပ်သည့် ကော်မတီများ၊ အဖွဲ့များ ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖနှင့် ရပ်မိရပ်ဖ၊ လူမှုအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများပူးပေါင်းပါဝင်ပြီး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိတဲ့အတွက် ဒေသအတွင်း ပိုမိုကောင်းမွန်တဲ့ အုပ်ချုပ်ရေး၊ လုံခြုံရေးအစီအမံများချမှတ်ကာ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယခုလို ကျွန်မတင်သွင်းတဲ့အဆိုကို ဒီမိုကရေစီနည်းလမ်းကျကျ၊ အမြင်အမျိုးမျိုးနဲ့ ဆွေးနွေးသွားခဲ့ကြပါတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအပြင် ယခုလိုလာရောက်ပြီး ကျယ်ကျယ်ပြန့်ပြန့်ရှင်းပြသွားပါတဲ့ ပြည်ထဲရေးဝန်ကြီးကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီအဆိုကို ကျွန်မတင်ရတဲ့ရည်ရွယ်ချက်က ဘာသာရေး၊ လူမျိုးရေးကိုအကြောင်းပြုပြီးတော့ တိုက်ခိုက်လိုတဲ့အတွက် တင်သွင်းခြင်းမဟုတ်ပါဘူး။ ယခုအကြမ်းဖက်တဲ့ဖြစ်စဉ်များမှာ ကျွန်မတို့ ဒေသခံတိုင်းရင်းသားများအပြင် အစိုးရနှင့်ဆက်နွှယ်နေတဲ့ အရပ်သားဘင်္ဂါလီလူမျိုးများကို လည်လှီးသတ်ဖြတ်မှုနှင့် လူမဆန်စွာ သတ်ဖြတ်မှုတွေကို ပြုလုပ်ခဲ့တဲ့အတွက် ချုပ်ငြိမ်းသွားစေချင်တဲ့ဆန္ဒနဲ့ တင်သွင်းခဲ့ခြင်းဖြစ်တယ်လို့ ကျွန်မအနေနဲ့ ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်တဲ့၊ တာဝန်ယူခဲ့တဲ့ ရခိုင်ပြည်နယ် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ ဒီအတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်မိပါတယ်။ လုပ်ဆောင်ချက်များကိုလည်း အသိအမှတ်ပြု ကြိုဆိုပါတယ်ရှင်။ ဒီကော်မတီတွေ ဖွဲ့စည်းပြီးတဲ့နောက်မှာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ မောင်တော၊ ရသေ့တောင် နယ်ခြားစောင့်တပ်(ဌာနချုပ်)အပါအဝင် ကင်းစခန်းသုံးခုကို ဘင်္ဂါလီလူမျိုးအကြမ်းဖက်များက တစ်ပြိုင်နက်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့အတွက် အရာရှိတစ်ဦး၊ ရဲတပ်ဖွဲ့ဝင်ခုနစ်ဦးနဲ့ လက်နက်အမြောက်အမြားဆုံးရှုံးခဲ့ကြရပါတယ်။ ဒီလိုဖြစ်စဉ်များအပေါ်မှာ အခုအစိုးရနှင့်ဆက်နွှယ်နေသူများ၊ ဒေသခံတိုင်းရင်းသားများ၊ ဘင်္ဂါလီတွေပါတဲ့ လူတွေ ၅၀ ကျော်

ကို လူမဆန်စွာသတ်ဖြတ်မှုများ ပေါ်ပေါက်ခဲ့ပါတယ်။ အရပ်သား ၂၀ ကိုလည်း ဖမ်းဆီးခေါ်ဆောင်မှုများရှိခဲ့တယ်လို့ သတင်းဖော်ပြချက်တွေမှာလည်း တွေ့ရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒါကြောင့် ဒီကော်မတီအပါအဝင် နိုင်ငံတော်အစိုးရကလည်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အသက်အိုးအိမ်လုံခြုံရေးတို့ကို စနစ်တကျပိုမိုထိရောက်စွာဖြင့် အစီအမံများ ချမှတ်ဆောင်ရွက်ပေးစေပါရန် တိုက်တွန်းလိုပါတယ်။ ပြည်သူများရဲ့ အသက်အိုးအိမ်လုံခြုံမှုရှိအောင် ဒေသခံတိုင်းရင်းသားများ စားဝတ်နေရေးအဆင်ပြေအောင် ကာကွယ်စောင့်ရှောက်ပေးရမှာက လက်ရှိအစိုးရရဲ့တာဝန်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင်။ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လုံခြုံရေးတိုးမြှင့်ပေးထားတဲ့အချိန်အတွင်းမှာတော့ တည်ငြိမ်မှုရှိကောင်းရှိပါလိမ့်မယ်။ ဒီလိုတိုးမြှင့်ထားတဲ့အချိန်အတွင်းမှာပဲ ဒီလ ၂၂ ရက်နေ့မှာ မောင်တောမြို့နယ် ကျေးရွာက အုပ်ချုပ်ရေးမှူးတစ်ဦးကို အကြမ်းဖက်ဘင်္ဂါလီသမား၂၅ ဦးက မျက်နှာကို အဝတ်အမည်းတပ်ပြီးတော့ လည်လှီးသတ်ဖြတ်မှုရှိခဲ့ပါတယ်။ အဲဒါကို ရဲတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းခဲ့တယ်။ သေနတ်များ ၂၁ ချက်ဖောက်ခဲ့တာကိုလည်း ကျွန်မတို့ကြားသိနေရပါတယ်။ နောက် ၂၃ ရက်နေ့မှာလည်း ဘင်္ဂါလီအုပ်ချုပ်ရေးမှူးတစ်ဦးကို လူမဆန်စွာသတ်ဖြတ်ခြင်းများကိုလည်း သတင်းအရ သိရှိခဲ့ရပါတယ်။ ဒါကြောင့် ဒီဒေသတွေမှာ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ရေးအတွက် လုံခြုံရေးအင်အားများ လုံလောက်စွာချထားပေးရန် လိုအပ်နေသေးကြောင်းကိုလည်း တင်ပြလိုပါတယ်ရှင်။ ဒီအဆိုကို အတည်ပြုလိုက်ခြင်းအားဖြင့် လုံခြုံရေးလုပ်ဆောင်နေသူများကိုလည်း စိတ်ဓာတ်ရေးရာအရ စိတ်ခွန်အားကို တွန်းအားပေးသလိုဖြစ်စေပြီးတော့ နိုင်ငံတော်အစိုးရဘက်မှလည်း ကူညီထောက်ပံ့မှုများကို ပိုမိုလုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ၎င်းဒေသအတွင်းနေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားများကလည်း စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာခွန်အားများကို ဖြစ်စေနိုင်ပါတယ်။ ဒီဖြစ်စဉ်အကြမ်းဖက်များသည် ရခိုင်အရေးတစ်ခုတည်းမဟုတ်ဘဲ တစ်မျိုးသားလုံးအရေး၊ ပြည်ထောင်စုအရေးဖြစ်နေတာကိုလည်း သတိပြုစေလိုပါတယ်။ လုံခြုံရေးစီမံချက်ဆောင်ရွက်ချက်များကို အမြဲမပြတ်ဆောင်ရွက်နေရမှာဖြစ်တဲ့အတွက် ကျွန်မတင်သွင်းတဲ့အဆိုကို အတည်ပြုပေးဖို့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်ကတင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၂၄ ဦးကဆွေးနွေးပြီး ပြည်ထဲရေးဝန်ကြီးဌာနက

အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပါတယ်။ အဆိုရှင်ကလည်း အတည်ပြုပေးရန် ရှင်းလင်းဆွေးနွေးပြောကြားသွားတာ ရှိပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြုတဲ့ ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အပေါ် မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် အဆိုရှင်ရဲ့အတည်ပြုရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ပြည်ထဲရေးဝန်ကြီးဌာနရဲ့မှတ်တမ်းတင်ရန် တင်ပြချက်က အတည်ဖြစ်ပါမယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၁၅၀ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၃၂ မဲ၊ ကြားနေဆန္ဒမဲပေါင်း ၆ မဲ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဒေါ်ခင်စောဝေ တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၅၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၁)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၈ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၃၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။


ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀)ရက်မြောက်နေ့ကို ၁၂း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။

**မူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၅၀) ရက်မြောက်နေ့ (၂၄.၈.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



ဦးစိန်ဗိုလ်
(မြဝတီ မဲဆန္ဒနယ်)



ဦးအုန်းခင်
(ပုလော မဲဆန္ဒနယ်)



ဒေါက်တာခင်မောင်မောင်
[ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်]



ဦးဘိုဘိုဦး
(စမ်းချောင်း မဲဆန္ဒနယ်)



ဦးကျော်မင်း
(လက်ပံတန်း မဲဆန္ဒနယ်)



ဦးမြင့်လွင်
(တွံတေး မဲဆန္ဒနယ်)



ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး)
အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်
ပြည်သူ့အင်အားဝန်ကြီးဌာန



ဦးကျော်လင်း (ဒုတိယဝန်ကြီး)
ဆောက်လုပ်ရေးဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွှက်